www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

မိဿာမြူးလိုက်ရှ

ပထမပိုင်း




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

ဖိစ္စာမြူးလိုက်ဂူ

( ပထမပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ကျားပောင်းပုံပြင်

တိဘက်ဒေသ ...။

တိဘက်ဒေသသည် အလွန်ထူးခြားသောဒေသ ဖြစ်သကဲ့သို့ တိဘက်တို့၏ အယူဝါဒများသည်လည်း ထူးခြားဆန်းပြားသော ရှုပ်ထွေးပွေလီလှသည့် သဘာဝနယ်လွန်ဖြစ်ရပ်ဆန်းများနှင့် ပတ်သက်နေသောဒေသလည်းဖြစ်သည်။

တိဘက်တို့၏ ဝိညာဉ်ခွန်အားအပေါ် ယုံကြည်မှု လူဝင်စားအယူအဆနှင့် အခြားလောကီပညာရပ်များက အံ့ဘနန်း ဖြစ်လေသည်။

တစ်ချိန်တွင် တိဘက်ခေါင်းဆောင်သည် အသက်အရွယ်ကြီးရင့်လာသည့်အလျောက် သူ၏အရိုက်အရာဆက်ခံမည့် လူဝင်စားတစ်ယောက်ကို ရှာဖွေရန် အားထားရသော တိဘက်ပညာရှိလက်ရုံးများကို အရပ်ရှစ်မျက်နှာသို့ စေလွှတ်ခဲ့လေသည်။

ပညာရှိလက်ရုံးရှစ်ယောက်အနက် ပညာရှိ ကျင်းဟာခုံးဆိုသူသည် လောကီပညာ ဝိညာဉ်စွမ်းအားပညာရပ်များတွင် အလွန်ကျွမ်းကျင်တတ်မြောက်သူဖြစ်လေသည်။

လူဝင်စားရှာဖွေခဲ့ကြသော ပညာရှိများအနက် ခုနစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ တိဘက်သို့ ပြန်ရောက်လာခဲ့ကြသော်လည်း ပညာရှိကျင်းဟာခုံးက ပြန်ရောက်မလာဘဲ ပျောက်ဆုံးသွားလေသည်။

ပညာရှိ ကျင်းဟာခုံးနှင့်အတူ အစွမ်းထက်ပြီး ထူးဆန်းလှသော ပညာရပ်များလည်း ပျောက်ကွယ်သွားခဲ့လေတော့သည်။

✦

ပညာရှိကျင်းဟာခုံး ပျောက်ဆုံးသွားသောကိစ္စနှင့်ပတ်သက်ပြီး တိဘက်ဒေသ၌ အမျိုးမျိုးထင်ကြေးပေး ပြောဆိုခဲ့ကြလေသည်။

ပညာရှိကျင်းဟာခုံးသည် တာဝန်အတိုင်း ခရီးထွက်သွားရင်း တောတောင်များ၌ အဖျားဝေဒနာစွဲကပ်ကာ သေဆုံးသွားသည်ဟုလည်းကောင်း၊ လူဆိုးများက ဖမ်းဆီးပြီး ပညာရှိ ကျင်းဟာခုံး၏ ပညာရပ်များကို အဓမ္မရယူပြီး မကောင်းမှုများ ပြုလုပ်နေကြောင်း၊ ပညာရှိ ကျင်းဟာခုံးကိုယ်တိုင်က စိတ်ထားပြောင်းလဲကာ လူဆိုးတစ်ယောက် ဖြစ်သွားကြောင်း၊ ပညာရှိကျင်းဟာခုံး သေဆုံးသွားပြီးသူ၏ ဝိညာဉ်က ဆက်လက်ရှင်သန်နေကာ လိုဏ်ဂူကြီးတစ်ခု၌ ခိုမှီတွယ်ကပ်နေကြောင်း စသည် စသည်ဖြင့် ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည် အပထား၊ စိတ်ထဲထင်ရာ ဝေဖန်ပြောဆိုခဲ့ကြလေသည်။

✦



တောတောင်ထဲ၌ အလွန်ကြီးမားသော လိုဏ်ဂူကြီးတစ်ခုရှိသည်

ထိုလိုဏ်ဂူကြီးထဲ၌ သေဆုံးသွားပြီးသော ပညာရှိ ကျင်းဟာခုံး၏ ဝိညာဉ်ဟာ ခိုအောင်းနေထိုင်လျက် ရှိသည်။

ကျင်းဟာခုံး၏ဝိညာဉ်သည် ကျင်းဟာခုံး၏ စွယ်စုံပညာရပ်များ ရှိနေပြီး အများသူငါကို ဖမ်းဆီးကာ ဝိညာဉ်ထုတ်ယူပြီး ထိုဝိညာဉ်များဖြင့် လောကကြီးတစ်ခုလုံးအား လွှမ်းမိုးကာ ဝိညာဉ်ကမ္ဘာ ထူထောင်ရန် ကြိုးစားနေသည်။

ထိုထိုသော အကြောင်းအရာများသည် ရှေးဟောင်းပုံပြင်တစ်ပုဒ်ဖြစ်လာပြီး ယနေ့တိုင် လူအများပြောဆိုနေကြသော ပုံပြင်တစ်ပုဒ်လည်း ဖြစ်လေသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## သိုင်းလောက

သိုင်းလောက …။

သိုင်းလောကသည် အလွန်ရှုပ်ထွေးပွေလီလှသော လောကတစ်ခု ဖြစ်လေသည်။ မာနချင်း ပြိုင်ကြသည်၊ သိုင်းပညာချင်း ပြိုင်ကြသည်။

တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်ရန်၊ သွေးထွက်သံယိုတိုက်ပွဲများ၊ ရန်ငြိုးများဖြင့် ပြည့်နှက်နေသော လောကသည် သိုင်းလောက ဖြစ်လေသည်။

သို့ဖြင့် သိုင်းလောကသည် အချိန်တိုင်း၌ ရှုပ်ထွေးပွေလီနေလေတော့သည်။

✦

ရှုပ်ထွေးပွေလီနေသော သိုင်းလောက၌ ထူးခြားသော သတင်းတစ်ပုဒ် ထွက်ပေါ်လာလေသည်။ တောနက်ကြီးများကို ဖြတ်ကျော်လိုက်လျှင် အလွန်မြင့်မားသော တောင်ကြီးတစ်လုံးကို တွေ့ရ





မည်ဖြစ်ကြောင်း၊ ထိုတောင်ကြီးအောက်ဘက်၌ လိုဏ်ဂူကြီးတစ်ခုရှိကြောင်း၊ ထိုလိုဏ်ဂူကြီးအတွင်း၌ အဖိုးတန်ရွှေငွေရတနာများ ထောင်ပုံရာပုံရှိကြောင်း၊ ပြိုင်ဘက်ကင်းသောသိုင်းကျမ်းများလည်း ရှိကြောင်း ထိုလိုဏ်ဂူကြီးသို့အရောက်သွားနိုင်မည်ဆိုပါက တစ်သက်သုံးစွဲမကုန်နိုင်အောင် ရွှေငွေရတနာများရရှိမည့်အပြင် သိုင်းလောကတစ်ခုလုံးအား လွှမ်းမိုးနိုင်မည့် သိုင်းပညာများလည်း ရရှိမည်ဖြစ်ကြောင်း စသည်စသည်ဖြင့် လူးဆန်းမှုများ ပြည့်နှက်နေသော သတင်းဖြစ်လေသည်။

ထိုသတင်းနှင့်အတူ ရတနာများရှိသော လိုဏ်ဂူကြီးသို့ အရောက်သွားရန် စိတ်ကူးသူများပေါ်ပေါက်လာလေသည်။

ရတနာလိုဏ်ဂူကြီးအကြောင်းက လူတိုင်းပါးစပ်ဖျား၌ ရေပန်းစားကာ တစ်စ ထက်တစ်စ သတင်းကြီးလာတော့သည်။

ရတနာလိုဏ်ဂူကြီးနှင့် ပတ်သက်ပြီး နောက်ပိုင်းတွင် ထိတ်လန့်ချောက်ချားဖွယ် သတင်းများ ပါဝင်လာပြီး ရတနာလိုဏ်ဂူကြီးသည် မိစ္ဆာမြူးလိုဏ်ဂူ ဖြစ်လာတော့သည်။

✦

မိစ္ဆာမြူးလိုဏ်ဂူ …။

မိစ္ဆာမြူးလိုဏ်ဂူထဲ၌ ရွှေငွေကျောက်သံ ပတ္တမြားများနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဖိုးမဖြတ်နိုင်သော သိုင်းကျမ်းတစ်ဆူ ရှိနေသည်။

ထိုပစ္စည်းများ၏ပိုင်ရှင်မှာ တိဘက်ပညာရှိကြီး ကျင်းဟာခုံး ဖြစ်သည်။

ကျင်းဟာခုံးသေဆုံးသွားပြီး သူ၏ဝိညာဉ်က ထိုရတနာ ပစ္စည်းများနှင့် သိုင်းကျမ်းကို စောင့်ရှောက်လျက် ရှိသည်။

မိစ္ဆာမြို့လိုဏ်ဂူသည် တကယ်ရှိနေပြီး အရောက်သွားနိုင် သော၊ လမ်းညွှန်ပေးထားသော မြေပုံတစ်ခုနှင့် မိစ္ဆာမြို့လိုဏ်ဂူ တံခါးကိုဖွင့်ဖို့ သော့ တံ စသည့်ပစ္စည်းနှစ်မျိုးက သိုင်းလောကထဲ ရောက်ရှိလာလေသည်။

ဤတွင် ...

✦✦✦



## အစပျိုးခြင်း

'ခွပ် ခွပ် ခွပ် ခွပ်' ... 'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်နေသည်။ မြင်းစီး သမားနှစ်ယောက်သည် တောလမ်းအတိုင်း ဒုန်းစိုင်းနှင်လာကြပြီး တောအုပ်ထဲ၌ ရှိနေသော သစ်လုံးပေါက်ကာလေးတစ်လုံးကို တွေ့ လိုက်ရလျှင် ဝမ်းသာအားရ ဖြစ်သွားကြလေသည်။

တစ်ယောက်က ...

"နောင်ကြီး တိယင်းဘက် ကျုပ်ပြောတဲ့ မုန့်ရှီဆိုတဲ့မုဆိုး နေထိုင်တာ သည်အိမ်ကလေးပေါ့"

တိယင်းဘက်ဆိုသူသည် အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါး၌ဓားတစ်လက်ချိတ်ဆွဲထားလေသည်။

ယောကျ်ားပီသသော ဥပမိရုပ်ရှိကာ ထိပ်တန်းသိုင်းသမား တစ်ယောက်ဖြစ်ကြောင်းလည်း ပေါ်လွင်ထင်ရှားနေသည်။

တိယင်းဘက်က ...

"ဝမ့်ကျူး ... ခင်ဗျားပြောတဲ့ မုဆိုးမုန့်ရှီဟာ မိစ္ဆာမြို့လိုဏ်ဂူ အကြောင်းကို သိခဲ့ရတာအမှန်ပဲနော်"

ဝမ့်ကျူးဆိုသူက ...

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ဗျာ၊ မုချိုက တိရစ္ဆာန်သားရေတွေ မြို့တက်ရောင်းရင်း သူက မိစ္ဆာမြူးလိုဏ်ဂူကို မမျှော်လင့်ဘဲ ရောက်ခဲ့တယ်လို့ ပြောခဲ့တာ၊ ကျုပ်လည်း သည်သတင်းကြားလို့ နောင်ကြီးကို အကြောင်းကြားခဲ့တာပေါ့"

တိယင်းဘက်က ...

"ခင်ဗျားရဲ့သတင်းမှန်နေတယ်ဆိုရင် ခင်ဗျားအတွက် မနစ်နာစေရပါဘူး၊ ကျုပ်က ထိုက်ထိုက်တန်တန် ချီးမြှင့်မှာပါ ခင်ဗျာ"

ဝမ့်ကျူး သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကျုပ်က သိုင်းလောကသားလည်း မဟုတ်ဘူး၊ ကြောက်စရာ သတင်းဆိုးတွေ ဖုံးကွက်နေတဲ့ မိစ္ဆာမြူးလိုဏ်ဂူကိုလည်း စိတ်မဝင်စားဘူး၊ ကျုပ်အတွက် သတင်းပေးခ ငွေနည်းနည်းလောက်ရရင် ကျေနပ်ပါပြီဗျာ"

တိယင်းဘက် ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ...ကျုပ်က ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမှာပါဗျ"

နှစ်ယောက်သား စကားတပြောပြောဖြင့် မြင်းကို ဆက်လက် စီးနင်းသွားလိုက်ကြရာ သစ်လုံးအိမ်ကလေးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေတော့သည်။

ဝမ့်ကျူးက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး မုဆိုးကြီးမုချိုအား ခေါ်လိုက်လေသည်။

"မုချို ... ဗျို့ မုချို"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မရှေး





မနှောင်းမှာပင် သစ်လုံးအိမ်ကလေးတံခါး ပွင့်သွားပြီး လူသန်ကြီးတစ်ယောက် ထွက်လာလေသည်။ မုဆိုးမုချိုဖြစ်သည်။ မုချိုက ...

"ဘယ်သူများလဲမှတ်တယ် ... ဆရာဝမ့်ကျူးကိုး၊ ဘယ်လိုအကြောင်းကိစ္စနဲ့ ကျုပ်ဆီကိုလာခဲ့ရတယ်ဆိုတာ ပြောပါဦးဗျာ"

ဝမ့်ကျူးက မြင်းပေါ်မှဆင်းလာသည့် တိယင်းဘက်ကို ညွှန်ပြလိုက်သည်။

"ဟောသည်က နောင်ကြီးတိယင်းဘက်က ခင်ဗျားနဲ့တွေ့ပြီး မိစ္ဆာမြူးလိုဏ်ဂူအကြောင်း မေးမြန်းစုံစမ်းချင်တယ်ဆိုတာနဲ့ ကျုပ် ခေါ်လာခဲ့တာ"

"ဩော်"

မုချိုက တိယင်းဘက်ကို လှမ်းကြည့်လိုက်လေသည်။ တိယင်းဘက်က ...

"ခင်ဗျားအမဲလိုက်သွားရင်း မျက်စိလည်လမ်းမှားပြီး တောင်ကြားတစ်ခုကို ရောက်သွားခဲ့တယ်၊ အဲသည်တောင်ကြားထဲမှာ မိစ္ဆာမြူးလိုဏ်ဂူကို တွေ့ခဲ့ရတယ်လို့ သတင်းကြားရတာကြောင့် ခင်ဗျားကို လာတွေ့တာပါ ခင်ဗျာ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ကဲ ... အိမ်ထဲဝင်ကြပါဦး၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

မုချိုမှာ စိတ်ထားဖြူစင်ပြီး သဘောမနောကောင်းသူ ဖြစ်ကြောင်း ထင်ရှားလေသည်။ တိယင်းဘက်နှင့် ဝမ့်ကျူးတို့အား သူ၏ အိမ်ထဲသို့ ဖိတ်ခေါ်သွားကာ နေရာထိုင်ခင်းပေးပြီး ရေနွေးကြမ်းများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ညည်းခံလိုက်လေသည်။

တီယင်းဘက်က ရေနွေးကြမ်းတစ်ခွက်သောက်ပြီးသည်နှင့် မအောင့်အီးနိုင်တော့သည့် သဘောဖြင့် မေးလိုက်လေသည်။

"ခင်ဗျားက မိစ္ဆာမြို့လိုဏ်ဂူကို ရောက်ခဲ့တယ်ဆိုတာ တကယ်ပဲလား"

မုဆိုးမုချီ ခေါင်းညိတ်လိုက်သည်။

"ကျုပ် အမဲလိုက်ရင်း မျက်စိလည်လမ်းမှားပြီး ရောက်သွားတာပါဗျာ"

"ခင်ဗျားရောက်ခဲ့တာ မိစ္ဆာမြို့လိုဏ်ဂူဆိုတာ သေချာပါတယ်နော်"

"ဟာ ... သိပ်သေချာတာပေါ့၊ အင်မတန်ကြောက်စရာကောင်းတဲ့ နေရာတစ်ခုဗျ"

"ခင်ဗျား ဘယ်လိုလုပ်ရောက်ခဲ့တာလဲဆိုတာ ပြောပြပါဦး"

မုချီက နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း ...

"သည်လိုဗျ ... ကျုပ်ကို ကုန်သည်တစ်ယောက်က 'ဝက်ဝံဖြူသားရေ' လိုချင်တယ် ဈေးကောင်းကောင်းပေးမယ်လို့ ပြောတာနဲ့ ကျုပ်က နာနာဘာဝတောင်ကြားဘက်ကို စွန့်စားပြီး သွားခဲ့တာဗျ"

"နာနာဘာဝတောင်ကြား ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ... အင်မတန်ထူးဆန်းပြီး အင်မတန်ကြောက်စရာကောင်းတဲ့နေရာတစ်ခုပေါ့"

"ဘယ်လိုထူးဆန်းပြီး ဘယ်လိုကြောက်စရာကောင်းတယ်



ဆိုတာ ပြောပါဦးဗျာ"

မုချီက ...

"တောင်ကြားပတ်ဝန်းကျင်မှာ သစ်ပင်ပန်းပင်တွေ ဖုံးလွှမ်းထားတယ်၊ ရုတ်တရက်ဆိုရင် အင်မတန် သာယာလှပတဲ့ နေရာတစ်ခုပေါ့၊ မြူနှင်းတွေကလည်း ဖုံးလွှမ်းထားတယ်၊ ကျုပ်က သစ်ပင်ပန်းပင်တွေကြားက ဖြတ်သွားရင်း တောင်ကြားတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာ"

"နာနာဘာဝတောင်ကြားပေါ့"

"ဟုတ်တယ် ... ဝက်ဝံဖြူတစ်ကောင်နောက်ကို ကျုပ်လိုက်နေတာလေ၊ ဝက်ဝံဖြူကလည်း အန္တရာယ်ကို ရိပ်မိပြီး တောင်ကြားထဲ ပြေးဝင်သွားတာ"

မုချီသည် ဝက်ဝံဖြူအောက်သို့ လိုက်သွားရင်း နာနာဘာဝ တောင်ကြားထဲရောက်သွားခြင်းဖြစ်ကြောင်း တီယင်းဘက်နှင့် ဝမ့်ကျူးတို့ နားလည်လိုက်ကြလေသည်။

မုချီက ...

"ကျုပ်က ဝက်ဝံဖြူကြီးနောက်ကိုလိုက်ရင်း တောင်ကြားထဲ ရောက်တော့ ဝက်ဝံဖြူကြီးကို မတွေ့ရတော့ဘူး၊ တောင်ကြားတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတာပဲ ... လေတောင်မတိုက်ဘူး၊ ဒါနဲ့ ကျုပ်စိတ်ထဲ ထူးခြားတယ်ထင်ပြီး သတိထားလိုက်တော့မှ တုန်လှုပ်ချောက်ချားစရာတွေကို တွေ့လိုက်ရတာပေါ့ဗျာ"

"ဘယ်လို တုန်လှုပ်ချောက်ချားစရာတွေလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မုချိုက ...

"တောင်ကြားထဲက သစ်ပင်ပန်းပင်တွေ၊ ချုံပုတ်တွေ၊ ကျောက်တုံးကျောက်ခဲတွေဟာ သဘာဝအတိုင်း မဟုတ်ဘဲ အသက်ဝင်နေသလိုပဲ၊ ကျောက်တုံးအကြီးအသေးတွေက လူကြီး ကလေးတွေလိုပဲ ကျုပ်ကို ပြုံးပြကြတယ်၊ မဲ့ပြကြတယ်၊ သစ်ပင်တွေကလည်း ကျုပ်ကို လက်ယပ်ခေါ်နေသလို ခြေလက်တွေဆန့်ထုတ်ပြီး ကျုပ်ကို ဖမ်းဆီးကြမလို ပုံသဏ္ဍာန်မျိုးတွေ ဖြစ်နေတာ"

တိယင်းဘက် ပြုံးလိုက်သည်။

"ခင်ဗျားစိတ်ထင်တာကော မဖြစ်နိုင်ဘူးလားဗျာ"

မုချို ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ တောင်ကြားထဲမှာ ရှိသမျှ အရာအားလုံးဟာ အသက်ဝင်နေကြတယ်၊ ကျုပ် ယုံကြည်တယ်"

တိယင်းဘက်က အတိုက်အခံ မပြောတော့ဘဲ ...

"မိစ္ဆာမြို့ လိုဏ်ဂူကကောဗျာ"

ဟု မေးလိုက်လေသည်။ မုချိုက ...

"တောင်ကြားအတွင်းဘက်မှ လိုဏ်ဂူကြီးတစ်ခုရှိနေတာကို ကျုပ် ခပ်ရေးရေး တွေ့ခဲ့ရတာ"

"ခင်ဗျား သွားမကြည့်ဘူးလား"

မုချို သက်ပြင်းချလိုက်လေသည်။

"ကျုပ်လည်း ထိတ်လန့်နေမိတော့ သွားမကြည့်ဘဲ နောက်ကြောင်းလှည့်မလို့ပါပဲ၊ ဒါပေမဲ့ ကျုပ် လိုက်ဖမ်းနေတဲ့ ဝက်ဝံဖြူကြီး





ကို လိုဏ်ဂူကြီးရှေ့မှာ တွေ့လိုက်ရတော့ ကြောက်စိတ်ပျောက်ပြီး ဝက်ဝံဖြူကြီးကို ဖမ်းဖို့ ပြေးသွားမိတာပေါ့"

တိယင်းဘက်က ...

"ဝက်ဝံဖြူကြီးကို ခင်ဗျား ဖမ်းမိခဲ့သလား"

မုချို ခေါင်းခါယမ်းလိုက်သည်။

"မမိပါဘူးဗျာ၊ ကျုပ်လည်း လိုဏ်ဂူကြီးရှေ့ကိုရောက်တော့ ဝက်ဝံဖြူကြီးလည်း ပျောက်ခြင်းမလှ ပျောက်သွားတော့တာပဲ"

"ခင်ဗျား လိုက်မရှာဘူးလား"

"ရှာတာပေါ့၊ ဒါပေမဲ့ မတွေ့တော့ဘူး"

"သည်တော့"

"ကျုပ်က လိုဏ်ဂူကြီးကို ကြည့်လိုက်ပါတယ်၊ လိုဏ်ဂူပေါက်ကို ကျောက်တံခါးကြီးတစ်ချပ်နဲ့ ပိတ်ထားတာ၊ ထူးဆန်းတာက ကျောက်တံခါးကြီးမှာ သော့ပေါက်တစ်ခုရှိတယ်၊ သော့ပေါက်ထဲမှာ သော့တံတစ်ချောင်း ထိုးထားတာပဲ၊ သည်သော့နဲ့ တံခါးဖွင့်ရတာပဲ ထင်တာပဲဗျ"

တိယင်းဘက် တဖြည်းဖြည်း စိတ်ဝင်စားလာလေသည်။ မုချိုကို စိုက်ကြည့်ကာ ...

"ခင်ဗျား သေချာပါတယ်နော်"

မုချိုက ...

"မိစ္ဆာမြို့လိုဏ်ဂူအကြောင်း ပြောပြရင် လူတွေက မယုံဘဲ ကျုပ်ကို ရူးသွားပြီလို့တောင် ထင်ကြမယ်ဆိုတာ ကျုပ်သိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မရူးပါဘူး၊ လိမ်ပြောနေတာလည်းမဟုတ်ဘူး၊ ကျုပ် တကယ် ရောက်ခဲ့လို့ တကယ်ပြောတာပါဗျာ"

ဝမ့်ကျူးက ...

"ခင်ဗျားရောက်ခဲ့မှတော့ လိုဏ်ဂူတံခါးကို ဖွင့်မကြည့်ခဲ့ဘူး လား"

ဟု ကြားဝင်မေးလိုက်လေသည်။ မုရှိုက ...

"ကျုပ် ထိတ်လန့်ကြောက်ရွံ့မိတာ အမှန်ပဲ၊ ဒါပေမဲ့ ဂူတံခါး ပေါက်က သော့တံကိုတွေ့တော့ သည်နေရာမှာ လူသူနေထိုင်ကြတာ ဖြစ်မယ်လို့တွေးပြီး အားတက်လာတယ်၊ ဒါနဲ့ သော့ကိုယူပြီး တံခါး ဖွင့်ကြည့်ဖို့ ကြိုးစားခဲ့တာပေါ့"

ဝမ့်ကျူးက ...

"တံခါးဖွင့်သွားတော့ ဘာတွေ ဖြစ်သေးသလဲ ပြောပါဦး ဗျာ"

မုရှို ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က တံခါးမဖွင့်ဖြစ်ခဲ့ဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကျုပ်က သော့တံကိုယူလိုက်တာနဲ့ သော့ပေါက်ကနေ အခိုးအငွေ့တွေနဲ့ အလင်းရောင်တွေ ထွက်လာတယ်၊ ခြောက်ကပ် ကပ် ရယ်သံကြီးလည်း ကြားလိုက်ရတာပဲ၊ ပြီးတော့ အက်ကွဲနေတဲ့ အသံကြီးနဲ့ 'မုရှို ဂူထဲ ဝင်လာခဲ့၊ ဝင်လာခဲ့' နဲ့ ခေါ်နေတာ၊ ကျုပ်လည်း ကြောက်လွန်းလို့ မူးမေ့လဲကျမလိုတောင် ဖြစ်ခဲ့ရတယ်၊ ပြီးတော့



ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးလာခဲ့တာပဲဗျို့"

ပြောပြီး အရှက်ပြေ တဟားဟားရယ်မောလိုက်လေသည်။ ဝမ့်ကျူး ပခုံးတွန့်လိုက်သည်။

"ခင်ဗျားပြောတာ ကြားရရုံနဲ့ ကျုပ်တောင် ကြောက်လန့် လာပြီဗျို့"

တိယင်းဘက်ပြုံးလိုက်လေသည်။

"ဘာပဲပြောပြော မိစ္ဆာမြို့လိုဏ်ဂူအကြောင်း သိုင်းလော ကမှာ သတင်းတွေထွက်ပေါ်နေတာ ကြာပြီ၊ ခုမှပဲ တကယ်ရောက် ဖူးခဲ့တဲ့လူနဲ့ တွေ့ခဲ့တော့တယ်"

မုရှိုက ...

"ဟုတ်တယ် ... ကျုပ် တကယ်ရောက်ခဲ့တယ်ဆိုတာ သက် သေပြနိုင်ပါတယ်ဗျာ၊ ကျုပ်က လိုဏ်ဂူတံခါးသော့ကို ရလာခဲ့တာ ခဏနော်"

ဟုပြောကာ ထိုင်ရာမှ ဗီရိုတစ်လုံးဆီသို့ လှမ်းသွားလိုက် လေသည်။ ဗီရိုမှ အံဆွဲတစ်ခုကို ဖွင့်ပြီး တစ်စုံတစ်ခုနှိုက်ယူကာ တိ ယင်းဘက်တို့ထံသို့ ပြန်လျှောက်လာ၏။

သူ၏လက်ထဲ၌ ရှေးဟောင်းကြေးသော့တစ်ချောင်း ပါလာ လေသည်။ မုရှိုက သော့ကို စားပွဲပေါ် ချလိုက်သည်။

"ဒါ မိစ္ဆာမြို့လိုဏ်ဂူတံခါးသော့ပဲ"

တိယင်းဘက်က စားပွဲပေါ်မှ သော့တံကို ကြည့်ရင်း ...

"ဒါ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတဲ့ သော့ပဲ"

ဟု စိတ်ထဲ ရေရွတ်လိုက်လေသည်။ မုန်ချိုက ...

"ကျုပ်က သည်သော့တံနဲ့ မိစ္ဆာမြူးလိုဏ်ဂူကို ရောက်ခဲ့တဲ့ အကြောင်း သက်သေပြနိုင်ပါတယ်ဗျာ"

"ကောင်းပြီ"

တိယင်းဘက်က ငွေလွှဲလက်မှတ်တစ်ထပ် ထုတ်ယူကာ စားပွဲပေါ် တင်လိုက်လေသည်။

မုန်ချိုကို စိုက်ကြည့်ပြီး ...

"မိစ္ဆာမြူးလိုဏ်ဂူရှိနေတဲ့ နာနာဘာဝတောင်ကြားကို ဘယ် လိုသွားရတယ်ဆိုတာ ပြောပြမယ်ဆိုရင် သည်ငွေတွေ ခင်ဗျားကို ချီးမြှင့်ပါ့မယ်ဗျာ"

ဟု ပြောလိုက်လေသည်။ မုန်ချို အံ့သြသွားသည်။

"ငွေကမနည်းပါလား ... မိတ်ဆွေ တကယ်ပြောတာလား"

ထိယင်းဘက် ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောပြလိုက်တာနဲ့ သည်ငွေတွေကို ခင်ဗျားပိုင် ဆိုင်သွားမှာပါ"

မုန်ချိုက ...

"ကျုပ်ပြောပြပါ့မယ်ဗျာ၊ ဒါပေမဲ့ ကျုပ်ပြောတဲ့အတိုင်း ခင်ဗျားနားလည်ပြီး မှတ်မိဖို့ သိပ်မလွယ်ဘူး၊ ကျုပ်ကိုယ်တိုင်လည်း လမ်းပြပြီး လိုက်ပို့ပေးနိုင်မှာမဟုတ်ဘူး၊ ကျုပ်မသွားရဲတော့ဘူး၊ အင်မတန် ကြောက်စရာကောင်းတဲ့နေရာဗျ"





တိယင်းဘက်က ...

"ကိစ္စမရှိဘူး၊ နာနာဘာဝတောင်ကြားကို ဘယ်လိုသွားရ မယ်ဆိုတာ ကျုပ်ကို မြေပုံဆွဲပေးလိုက်ရင် ရပါပြီဗျာ"

ဝမ့်ကျူး ရယ်မောလိုက်သည်။

"ဒါဆို ကျုပ်ကို အားကိုးပေတော့၊ ကျုပ်က မြေပုံဆွဲရတာ အင်မတန် ဝါသနာပါတာ၊ ကျုပ်ကို ဘယ်လိုသွားရတယ်ဆိုတာသာ ပြောပြပါ၊ ကျုပ်က တစ်ချက်ကလေး မလွဲအောင် မြေပုံဆွဲပေးမယ်"

တိယင်းဘက် ပြုံးလိုက်သည်။

"ဒါဆို သိပ်ကောင်းတာပေါ့ဗျာ"

မုန်ချိုလည်း သဘောတူလိုက်သည်။

"ကောင်းပြီလေ ... ကျုပ် ပြောပြပါ့မယ်"

ဤသို့ဖြင့် နာနာဘာဝ တောင်ကြားသို့သွားသည့်မြေပုံ ရေး ဆွဲရန် ပြင်ဆင်လိုက်ကြလေတော့သည်။

✦

ဝမ့်ကျူးက ပြောသည်အတိုင်း ဖြစ်အောင်လုပ်နိုင်သူ ဖြစ် လေသည်။ မုန်ချိုပြောပြသည့် စကားများကို သေသေချာချာနား ထောင်ပြီး စိတ်ရှည်လက်ရှည်ဖြင့် မြေပုံတစ်ခု ရေးဆွဲလိုက်လေသည်။

တိယင်းဘက်က ဘာမှမပြောဘဲ အခြေအနေစောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်လေသည်။ သစ်လုံးအိမ်ကလေးထဲ၌ လူသုံးယောက်ရှိနေကြသော်လည်း အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တိယင်းဘက်က ဝမ့်ကျူးနှင့် မုချီတို့ မြေပုံရေးဆွဲနေသည်ကို ကြည့်ရင်း ရုတ်တရက် ရင်ထဲ၌ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ထိပ်တန်းသိုင်းသမားတစ်ဦးပီပီ အန္တရာယ်အငွေ့အသက်ကို ခံစားလိုက်ရခြင်း ဖြစ်လေသည်။ တိယင်းဘက် ဆတ်ခနဲ ခေါင်းထောင်လာလေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ အိမ်ကလေးထဲ၌ အန္တရာယ်ဖြစ်စရာအကြောင်း မမြင်ပါချေ။ သူမှလွဲ၍ ဝမ့်ကျူးနှင့် မုချီတို့နှစ်ယောက်သာ ရှိကြသည် မဟုတ်ပါလား။

ဝမ့်ကျူးက သိုင်းပညာကောင်းကောင်း မဟုတ်ပါ။ မုချီသည်လည်း မုဆိုးတစ်ယောက်သာ ဖြစ်လေသည်။

ဤသို့ဆိုလျှင် အန္တရာယ်၏အငွေ့အသက်သည် မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း

"ကျုပ် အပြင်ခဏသွားဦးမယ်"

တိယင်းဘက်က အပြင်ဘက်ထွက်သွားလေသည်။ ဝမ့်ကျူးနှင့်မုချီတို့က မြေပုံဆွဲကာ အလုပ်ရှုပ်ပြီး ကျန်နေရစ်ခဲ့ကြလေတော့သည်။

✦ ✦ ✦



## မြေ မြေချင်း မြေမြင်

တိယင်းဘက်က အိမ်အပြင်ဘက်သို့ ရောက်ရှိလာပြီး ဖြစ်လေသည်။ ဝန်းကျင်တစ်ခုလုံး အေးမြတိတ်ဆိတ်နေသည်။ ထူးခြားမှုတစ်စုံတစ်ခုမှ မရှိချေ။

တိယင်းဘက် သက်ပြင်းချလိုက်သည်။ အန္တရာယ်အငွေ့အသက် ခံစားလိုက်ရသည်မှာ သူ့စိတ်ထင်၍ ဖြစ်မည်ဟု တွေးမိ၏။ အတန်ကြာအကဲခတ်ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်သွားရန် ဟန်ပြင်လိုက်လေသည်။

ရုတ်တရက် သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလေသည်။ အန္တရာယ်၏ အငွေ့အသက် ပြန်လည်ဖြစ်ပေါ်ခံစားလိုက်ရခြင်းကြောင့်ဖြစ်သည်။

ယခုတစ်ကြိမ် အန္တရာယ်အငွေ့အသက်က ပို၍ ပြင်းထန်နီးကပ်လာသည်ဟု ခံစားလိုက်ရ၏။ အန္တရာယ်သည် လက်တစ်ကမ်းအကွာသို့ ရောက်လာပြီဟုလည်း ခံစားလိုက်ရလေသည်။

မည်သူက သူ့အား အန္တရာယ်ပြုလိုနေရပါသနည်း။ တိယင်းဘက်က လူတစ်ယောက်ကို ဖျတ်ခနဲ သတိရလိုက်လေသည်။

"ထိချီ"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း လွှတ်ခနဲ ရေရွတ်လိုက်လေသည်။ ထိနီ၊ ခြေလက်သိုင်းသမား ထိနီသည် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသမားတစ်ဦး ဖြစ်သည်။

တိယင်းဘက်နှင့်ခင်မင်ရင်းနှီးသူတစ်ဦးလည်း ဖြစ်သည်။ ထိနီသည် မိစ္ဆာမြူးလိုဏ်ဂူအကြောင်း စိတ်ဝင်စားနေသူတစ်ဦးလည်း ဖြစ်လေသည်။

တိယင်းဘက်က အန္တရာယ်အငွေ့အသက် ခံစားလိုက်ရသည်နှင့် ထိနီအား အဘယ်ကြောင့် သတိရလိုက်ရပါသနည်း။

ထိနီက သူနှင့်ဝမ့်ကျူးက မိစ္ဆာမြူးလိုဏ်ဂူကို ရောက်ခဲ့သည့် မုဆိုးမုဆိုးအကြောင်း ပြောဆိုနေသည်ကို နားစွန်နားဖျားကြားသိသွားခြင်းကြောင့် ဖြစ်လေသည်။

တိယင်းဘက်က ဝမ့်ကျူးနှင့် စားသောက်ဆိုင်လေး တစ်ဆိုင်၌ချိန်းကာ မိစ္ဆာမြူးလိုဏ်ဂူကို ရောက်ခဲ့ဖူးသည့် မုဆိုးမုဆိုးအကြောင်း ပြောဆိုနေသည်ကို ထိုစားသောက်ဆိုင်ထဲ၌ ရောက်ရှိနေသော ထိနီက ကြားသွားခြင်းဖြစ်သည်။

ထိနီရောက်နေသည်ကို တိယင်းဘက် ရုတ်တရက် သတိမပြုမိသေးချေ။

သူသတိပြုမိလိုက်ချိန်၌ ထိနီမှာ စားသောက်ပြီးစီးသွားပြီဖြစ်၍ ရယ်ရယ်မောမောဖြင့်နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်သွားခဲ့လေသည်။

ထိုစဉ်က တိယင်းဘက် အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့သော်လည်း





ယခုမူ သူနှင့် ဝမ့်ကျူး ပြောဆိုနေသည့်စကားများကို ထိနီကြားသွားပြီး သူတို့နောက်သို့ လိုက်လာခြင်းဖြစ်မည်ဟု တွေးမိလိုက်လေတော့သည်။

အန္တရာယ်၏ အငွေ့အသက်က ပို၍ ပြင်းထန်လာသည်။ တိယင်းဘက် အောင့်အည်းမနေနိုင်တော့ဘဲ ...

"ထိနီ ... ခင်ဗျားထွက်လာခဲ့ပါ"

ဟု အော်ခေါ်လိုက်လေတော့သည်။ သူ၏အသံနှင့် မနေးမနှောင်းမှာပင် ...

"အား"

"အောင်မယ်လေး"

အိမ်ထဲမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✦

'ဟူး'

အဝတ်အစားလေတိုးသံများနှင့်အတူ တိယင်းဘက်သည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် အိမ်ကလေးထဲ ခုန်ဝင်သွားလေသည်။

တိယင်းဘက် အိမ်ထဲရောက်သွားသည်နှင့် ကြမ်းပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လဲကျသေဆုံးနေသူနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဝမ့်ကျူးနှင့် မုဆိုးမုချီကို သွေးအိုင်ထဲ လဲကျနေသည့် နှစ်ယောက်သား မြေပုံကို အာရုံစိုက်ကာ ရေးဆွဲနေချိန်၌ တစ်စုံတစ်ယောက်က အိမ်ထဲ တိတ်တဆိတ်ဝင်လာပြီး တိုက်ခိုက်လုပ်ကြံသွားခြင်း ဖြစ်ပေတော့သည်။

မြေပုံစာရွက်မရှိတော့ပါ။ ဝမ့်ကျူးတို့အား လုပ်ကြံသွားသူက လုယူသွားပြီ ဖြစ်လေသည်။

တိယင်းဘက် ဟိုဟိုသည်သည် ကြည့်လိုက်၏။

ထိုအခါ စားပွဲပေါ်၌ ရှေးသော့က ရှိနေသေးသည်ကို တွေ့လိုက်ရလေသည်။ လုပ်ကြံသူ မျက်စိလျှမ်းသွားခြင်း ဖြစ်လေသည်။

တိလင်းဘက်က ကပျာကယာ ပြေးယူလိုက်၏။ မိစ္ဆာတံခါးသော့ လက်ထဲရောက်လာလျှင် ခွန်အားများတိုးပွားလာသည်ဟု ခံစားလိုက်ရလေသည်။

"ထိချီ ... မင်း ဘယ်ပြေးမလဲ"

ဟု အော်ငေါက်ကာ အပြင်ဘက်ခုန်ထွက်လိုက်လေသည်။ အပြင်ဘက်ရောက်လျှင် သစ်ပင်များကြား တိုးဝင်သွားသော လူရိပ်တစ်ခုကိုတွေ့လိုက်ရလေသည်။

"ရပ်လိုက်စမ်း"

တိယင်းဘက်က ဒေါသတကြီး ပြေးလိုက်သွားလေသည်။ သို့သော် သစ်ပင်များကြား ရောက်သွားလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရတော့ပါ။



မြေပုံလုယူသွားသူကား ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေတော့သည်။

✦

တိယင်းဘက်သည် နှုတ်ခမ်းဝသို့ ရောက်နေသေသည့် အစာကို ပုတ်ချခံလိုက်ရသူတစ်ယောက်အလား မခံချိမခံသာ ဖြစ်နေ၏။

ဝမ့်ကျူးနှင့်မုဆိုးမုချီကို သတ်ပြီး နာနာဘာဝတောင်ကြား မြေပုံကို လုယူသွားသူမှာ ထိချီဖြစ်ရမည်ဟု ယူဆမိသော်လည်း လူရိပ်ကိုသာ တွေ့ရပြီး တကယ်တမ်း လူကိုမတွေ့လိုက်ရသဖြင့် ထိချီဟု ပြောဖို့ခက်နေပါတော့သည်။

သူက စုံစမ်းကြည့်လိုက်သောအခါ ထိချီက ရပ်ဝေးသို့ ခရီးထွက်နေသည်ဟု သိရ၏။ မြေပုံလုယူသွားသူမှာ ထိချီမဟုတ်လျှင် မည်သူဖြစ်လိမ့်မည်နည်း။

- တိယင်းဘက် မစဉ်းစားတတ်တော့ပါ။ သိုင်းလောက၌ နာနာဘာဝတောင်ကြားအကြောင်း စိတ်ဝင်စားသူပေါင်းများစွာရှိနေသည် မဟုတ်ပါလား။

မိစ္ဆာလိုဏ်ဂူတံခါးဖွင့်သည့် ရှေးဟောင်းသော့ဟာ သူ၏လက်ထဲ ရှိနေသေးခြင်းကြောင့်သာ ကံကောင်းသည်ဟု ဆိုနိုင်၏။

နာနာဘာဝတောင်ကြားသို့ သွားသူသည် မိစ္ဆာလိုဏ်ဂူတံ

www.burmeseclassic.com

www.burmeseclassic.com



ခါးဖွင့်ဖို့ တံခါးသော့လိုအပ်လိမ့်မည် မဟုတ်ပါလား။

မိစ္ဆာလိုဏ်ဂူတံခါးသော့က သူ့ထံတွင် ရှိနေနိုင်ကြောင်း တွေးမိလျှင် သူ့အားဆက်သွယ်လာလိမ့်မည် ဖြစ်လေသည်။

တိယင်းဘက်က မြေပုံလုယူသွားသူ သူ့အား ဆက်သွယ်လာမည့်အချိန်ကိုသာ စောင့်မျှော်နေလိုက်ရလေတော့သည်။

သူက လှုပ်ရှားခြင်းမပြုအဲ စောင့်ဆိုင်းနေခဲ့သော်လည်း အကျိုးမယုတ်ပါ။ သူ၏အတွေး မှန်ကန်ကြောင်း ပေါ်ပေါက်လာသည်။ နာနာဘာဝတောင်ကြားကိစ္စနှင့်ပတ်သက်ပြီး တွေ့ဆုံ ဆွေးနွေးရန် လူတစ်ယောက်က စာတစ်စောင်ပို့ကာ ချိန်းဆိုလာခြင်းကြောင့်ဖြစ်သည်။ ထိုလူမှာ ...

✦✦✦





## မြစိမ်းတောင်

မြစိမ်းတောင်သည် သိုင်းလောကၥ္ မသိသူမရှိသော တောင်တစ်လုံးဖြစ်သည်။

မြစိမ်းတောင်အား သိုင်းလောကသားများ သိရှိနေကြခြင်းမှာ မြစိမ်းတောင်သခင်မကြီး "မြစိမ်းဒေဝီ" ကြောင့် ဖြစ်သည်။

မြစိမ်းဒေဝီသည် သိုင်းလောကအကျိုး အများအကျိုးသည်ပိုးဆောင်ရွက်နေသော အဖြူရောင်သိုင်းသမားကြီးတစ်ဦး ဖြစ်သကဲ့သို့ သိုင်းလောကထိပ်သီးပုဂ္ဂိုလ်ဆယ်ဦးစာရင်း၌ ပါဝင်သူလည်း ဖြစ်လေသည်။

ရှေးဟောင်းပုံပြင်တစ်ပုဒ်ပမာ ပြောဆိုနေခဲ့ကြသော နာနာဘာဝတောင်ကြား၏ သတင်းစကားသည် ယခုတစ်လော ပို၍ ကျယ်လောင်လာလေသည်။

လူပြောသူပြောများလာပြီး သိုင်းလောက၏ ဘယ်နေရာမှာမဆို ကျယ်ကျယ်လောင်လောင် ကြားလာရသောအခါ မြစိမ်းဒေဝီ လက်ပိုက်ကြည့်မနေနိုင်အောင် ဖြစ်လာတော့သည်။

သူမ၏ တစ်ဦးတည်းသောသမီး မြစိမ်းမင်းသမီးလေး ချင်းလျှံကိုခေါ်ကာ တိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးချင်းလှ်ုံ ... ခုတစ်လော သိုင်းလောကထဲမှာ နာနာဘာဝတောင်ကြားအကြောင်း ပြောဆိုသံတွေ ပိုပြီးကျယ်လောင်လာတယ်၊ ဒါဟာ မရိုးသားတဲ့ကိစ္စတစ်ခုလို့ မေမေသုံးသပ်မိတယ်၊ သမီးကော ဘယ်လိုသဘောရသလဲ"

မြစိမ်းမင်းသမီးလေးချင်းလှုံ့က ...

"သိုင်းလောကမှာ အပြောင်းအလဲတစ်ခုခု ဖြစ်ပေါ်နေပြီဆိုတာ ထင်ရှားပါတယ်၊ သိုင်းလောကထဲဆင်းပြီး စနည်းနာကြည့်တာ ပိုကောင်းပါလိမ့်မယ်၊ ဒါမှ ကြားရတဲ့ သတင်းတွေနဲ့ လက်တွေ့ဖြစ်ရပ်တွေကို ကိုက်ညီမှုရှိမရှိ သိရနိုင်မှာပါ မေမေ"

"ဟုတ်တယ် ... မေမေလည်း သည်လိုပဲ သဘောရပြီး သမီးလည်း မြစိမ်းတောင်ကနေ ဘယ်ကိုမှမသွားဖြစ်တော့တာ အတော်ကြာနေပြီ၊ ဒါကြောင့် သိုင်းလောကထဲကို တစ်ခေါက်လောက် ဆင်းသွားပြီး စနည်းနာကြည့်လိုက်ပါလား"

"ကောင်းပါပြီ မေမေ"

မြစိမ်းဒေဝီက တာဝန်ပေးလိုက်သဖြင့် မြစိမ်းမင်းသမီးလေး ချင်းလှုံ့မှာ သိုင်းလောကသို့ဆင်းကာ စနည်းနာရတော့မည် ဖြစ်လေသည်။

မြစိမ်းမင်းသမီးက ...

"သိုင်းလောကထဲဆင်းသွားမယ်ဆိုရင် သမီးက လူနှစ်ယောက်ကိုတော့ သတိထားရလိမ့်မယ်"

ချင်းလှုံ့က ...



"ဘယ်သူတွေများလဲ မေမေ"

"ကောက်ကျစ်ညီနောင်ပါ"

ကောက်ကျစ်ညီနောင်ဆိုသည်မှာ ထင်ရှားစိုင်းနေသော သိုင်းသမားဆိုးနှစ်ယောက် ဖြစ်လေသည်။

တစ်ယောက်က လူဝကြီးဖြစ်ကာ တစ်ယောက်က လူဗလံလေး ဖြစ်သည်။

အသွင်မတူသော်လည်း ကောက်ကျစ်စဉ်းလဲကာ ကမ်းကုန်အောင် ရက်စက်ကြမ်းကြုတ်သူများ ဖြစ်လေသည်။

ယခင်က မြစိမ်းဒေဝီ သိုင်းလောကထဲ၌ ကျင်လည်ကျက်စားခဲ့စဉ် ကောက်ကျစ်ညီနောင်ကို ဆုံးမခဲ့ဖူးသည်။

ကောက်ကျစ်ညီနောင်က နောက်နောင် မဆိုးသွမ်းတော့ပါ နောင်တရပါပြီ၊ ပြုပြင်သွားပါမည်ဟု တောင်းပန်ခဲ့ခြင်းကြောင့် အသက်ချမ်းသာပေးခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်း မြစိမ်းဒေဝီ မြစိမ်းတောင်သို့ ပြန်သွားပြီးနောက် ကောက်ကျစ်ညီနောင်သည် စကားမတည်ဘဲ ပြန်လည် ဆိုးသွမ်းသောင်းကျန်းခဲ့ကြသည်။

အခွင့်အရေး ရသည်နှင့် မြစိမ်းဒေဝီအား သုတ်သင်ပစ်မည်ဟုလည်း ကြုံးဝါးနေကြတော့သည်။

မြစိမ်းဒေဝီသည် ကောက်ကျစ်ညီနောင်နှင့် ရန်ငြိုးရန်စ ရှိခဲ့ဖူးခြင်းကြောင့် သမီးဖြစ်သူ သိုင်းလော ကသို့ ဆင်းရတော့မည့်အခါ ဂရုတစိုက် မှာကြားနေခြင်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ဆိုးမချစ်သူ

သခင်မလေးချင်းလှိုင်က ခရီးပန်းနေသကဲ့သို့ ဗိုက်ထဲ ဆာလောင်နေသဖြင့် စားသောက်ဆိုင်လေးတစ်ဆိုင်၌ ဝင်ရောက်အနားယူ စားသောက်လိုက်လေသည်။

သူမ အကြောင်းမသိဘဲ ဝင်ရောက်အနားယူလိုက်သောဆိုင်မှာ လူရုပ်လူပွေများ ကျက်စားနေသည့် စားသောက်ဆိုင် တစ်ဆိုင် ဖြစ်လေသည်။

ဆိုင်ထဲရှိနေသော လူရုပ်လူပွေများက သခင်မလေးချင်းလှိုင်အား မသိမသာ အကဲခတ်နေကြပြီး အချင်းချင်း တီးတိုးပြောဆိုနေကြ၏။

ဆာဆာနှင့်စားသောက်နေသော သခင်မလေးချင်းလှိုင်ကား ပတ်ဝန်းကျင်ကို ရုတ်တရက် သတိမထားမိအောင် ဖြစ်သွားလေသည်။

လူရုပ်လူပွေများအနက် ယန်လီနှင့်ချိန်လီတို့နှစ်ယောက်မှာ မိန်းကလေးများနှင့်ပတ်သက်ပြီး နာမည်အလွန်ကြီးသူများ ဖြစ်လေသည်။ ယခု ယန်လီနှင့်ချိန်လီတို့က ချောမောလှပသော သခင်မလေးချင်းလှိုင်အား မျက်စိကျနေကြပြီ ဖြစ်လေသည်။



ယန်လီက ...

"အတော်ချောတဲ့ မိန်းကလေးပဲကွ"

ဟု တီးတိုးပြောလိုက်သည်။ ချိန်လီက ...

"အေးကွ၊ အဖော်မပါဘူး။ တို့မြို့ကို တစ်ယောက်တည်းရောက်လာပုံရတယ်၊ ငါတို့အတွက် အခွင့်အရေးတစ်ခုပေါ့ကွာ"

သခင်မလေးချင်းလှိုင်အားနှောင့်ယှက်ရန် ဆက်လက် ခေါင်းချင်းဆိုင် တိုင်ပင်လိုက်ကြလေသည်။ ထိုစဉ် အမျိုးသမီးတစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"အို ... ဆိုင်ထဲမှာလည်း လူတွေပြည့်ကျပ်နေပါလား"

အားလုံး လှမ်းကြည့်လိုက်သောအခါ ပန်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦး ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုအမျိုးသမီးမှာ ချောမောလှပသူတစ်ဦး ဖြစ်သည်။ သို့သော် သူမ၏အလှမှာ အေးချမ်းမှုမရှိဘဲ ပူလောင်သောအလှဟု ဆိုနိုင်သည်။

သူမ၏ခန္ဓာကိုယ်အချိုးအစား၊ အပြုံးနှင့် မျက်လုံးတို့က ဆန့်ကျင်ဘက်များအား မြူဆွယ်သည့်အလားရှိနေသည်။

ညှို့အားပြင်းသော အမျိုးသမီးကြောင့် ယန်လီနှင့်ချိန်လီတို့ ပင်လျှင် သခင်မလေးချင်းလှိုင်ကို မေ့လျော့သွားအောင် အမျိုးသမီးကို အာရုံရောက်သွားကြလေတော့သည်။

ဆိုင်လုလင်များလည်း ပျာပျာသလဲ ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"သည်ဘက်ကိုကြွပါဗျာ"

အမျိုးသမီးအား ခရီးဦးကြိုပြုပြီး နေရာထိုင်ခင်း စီစဉ်ပေးလိုက်ကြလေသည်။ ဖြစ်ချင်တော့ အမျိုးသမီးသည် ယန်လီတို့နှင့် ကပ်လျက်စားပွဲသို့ ရောက်ရှိသွားလေသည်။

"ဘာများသုံးဆောင်မလဲဆိုတာ အမိန့်ရှိပါခင်ဗျာ"

ဆိုင်လုလင်များ အလွန်ပင် ကျိုးနွံနေ၏။ အမျိုးသမီးက ဈေးအကြီးဆုံး ကောင်းမွေညွန့်မွေဆိုသော ဟင်းလျာများ မှာကြားလိုက်လေသည်။

တစ်ခဏအတွင်းမှာပင် အမျိုးသမီးငယ် စားပွဲပေါ်၌ ဟင်းခွက်များ ပြည့်နှက်သွားတော့သည်။ အမျိုးသမီး ဘာကိုမှ အမှုမထားဘဲ အရသာခံကာ စားသောက်လိုက်တော့သည်။

အားလုံးက အမျိုးသမီးအား အကဲခတ်နေကြဆဲဖြစ်သည်။ သခင်မလေးချင်းလျှံက ...

"သည်အမျိုးသမီးဟာ ထူးခြားတယ်၊ သိုင်းလောကသားတစ်ယောက် ဖြစ်နိုင်တယ်"

သူမတွေးတောနေသကဲ့သို့ ယန်လီနှင့်ချိန်လီတို့ကလည်း

"နောက်မှရောက်လာတဲ့ အမျိုးသမီးက ငွေကြေးချမ်းသာပြည့်ဝမယ့်ပုံပဲ၊ ချဉ်းကပ်ဖို့လည်း လွယ်လိမ့်မယ်ကွ"

"အေး ... သူ့ကိုပဲ ချဉ်းကပ်ကြတာပေါ့"

ဟု တီးတိုးတိုင်ပင်နေကြ၏။ ထိုစဉ် လူတစ်ယောက်က ဆိုင်ထဲသို့ ခြေသံပြင်းပြင်းနင်းကာ ဝင်ရောက်လာလေသည်။





ထိုလူ၏မျက်နှာတွင် ကျောက်ပေါက်မာများ ပြည့်နှက်နေရာ ရုပ်ဆိုးအကျဉ်းတန်လှသကဲ့သို့ ဘာဆိုဘာမှ အလိုမကျသည့်အလား မျက်နှာကြီးလည်း ခက်ထန်တင်းမာနေပါတော့သည်။

ထိုလူသည် အမျိုးသမီး၏စားပွဲအနီးသို့လှမ်းသွားပြီး မလှုပ်မယှက်ရပ်နေလိုက်၏။ ရုပ်ဆိုးကျောက်ပေါက်မာတစ်ယောက် ရောက်လာသောအခါ အမျိုးသမီးမှာ ပို၍ချောမောလှပသွားသည် ထင်ရတော့သည်။

ကျောက်ပေါက်မာက အမျိုးသမီးအား စိုက်ကြည့်နေပြီး စကားတစ်လုံးမှမပြောဘဲ ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ မလှုပ်မယှက် ရပ်နေ၏။ အမျိုးသမီးက သူ့အား လုံးဝအမှုမထားဘဲ ခပ်အေးအေးပင် စားသောက်နေ၏။

သခင်မလေးချင်းလျှံသည် အမျိုးသမီးကြောင့် ဆိုင်ထဲ၌ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာတော့မည်ဟု ဆင်ခြင်မိလိုက်လေသည်။

သူမလည်း စားသောက်ပြီးစီးသွားပြီဖြစ်ရာ ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးလိုက်လေသည်။

သူမ ထိုင်ရာ မှ ထရန် ဟန်ပြင်လိုက်စဉ် ယန်လီနှင့်ချိန်လီတို့ ထရပ်လိုက်ကြသည် ကို တွေ့ရ၏။

ယန်လီတို့က အမျိုးသမီးအနီးသို့ ချဉ်းကပ်သွားလိုက်ကြသည်။ အမျိုးသမီးက သူတို့အား မျက်လုံးလှန်ကြည့်လိုက်လျှင် ယန်လီက သွားအဖွေးသားပေါ်အောင် ပြုံးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ယန်လီပါ၊ မမကို တွေ့တာနဲ့ ခင်မင်ရင်းနှီးချင်စိတ် ဖြစ်ပေါ်လာတာနဲ့ လာပြီး မိတ်ဆက်တာပါ"

ချိန်လီက ...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ဟာ နတ်မိမယ်လေးလို ချောမောလှပတဲ့ မမနဲ့ ခင်မင်ရင်းနှီးရမယ်ဆိုရင် ပျော်လို့ဆုံးမှာ မဟုတ်ပါဘူး"

နှစ်ယောက်သား အတိုင်အဖောက်ညီညီ ပြောလိုက်ကြလေသည်။ အမျိုးသမီးလည်း ရယ်မောလိုက်လေသည်။

"မင်းတို့နှစ်ယောက်က မမနဲ့ခင်မင်ရင်းနှီးချင်ကြတာကိုး"

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

"အင်း ... မမကလည်း မင်းတို့နဲ့ ရင်းနှီးခွင့်ရမယ်ဆိုရင် ဝမ်းသာမိမှာပါ၊ ဒါပေမဲ့ သူကတော့ သဘောကျမယ် မထင်ဘူး"

ကျောက်ပေါက်မာရုပ်ဆိုးကို ညွှန်ပြကာ ပြောလိုက်သော အမျိုးသမီး၏စကားကြောင့် ယန်လီတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ယန်လီက ...

"သည်ရုပ်ဆိုးက သဘောမကျဘူး ... ဟုတ်လား"

ချိန်ယီက ...

"သည်လူက ဘာသဘောလဲ"

ပြိုင်တူမေးလိုက်ကြသည်။ အမျိုးသမီးက ...

"သူက မမရဲ့မေတ္တာကို တောင်းခံနေတာလေ၊ သူက လွဲပြီး မမကို ဘယ်သူမှ မပိုင်ဆိုင်ရဘူးလို့ ကြွေးကြော်ထားတဲ့လူ



တစ်ယောက်ပေါ့"

ဤတွင် ယန်လီနှင့်ချိန်လီတို့က ဟားလိုက်ရယ်မောလိုက်ကြလေသည်။

"တော်တော်လာတဲ့လူ၊ သူ့ရုပ်ကြီးနဲ့ ... အမဲရိုးက ဟင်းအိုးမှ အားမနာဆိုသလို ဖြစ်နေပြီ၊ မမ ဘာမှမပူနဲ့ ... သည်ရုပ်ဆိုးကြီးကို ကျုပ်တို့ ဆုံးမမောင်းထုတ်လိုက်ပါ့မယ်ဗျာ"

နှစ်ယောက်သား ကျောက်ပေါက်မာရုပ်ဆိုးအနီးသို့ ချဉ်းကပ်သွားလိုက်ကြလေသည်။ ကျောက်ပေါက်မာက ...

"ကျုပ်ကို ဆုံးမမယ်ဆိုတော့ ကျုပ် ဘယ်သူဘယ်ဝါဆိုတာကော သိရဲ့လား"

ဟုမေး၏။ ယန်လီက ...

"ခင်ဗျားလို ရုပ်ဆိုးကြီးက ဘယ်လိုလူစားများ ဖြစ်နေဦးမှာမို့လဲ"

ကျောက်ပေါက်မာက ...

"ကျုပ်ကို အားလုံးက ရုပ်ဆိုးကျောက်ပေါက်မာ ဂူကျောင်းလို့ ခေါ်ကြတယ်"

-သူ၏အမည်ကို ပြောပြလိုက်လေသည်။ ရုပ်ဆိုးကျောက်ပေါက်မာဂူကျောင်းဆိုသည့် အမည်ကြားလျှင် သခင်မလေးချင်းလျို၏ ခန္ဓာကိုယ် တုန်ခါသွားလေသည်။

"ငါထင်တဲ့အတိုင်း သူဟာ ရုပ်ဆိုးကျောက်ပေါက်မာ ဂူကျောင်းကိုး၊ အမျိုးသမီးဟာ "မာယာကုအင်း" ပဲ ဖြစ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မာယာကုအင်းသည် မာယာအလွန်များပြီး ယောကျ်ားများအား မာယာဖြင့် ဖြားယောင်းသိမ်းသွင်းတတ်သူ ဖြစ်သည်။ သူမသည် ယောကျ်ားတစ်ယောက်ကို ဖြားယောင်းထားပြီး သူမသဘောကျသူ နောက်တစ်ယောက်ကို တွေ့လျှင် ပထမလူအား နှင်ထုတ်ပစ်တတ်၍ သိုင်းလောက၌ နာမည်ဆိုးတွင်နေသူဖြစ်သည်။

ရုပ်ဆိုးကျောက်ပေါက်မာ ဂူကျောင်းသည် မာယာကုအင်းအား တမ်းတမ်းစွဲဖြစ်နေသူပင်။ သိုင်းပညာတော်ပြီး တစ်ဖွတ်ထိုး တဇောက်ကန်းတစ်ဦးလည်းဖြစ်သည်။

မာယာကုအင်းကို ဘယ်တော့မှ အပြစ်မမြင်ဘဲ မာယာကုအင်းနှင့် ပတ်သက်လာသူများအား ရန်ရှာလေ့ရှိသူလည်း ဖြစ်လေသည်။ ယန်လီနှင့်ချိန်လီတို့က ရုပ်ဆိုးကျောက်ပေါက်မာဂူကျောင်း၏ အကြောင်းကို မသိကြချေ။ ယန်လီက ...

"ခင်ဗျားနာမည် ဂူကျောင်းဆိုတော့ကော ကျုပ်တို့ ဂရုစိုက်ရမှာလား"

ချိန်လီက ...

"ခင်ဗျား ဝေးဝေးထွက်သွားရင် ကောင်းမယ်"

ဂူကျောင်းကို အထင်သေးစွာပြောရင်း မောင်းထုတ်လိုက်ကြသေး၏။ ရုပ်ဆိုးဂူကျောင်းက စကားတစ်လုံးမှ မပြောတော့ဘဲ ယန်လီနှင့်ချိန်လီတို့၏ ယယ်ထိပ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့သည်။

'ခွပ်'





"အား"

ယန်လီနှင့်ချိန်လီတို့၏ ဦးခေါင်းများ စိစိညက်ညက် ကြေသွားပြီး ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျအသက်ပျောက်သွားကြတော့သည်။

✦

ယခု ရုပ်ဆိုးဂူကျောင်းမှာ အလွန်ကြောက်စရာကောင်းအောင် ရက်စက်ကြမ်းကြုတ်သော စိတ်ထားနှင့် သိုင်းပညာရှိသူဖြစ်ကြောင်း အားလုံးသိရှိသွားကြပြီဖြစ်လေသည်။

အမျိုးသမီး (ဝါ) မာယာကုအင်း သက်ပြင်းချလိုက်သည်။ သူမ ထိုင်ရာမှထလိုက်သည်။ ရုပ်ဆိုးဂူကျောင်းကို တစ်ချက်ကြည့်ပြီး

"ကျွန်မရဲ့ စားသောက်ကျသင့်ငွေကို ရှင်ပဲ ရှင်းပေးလိုက်"

ဟု ပြောလိုက်သည်။ ထို့နောက် လဲကျသေဆုံးနေသည့် ယန်လီနှင့်ချိန်လီတို့အား လုံးဝဂရုမစိုက်ဘဲ ဆိုင်ထဲမှ ထွက်သွားလေသည်။ ရုပ်ဆိုးဂူကျောင်းက မာယာကုအင်း၏စကားကို တစ်သဝေမတိမ်း လိုက်နာလေသည်။

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေ ပေးချေလိုက်သည်။

ပြီးလျှင် ဆိုင်ထဲမှ အပြေးတစ်ပိုင်းထွက်ကာ မာယာကုအင်း

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

✦

မာယာကုအင်းနှင့် ရုပ်ဆိုးဂူကျောင်းသို့ ထွက်သွားကြပြီး ဖြစ်သည်။ ထိုအခါမှ ဆိုင်ထဲ၌ ဆူညံညံ ဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာလေတော့သည်။

သခင်မလေးချင်းလျှံလည်း သက်ပြင်းချလိုက်သည်။

"ရုပ်ဆိုးဂူကျောင်းရဲ့မေတ္တာစိတ်က အတော်ကို ကြောက်စရာကောင်းပါလား။ မာယာကုအင်းက သူ့ကို တမင်နှိပ်စက်နေတာပဲ"

မာယာကုအင်းနှင့်ရုပ်ဆိုးဂူကျောင်းတို့၏ ဖြစ်ရပ်မှာ သူ့ခန်းစာယူစရာ ဖြစ်နေပါတော့သည်။ သူတို့သည် သိုင်းလောက၌ ကျင်လည်ကျက်စားနေကြသူများ ဖြစ်သော်လည်း နာနာဘာဝ တောင်ကြားနှင့် ပတ်သက်ပြီး သူတို့ထံမှ ထွေထွေထူးထူး သိရနိုင်စရာ အကြောင်းမရှိပေ။

ထို့ကြောင့် သခင်မလေးချင်းလျှံက မာယာကုအင်းတို့အား မေ့ထားလိုက်ပြီး ခရီးဆက်ရန် ဆုံးဖြတ်ကာ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

✦ ✦ ✦



## အသွားမတော်တစ်လှမ်း

သခင်မလေးချင်းလျှံ ရှေ့ခရီးဆက်လာခဲ့ရာ သိုင်းလောကသားများ ကျင်လည်ကျက်စားနေသည့် အရပ်ဒေသတစ်ခုသို့ ရောက်ရှိလာလလေတော့သည်။"

သခင်မလေးချင်းလျှံက လမ်းမကြီးအတိုင်း လျှောက်လာရင်း တစ်နေရာသို့ အရောက်တွင် ...

"ကယ်တော်မူကြပါ"

အော်ဟစ်အကူအညီတောင်းသံနှင့်အတူ လမ်းကြားလေးတစ်ခုအတွင်းမှ ဒရောသောပါး ပြေးထွက်လာသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ရှိပြီး ဝက်ကြီးတစ်ကောင် ပြေးလာသည်နှင့်ပင် တူနေ၏။ ပြေးလွှားလာရင်း သခင်မလေး ချင်းလျှံနှင့် မလှမ်းမကမ်းသို့ရောက်လျှင် ...

"အောင်မယ်လေးဗျာ"

အသက်ရှူမွန်းကျပ်ကာ ဆက်မပြေးနိုင်တော့ဘဲ မြေပေါ်လဲကျသွားတော့သည်။ သခင်မလေးချင်းလျှံ စိုးရိမ်သွားလေသည်။ ထိုလူအနီးသို့ ချဉ်းကပ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်လိုဖြစ်တာလဲ"

မေးမြန်းရင်း ဖေးမလိုက်လေသည်။ ထိုလူက ...

"လူဆိုးတွေက ကျုပ်ဆီက ငွေလုယက်ဖို့ကြိုးစားလို့ ကိုယ်လွတ်ရုန်းပြေးလာခဲ့ရတာပါ မိန်းကလေး"

မောဟိုက်သံကြီးဖြင့် ပြောရင်း လူးလိမ့်ထလိုက်၏။ ထိုစဉ်

"ခင်ဗျား ဘယ်ပြေးမလဲ"

"သေဖို့ပြင်တော့"

အော်ငေါက်သံနှင့်အတူ အနက်ရောင်ဝတ်ထားသူ တစ်စု ပြေးလွှားလာသည်ကို တွေ့လိုက်ရလေသည်။

"အောင်မယ်လေး ... ကျုပ်ကိုကယ်ပါဦး"

လူဝကြီးက ထိတ်လန့်တကြားဖြင့် သခင်မလေးချင်းလျှံ၏ နောက်ကျောဘက်သို့ ပြေးဝင်လိုက်လေသည်။ သခင်မလေးချင်းလျှံလည်း လူဝကြီးအား ကူညီရန် ဆုံးဖြတ်ပြီး အနက်ရောင်ဝတ်ဆင်ထားသူများနှင့် ရင်ဆိုင်လိုက်လေသည်။

အနက်ရောင်ဝတ်ထားသူများသည် လူဝကြီးအား ကာကွယ်နေသော ချင်းလျှံကို မကျေမနပ်ဖြစ်သွားလေသည်။

"မိန်းကလေး သေချင်ပြီထင်တယ်"

"ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်နဲ့ ... ဘေးဖယ်လိုက်စမ်း"

ဟုလည်း အော်ငေါက်လိုက်ကြလေသည်။ သခင်မလေးချင်းလျှံက ...

"ရှင်တို့ရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ရပ်တန်းက ရပ်ပြီး





လှည့်ပြန်သွားတာအကောင်းဆုံး ဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင် ကျွန်မ ဆုံးမမောင်းထုတ်ရလိမ့်မယ်"

"ဘာပြောတယ်"

"သိကြသေးတာပေါ့"

အနက်ရောင်ဝတ်ထားသူများ ဒေါသတကြီးဖြစ်သွားကြပြီး သခင်မလေးချင်းလျှံအား ချက်ချင်း တိုက်ခိုက်လိုက်ကြလေတော့သည်။

သခင်မလေးချင်းလျှံကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ လမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။ သခင်မလေးချင်းလျှံ၏ ထက်မြက်သောသိုင်းကွက်များကြောင့် အနက်ရောင်ဝတ်ထားသူများ မယှဉ်နိုင်ကြတော့ဘဲ ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများနှင့်အတူ ဖရိုဖရဲဖြစ်သွားကြတော့သည်။ အနက်ရောင်ဝတ်ထားသူများမှာ သခင်မလေးချင်းလျှံ၏ သိုင်းပညာမခေမှန်းသိလျှင် ဆက်၍ မတိုက်ခိုက်ဝံ့တော့ဘဲ ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

✦

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူများ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။ သခင်မလေးချင်းလှျံက လူဝကြီးအား ပြုံးပြလိုက်သည်။

"ကဲ ... ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူးရှင်၊ လူဆိုးတွေ ထွက်ပြေးသွားကြပါပြီ"

လူဝကြီး ဝမ်းသာသွား၏။

"မိန်းကလေးကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး"

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်းပြော၏။

"အို ... ကိစ္စမရှိပါဘူးရှင်၊ ကျွန်မက"

သခင်မလေးချင်းလှျံသည် လမ်းကြို၍ ကူညီရခြင်းဖြစ်ကြောင်းပြောရန် ဟန်ပြင်လိုက်သော်လည်း စကားဆုံးအောင် မပြောလိုက်ရပါချေ။

လူဝကြီးက ဦးညွှတ်နေရာမှ ရုတ်တရက် အငိုက်ဖမ်းကာ တိုက်ခိုက်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

သခင်မလေးချင်းလှျံ အထိတ်တလန့် ဖြစ်သွား၏။ ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

လူဝကြီး၏အကောက်ကြံခြင်း ခံလိုက်ရသည်ဖြစ်ရကား ...



'ဝုန်း'

ကျယ်လောင်သောမြည်သံနှင့်အတူ လွင့်စဉ်သွားတော့သည်။

"ဟား ဟား ဟား"

လူဝကြီး ဟားတိုက်ရယ်မောလိုက်လေသည်။

"ကဲ မြစိမ်းတောင်က သခင်မလေးက ဘာတတ်နိုင်သေးသလဲ"

ထွက်ပြေးသွားကြသော အနက်ရောင်ဝတ်ထားသူများလည်း ပြေးလွှားရောက်ရှိလာကြပြီး သခင်မလေးချင်းလှျံအား ဝိုင်းရံထားလိုက်ကြလေသည်။

ယခုတစ်ကြိမ် အနက်ရောင်ဝတ်ထားသူများအား ဦးဆောင်လာသူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါး လူဗလံလေးတစ်ယောက် ဖြစ်လေသည်။

လူပိန်လေးကလည်း လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်လေသည်။

"သိပ်ကောင်းတယ်၊ မြစိမ်းတောင်ကို ဆုံးမချင်နေတာ ကြာပြီ၊ ခုမှပဲ ကျုပ်တို့ဆန္ဒပြည့်ဝတော့တယ်"

လူဝကြီးကို ချီးကျူးပြောဆိုပြီး သခင်မလေးချင်းလှျံကို မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"မြစိမ်းဒေဝီကိုမဆုံးမရလည်း မြစိမ်းသခင်မလေးကို ဆုံးမရရင် ကျေနပ်စရာပါပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

"သူ့ကို ဖမ်းချုပ်လိုက်စမ်း"

အနက်ရောင်ဝတ်ထားသူများအား အမိန့်ပေးလိုက်လေသည်။ အနက်ရောင်ဝတ်ထားသူများ ရှေ့တိုးလာကြ၏။

"အဟွတ် အဟွတ်"

သခင်မလေးချင်းလှျံ ချောင်းတဟွတ်ဟွတ်ဆိုးရင်း လူးလိမ့်ထလိုက်သည်။

"သတ္တိရှိရင် လာကြစမ်း"

ဟုအော်ငေါက်ကာ ရှေ့တိုးလာကြသော အနက်ရောင်ဝတ်ထားကြသူများအား ဆီးကြိုတိုက်ခိုက်လိုက်လေသည်။ သခင်မလေးချင်းလှျံ၏ လက်ချက်ကြောင့် အထိနာခဲ့ကြသော အနက်ရောင်ဝတ်ထားသူများ ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။ သခင်မလေးချင်းလှျံလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ၊

"ယား"

ဗြာသံပေးကာ မြေပေါ် ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်၏။

'ဟူး'

သူမ၏ခန္ဓာကိုယ်မှာ မီးခိုးတန်းပမာ အပေါ်ထိုးတက်ကာ အနီးရှိ အိမ်ခေါင်မိုးတစ်ခုပေါ်သို့ ရောက်ရှိသွားလေသည်၊ သူမသည် ခေါင်မိုးတစ်ခုမှတစ်ခု ခုန်ကူးကာ ပြေးလွှားသွားတော့သည်။

လူဝကြီးနှင့်လူ့ဗလံလေးတို့ ခံပြင်းသွားကြ၏။





"တောက် ...လွတ်သွားပြီ"

"အသုံးမကျတဲ့ကောင်တွေ ... လိုက်ကြစမ်း"

အနက်ရောင်ဝတ်ဆင်ထားသူများကို အော်ငေါက်ကာ သူတို့ကိုယ်တိုင်လည်း သခင်မလေးချင်းလှျံနောက်သို့ ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှာနေသူ

နံနက်ခင်း နေရောင်ခြည်သည် ပူနွေးစွာ ကျရောက်နေလေသည်။

နံနက်ခင်းအချိန်၌ တစ်ညတာ အိပ်စက်အနားယူခဲ့သော မြို့ကလေးများလည်း သက်ဝင်လှုပ်ရှားကာ စည်စည်ကားကား ဖြစ်လာသည်။

မင်းလမ်းတစ်လျှောက် ဈေးသည်များ၏အသံများ ဆူညံနေ၏။ လမ်းသွားလမ်းလာများ၊ ဈေးဝယ်လာသူများကလည်း လက်ညှိုးထိုးမလွဲအောင် ရှိနေသည်။

ဈေးတန်းလေးအတွင်းရှိ တို့ဟူးဆိုင်လေးတစ်ဆိုင်၌ စုမာကြိုး ထိုင်ကာစားသောက်နေသည်။ စုမာကြိုးမှာ အသက်နှစ်ဆယ်ခန့်သာ ရှိသေးသော လူရွယ်လူရွယ် တစ်ဦးဖြစ်သည်။

ယောကျ်ားပီသစွာ ချောမောပြီး ကြံ့ခိုင်သန်စွမ်းသူတစ်ဦးလည်း ဖြစ်သည်။

စုမာကြိုးအား မိန်းကလေးများက စိတ်ဝင်စားကြသည်။

သို့သော် စုမာကြိုးမှာ သိုင်းပညာမှလွဲပြီး တခြား ဘာကိုမှ စိတ်မဝင်စားတော့ချေ။



သူ၏ရည်ရွယ်ချက်မှာ တစ်နေ့တွင် ထိပ်တန်းသိုင်းသမားတစ်ဦးအဖြစ် သိုင်းလောက၌ ကျင်လည်ကျက်စားနိုင်ရေး ဖြစ်လေသည်။

ထိုရည်ရွယ်ချက်ကြောင့်လည်း ထိပ်တန်းသိုင်းကျောင်း၌ လာရောက်သိုင်းပညာသင်ကြားနေခြင်း ဖြစ်လေသည်။

စုမာကြိုး စားသောက်ပြီး၍ ငွေရှင်းကာ ဆိုင်ထဲမှထွက်လိုက်လျှင် မိန်းမချောလေးတစ်ယောက်နှင့် ရင်ဆိုင်တိုးမိလိုက်လေသည်။

မိန်းမချောလေးမှာ ထိပ်တန်းသိုင်းကျောင်းပိုင်ရှင် သိုင်းဆရာကြီးကျို့ကျောက်၏ တစ်ဦးတည်းသောသမီး ကျို့ကျင်းလင်းဖြစ်လေသည်။

ကျို့ကျင်းလင်းသည်လည်း အခြားသောမိန်းကလေးများကဲ့သို့ စုမာကြိုးအား တိတ်တခိုးလေး မေတ္တာသက်ဝင်နေသူ ဖြစ်လေသည်။ ကျို့ကျင်းလင်းက ပါးချိုင့်ခွက်လေးများပေါ်လာအောင် ပြုံးရင်း ...

"အစ်ကိုနဲ့တွေ့တာ အတော်ပဲ၊ အစ်ကိုပြန်မှာမဟုတ်လား၊ ကျွန်မ မနိုင်မနင်း ဖြစ်နေတာ ကူပြီးသယ်ပေးဦးနော်"

ခပ်နွဲ့နွဲ့လေးပြောလာလေသည်။

"ကောင်းပါပြီ ညီမရယ်"

စုမာကြိုးက ကျို့ကျင်းလင်း၏လက်ထဲမှ ခြင်းတောင်းကို ဆွဲယူလိုက်လေသည်။ ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ... ဒါ ဘာလုပ်တာလဲ"

ကျယ်လောင်သော အော်ငေါက်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုမာကြီး ခေါင်းနားပန်းကြီးသွား၏။ အသံကြားလိုက်ရသည်နှင့် "ဆားယိစုံ" ၏အသံဖြစ်ကြောင်း မှတ်မိလိုက်သည် မဟုတ်ပါလား။

ဆားယိစုံ ...။

ဆားယိစုံသည်လည်း ထိပ်တန်းသိုင်းကျောင်း၌ သိုင်းပညာလာရောက်သင်ကြားနေသူဖြစ်သည်။

သိုင်းကျောင်းသို့ရောက်လာသည်မှာ နှစ်အတော်ကြာနေပြီဖြစ်ရကား ဆရာကြီးကျိုကျောက်၏ လက်ရုံးတပည့်ကြီးအဖြစ် အထူးအရေးပေးခံရသူလည်း ဖြစ်လေသည်။

ဆရာကြီးကျိုကျောက်က မျက်နှာသာပေးထားခြင်းကြောင့် ဆားယိစုံက ဘဝင်မြင့်နေ၏။

မိန်းမချောလေး ကျိုကျင်းလင်း၏ မျက်နှာသာပေးခြင်းခံရသော စုမာကြီးကို ကြည့်မရအောင် ဖြစ်နေသူပင်။

ဆားယိစုံမှာ ဆရာကြီးကျိုကျောက်၏လက်ရုံးအဆင့်သို့ ရောက်နေသကဲ့သို့ အခြားသောသင်တန်းသားများထက် သိုင်းပညာ ပိုတော်သူဖြစ်နေသည်။

သင်တန်းသားများသည် ဆရာကြီးကျိုကျောက်ထက် ဆားယိစုံကို ပိုကြောက်နေရသည်ဟု ဆိုနိုင်ပါတော့သည်။





စုမာကြီး အထိတ်တလန့် ဖြစ်နေချိန်မှာပင် ဆားယိစုံက အနီးသို့ ရောက်ရှိလာ လသည်။ စုမာကြီးကို စားမတတ် ဝါးမတတ် စိုက်ကြည့်ပြီး အော်ငေါက်ခြိမ်းခြောက်လိုက်လေသည်။

"စုမာကြီး ... မင်းကို ငါ ဘာပြောထားသလဲ"

စုမာကြီး မျက်နှာပျက်သွား၏။

"ကျုပ် ကျုပ်က"

"ညီမလေး ကျို့ကျင်းလင်းနဲ့ မပတ်သက်ရဘူး၊ ဝေးဝေးရှောင်နေရမယ်လို့ ပြောထားတယ်မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် အခု မင်း ဘာလုပ်နေတာလဲ"

"ကျုပ် ကျုပ်"

"ညီမလေးရဲ့လက်ကို မင်း အတင်းဆွဲနေတာ ငါမမြင်ဘူးမှတ်သလား"

စုမာကြီး ခေါင်းခါယမ်းလိုက်လေသည်။

"ဟာ ... မဟုတ်ပါဘူးဗျာ၊ သူက မနိုင်မနင်းဖြစ်နေလို့ ဈေးခြင်းတောင်းကို ကူသယ်ပေးမလို့ပါ"

သူရှင်းပြလိုက်သော်လည်း ဆားယိစုံကလက်မခံဘဲ အတင်းစွပ်စွဲကာ အပြစ်ပြောနေလေသည်။

"အံမယ် ... ငါ့မျက်စိနဲ့ တွေ့တာတောင် မင်းက လိမ်ပြောချင်သေးတယ်၊ ငါ့ကို ဂရုမစိုက်တဲ့ကောင် သိကြသေးတာပေါ့"

ဆားယိစုံက လက်ပြန်ရိုက်ချလိုက်ရာ ဖြောင်းခနဲမြည်သံ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ စုမာကြိုး၏မျက်နှာတစ်ခုလုံး ထူပူသွားလေတော့သည်။ ဆားယိစုံက ...

"နောက်တစ်ခါ သည်ထက်နာမယ်မှတ်ထား"

စု အသားလွတ် ကြိုးဝါးပြီး ဈေးခြင်းတောင်းကို ဆွဲယူလိုက်လေသည်။

"လာ ညီမ ... ဈေးခြင်းတောင်းကို ကျုပ်ကူဆွဲပေးမယ်"

ကျို့ကျင်းလင်းကိုပြောကာ ရှေ့မှထွက်သွားလေသည်။ ကျို့ကျင်းလင်းသည်လည်း ဖခင်ကြီးက မျက်နှာသာပေးထားသော ဆားယိစုံကို မလွန်ဆန်ဝံ့ချေ။

စုမာကြိုးအား တစ်ချက်ကြည့်ပြီး ဆားယိစုံနောက်သို့ လိုက်ပါသွားတော့သည်။

စုမာကြိုးကား နာကျင်သွားသောမျက်နှာကို ပွတ်သပ်ရင်း စိတ်ပျက်စွာဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

✦

ည ...။

ကောင်းကင်ထက်၌ လဝန်းထိန်ထိန်သာနေသည်။ အေးမြသော လရောင်များ ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ထိုးကျလာလေသည်။



ညဉ့်နက်ပြီဖြစ်သော်လည်း စုမာကြိုး အိပ်မပျော်နိုင်ပါသေးချေ။ ဆားယိစုံက ဆရာကြီးကျိုကျောက်အား မလိုတမာ စကားဆိုခဲ့ခြင်းကြောင့် ဆရာကြီးကျိုကျောက်သည် အကြောင်းမရှိ အကြောင်းရှာကာ အပြစ်ပေးခဲ့သည်။

စုမာကြိုးအား တစ်နေကုန် ရေခပ်၊ ထင်းခွဲ၊ မြေတူး အလုပ်ကြမ်းများ လုပ်ခဲ့ရတော့သည်။ ညဘက်ရောက်သောအခါ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတော့သည်။

ဆားယိစုံက ချမ်းသာကြွယ်ဝသော သူဌေးသားတစ်ဦး ဖြစ်သည်။

စုမာကြိုးကား မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ကာ ရှိစုမဲ့စု ငွေလေးဖြင့် သိုင်းလာသင်နေခဲ့သည့် မျက်နှာမွဲတစ်ယောက် ဖြစ်လေသည်။

စုမာကြိုးက ညဉ့်နက်သည့်တိုင်အောင် အိပ်မပျော်နိုင်ခြင်းမှာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည့်အပြင် အခြားသော အကြောင်းကိစ္စတစ်ခုကြောင့်လည်း ဖြစ်သည်။

သူ၏ဘဝရှေ့ရေးကို တွေးတောပြီး အတွေးကြွယ်ကာ အိပ်မပျော်နိုင်အောင် ဖြစ်နေရခြင်းပင်။

"သည်မှာ ဆက်နေလို့ကတော့ သိုင်းပညာကို ကောင်းကောင်းသင်ရမှာမဟုတ်တဲ့အပြင် အနိုင်ကျင့်ခံနေရတော့မှာ သေချာတယ်၊ ငါ့ရဲ့ရည်မှန်းချက်အတိုင်း ဖြစ်လာနိုင်တော့မယ် မထင်ဘူး"

သူ၏ အဓိကရည်ရွယ်ချက်မှာ တစ်နေ့တွင် ထိပ်တန်း သိုင်း

www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ယောက် ဖြစ်လာဖို့ပင်။ သူ၏ရည်ရွယ်ချက်အတိုင်း ဖြစ်မလာနိုင်တော့သည့် အခြေအနေကြောင့် စိတ်ပျက်သွားခြင်းဖြစ်သည်။

"ငါ့ရဲ့ရည်ရွယ်ချက်အတိုင်း ဖြစ်ဖို့ဆိုရင် သည်က ထွက်သွားပြီး တခြားတစ်နေရာရာမှာ သိုင်းသွားသင်မှပဲ ဖြစ်နိုင်တော့မယ်"

ထိုအတွေးက သူ့အား ထိပ်တန်းသိုင်းကျောင်းမှ ထွက်သွားရန် လှုံ့ဆော်လာလေသည်။ စုမာကြီး အကြိမ်ကြိမ်အဖန်ဖန်တွေးတောစဉ်းစားပြီးလျှင် ...

"ငါ ထွက်သွားတော့မယ်"

ဟူသော ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်လေတော့သည်။

✦

နံနက်မိုးလင်းတော့မည်ဖြစ်သည်။ စုမာကြီးက စောစောစီးစီး အခန်းထဲမှ ထွက်လာခဲ့လေသည်။ သူပိုင်ဆိုင်သော အဝတ်အစားနှင့် ပစ္စည်းအနည်းငယ်ကို ထုပ်ပိုးကာ ပခုံး၌လွယ်၍ ထွက်လာခဲ့သည်။

ထိပ်တန်းသိုင်းကျောင်းမှ မည်သူမျှမသိအောင် တိတ်တိတ်ကလေး ထွက်သွားတော့မည်ဖြစ်လေသည်။ စုမာကြီး ခြေဖော့





နင်းကာ ထွက်လာရင်း သိုင်းကျောင်းအဆောက်အအုံအပြင်ဘက်သို့ ရောက်မှန်းမသိ ရောက်သွား၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရသဖြင့် စုမာကြီး ဝမ်းသာသွားလေသည်။

"အင်း ... ငါထွက်သွားတာကို သိကြရင် ဘဘဟန်တစ်ယောက်သာ စိတ်မကောင်းဖြစ်မှာပါ။ ဆားယိစုံတို့ကတော့ ဝမ်းတောင်သာနေကြဦးမှာပါ"

ဘဘဟန်မှာ ညစောင့်ကြီးဖြစ်သည်။ စုမာကြီးနှင့်ခင်မင်ရင်းနှီးပြီး စုမာကြီး ကြုံတွေ့နေရသော အဖြစ်အပျက်များကို ကောင်းစွာခံစားနားလည်ကာ ကရုဏာသက်နေသူ ဖြစ်လေသည်။

စုမာကြီးက ဘဘဟန်ကို သံယောဇဉ်ရှိသော်လည်း နှုတ်ဆက်ဖို့ စိတ်မကူးတော့ပါ။ မည်သူမှမသိအောင် တိတ်တိတ်ကလေး ထွက်သွားခြင်းက သူ့အတွက် အကောင်းဆုံးမဟုတ်ပါလား။ စုမာကြီး ရှေ့ဆက်ထွက်လာသည်။

"မင်း ထွက်သွားတော့မလို့လား"

နောက်ကျောဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

စုမာကြီး ရင်ထိတ်ကာ ခြေလှမ်းရပ်သွားလေသည်။ ကပျာကယာ လှည့်ကြည့်လိုက်လျှင် လူတစ်ယောက်က သူ့အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား ညစောင့်ကြီး ဘဘဟာန်ဖြစ်ပါတော့သည်။ ဘဘဟာန်က ...

"တစ်နေ့မဟုတ်တစ်နေ့ မင်းထွက်သွားတော့မယ်ဆိုတာ ငါ နားလည်ပြီးသားပါ"

ဟု ပြောလေသည်။ စုမာကြီးက ...

"ဟုတ်ပါတယ် ဘဘ ... သည်မှာဆက်နေလို့ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်အတိုင်း ပြည့်ဝနိုင်တော့မှာမဟုတ်ဘူးဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သိလိုက်ပါပြီ"

အမှန်အတိုင်း ဝန်ခံလိုက်လေသည်။ ဘဘဟာန်က ...

"ဟုတ်တယ် ... မင်း သည်မှာ ဆက်မနေသင့်တော့တာ အမှန်ပဲ"

"ဟုတ်ပါတယ် ... ကျွန်တော် သွားပါတော့မယ် ခင်ဗျာ"

"အေး အေး"

ဘဘဟာန်က ခွင့်ပြုလိုက်လေသည်။ စုမာကြီး ထွက်သွားရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျောမလုံသလို ဖြစ်နေ၏။ ခြေသုံးလှမ်းခန့် လှမ်းသွားပြီး ခြေလှမ်း တုံ့ခနဲ ရပ်သွားလေသည်။

ဘဘဟာန်ကို လှည့်ကြည့်လိုက်လေသည်။ ဘဘဟာန်က ...

"မင်းသွားတာတော့ ဟုတ်ပါပြီ၊ ဘယ်ကိုသွားမယ်လို့ စိတ်ကူးထားသလဲ"

စုမာကြီးက ...

"ကျွန်တော်"



ဘဘဟာန်က ...

"ထိပ်တန်းသိုင်းပညာသင်ယူလို့ ရနိုင်မယ့် တစ်နေရာရာကို သွားဖို့ မင်း စိတ်ကူးထားတယ် မဟုတ်လား"

စုမာကြီးက ...

"ဟုတ်ပါတယ် ခင်ဗျာ"

ဘဘဟာန်က ...

"တစ်ယောက်ယောက်က မင်းရဲ့ဆန္ဒပြည့်ဝအောင် သင်ပေးနိုင်မယ်များ ထင်နေသလား"

"ဗျာ"

"ထိပ်တန်းသိုင်းပညာကို လွယ်လွယ်နဲ့ သင်ယူခွင့်ရမယ်၊ တစ်ယောက်ယောက်က သင်ပေးလိမ့်မယ် ထင်နေရင် မင်းမှားသွားလိမ့်မယ်"

စုမာကြီး ငိုင်သွားလေသည်။ ဘဘဟာန် စကားဆက်လိုက်သည်။

"သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးပွေလီတဲ့ လောကပါ။ သိုင်းသမားတွေဆိုတာကလည်း စိတ်နေသဘောထား အင်မတန် ထူးခြားကြတယ်၊ မင်း သိပ်ကံကောင်းမှ မင်းရဲ့ဆန္ဒ ပြည့်လိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့ ဘယ်နေရာကိုရောက်ရောက် အကြောင်းထူးမယ် မထင်ဘူး"

စုမာကြီး သက်ပြင်းချလိုက်သည်။

"ဘဘပြောတဲ့အတိုင်း ကျွန်တော့်ရဲ့ရည်ရွယ်ချက် ပြည့်ဝ

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ခက်ခဲလိမ့်မယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်ခင်ဗျာ"

ဘဘဟန်က ...

"တစ်ခုတော့ရှိတယ် ... မင်းက သူများထက်ပိုပြီး ရဲဝံ့မယ်, စွန့်စားမယ်, အန္တရာယ်ဟူသမျှကို ရင်ဆိုင်ဝံ့တယ်ဆိုရင်တော့ မင်းရဲ့ ဆန္ဒ ပြည့်ဝစေနိုင်မယ့် နည်းလမ်းတစ်ခုတော့ ရှိတယ်"

ထိုစကားကြောင့် စမာကြိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ကျွန်တော် အသက်သေချင်သေပါစေ ... ထိပ်တန်းသိုင်း ပညာ ရမယ်, ကျွန်တော့်ဆန္ဒ ပြည့်ဝမယ်ဆိုရင်တော့ ကျွန်တော်စွန့် စားဝံ့ပါတယ် ခင်ဗျာ"

"မင်း သေချာတယ်နော်"

"ဟုတ်ကဲ့ ... သေချာပါတယ်"

ဘဘဟန်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

"တစ်နေ့မှာ ဆရာကြီးကျိုကျောက်က ဆားယိစုံကို ပြော နေတာ ငါအမှတ်မထင် ကြားခဲ့ရတယ်၊ နာနာဘာဝတောင်ကြားကို ရောက်အောင်သွားနိုင်ရင် ပြိုင်ဘက်ကင်းတဲ့ သိုင်းပညာ ရနိုင်တယ် ဆိုတာပဲ"

"နာနာဘာဝတောင်ကြား ... ဟုတ်လား"

"အေး ... နာနာဘာဝတောင်ကြားထဲမှာ မိစ္ဆာမြွေးလိုဏ်ဂူ ကြီး ရှိတယ်၊ လိုဏ်ဂူကြီးထဲမှာ ပြိုင်ဘက်ကင်းသိုင်းကျမ်းတစ်ဆူ





ရှိနေတယ်လို့ ပြောတာပဲ"

စမာကြိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"နာနာဘာဝတောင်ကြားကို ဘယ်လိုသွားရမယ်ဆိုတာ ဘဘသိသလားဟင်"

ဘဘဟန် ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ငါမသိဘူး ... ဒါပေမဲ့ နာနာဘာဝတောင်ကြား အကြောင်းကို သိုင်းလောကသားတိုင်းလိုလို ပြောဆိုနေကြတော့ မင်း စုံစမ်းလို့ လွယ်မယ်ထင်ပါတယ်၊ ဒါကြောင့် သည်ကထွက်ပြီး နာနာဘာဝတောင်ကြားကို သွားတာ မင်းအတွက် အကောင်းဆုံး ဖြစ်မယ် ငါထင်မိတာ"

ဘဘဟန်မှာ သိုင်းလောကသားတစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် နာနာဘာဝတောင်ကြားအကြောင်းကို ရှင်းပြနိုင်မည် မဟုတ်ပါ။

နာနာဘာဝတောင်ကြားမှ မိစ္ဆာမြွေးလိုဏ်ဂူ၌ ပြိုင်ဘက် ကင်းသိုင်းကျမ်းတစ်ဆူရှိသည်ဟု ပြောဆိုနေကြသည်ကို ကြားမိ၍ ယခုကဲ့သို့ ပြောပြနေခြင်းဖြစ်သည်။ စမာကြိုးလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

"ကောင်းပါပြီ ခင်ဗျာ ... အပြင်လောကကိုရောက်တော့မှပဲ နာနာဘာဝတောင်ကြားအကြောင်းကို စုံစမ်းပြီး ကျွန်တော် သွား လိုက်ပါ့မယ်၊ ခုလို ပြောပြတဲ့အတွက် ဘဘကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းရဲ့လိုအင်ဆန္ဒတွေ ပြည့်ဝပါစေလို့ ငါ ဆုတောင်း ပေးလိုက်ပါတယ်၊ ကဲ ကဲ ... သွားပေတော့"

"ဟုတ်ကဲ့"

စုမာကြီးလည်း ဘဘဟန်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

✦ ✦ ✦



## ခရီးသည်

တောလမ်းကလေးတစ်ခု ...။

တောလမ်းကလေးအတိုင်း လူငယ်တစ်ဦးက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာလေသည်။

စုမာကြီး ဖြစ်လေသည်။

စုမာကြီးက ခရီးထွက်လာရင်း မောပန်းလာသည့်အလျောက် အရိပ်ကောင်းသောသစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်တန့်ကာ ခေတ္တအနားယူဖို့ ဆုံးဖြတ်လိုက်လေသည်။

သစ်ပင်ရိပ်အောက်၌ ဆိုင်ချပြီး အသင့်ယူဆောင်လာသောပေါက်စီများထုတ်ယူကာ စားသောက်လိုက်လေသည်။

ပေါက်စီတစ်လုံး စားပြီးချိန်၌ ...

"စားစရာလေးပါရင် ခွန့်ကြဲကြပါ"

သနားစရာကောင်းသော တောင်းရမ်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုမာကြီး အံ့သြသွားလေသည်။

တောင်းရမ်းသံထွက်ပေါ်လာရာသို့ ကြည့်လိုက်ရာ ချုံပုတ်ကြီးတစ်ခုထဲမှ တိုးထွက်လာသည့် သူတောင်းစားလေလွင့်ဝေဒါကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တွေ့လိုက်ရလေသည်။

လေလွင့်ဝေဒါကြီးသည် တောလမ်းအတိုင်း ခရီးနှင်လာခဲ့ပြီး ပင်ပန်းနွမ်းနယ်သဖြင့် ချုံပုတ်ကြီးတစ်ခုအတွင်း၌ ဝင်ရောက်အိပ်စက်နေခဲ့ခြင်း ဖြစ်ပုံရလေသည်။

စုမာကြိုးက လေလွင့်ဝေဒါကြီးကို အကဲခတ်လိုက်၏။

ဝေဒါကြီးက ...

"သနားသဖြင့် ကျုပ်ကို ပေါက်စီတစ်လုံးလောက် ကျွေးပါလားကွယ်"

ထပ်မံတောင်းရမ်းလာလေသည်။ စုမာကြိုး ခေါင်းညိတ်လိုက်သည်။

"ရပါတယ် ခင်ဗျာ"

ပေါက်စီသုံးလုံးကျန်နေသည့်အနက် နှစ်လုံးကိုပေးလိုက်လေသည်။

"ကျေးဇူးပဲ ကျေးဇူးပဲ"

ဝေဒါကြီးက ပေါက်စီနှစ်လုံးကိုယူကာ ပလုတ်ပလောင်းစားပစ်လိုက်ရာ တစ်ခဏအတွင်းပင် တက်တက်စင် ပြောင်သွားလေတော့သည်။

စုမာကြိုး သက်ပြင်းချလိုက်သည်။

ဝေဒါကြီးကြောင့် ဆက်ပြီးအနားမယူတော့ဘဲ ထိုင်ရာမှထကာ ထွက်လာခဲ့လေတော့သည်။

✦





စုမာကြိုး ရှေ့ခရီးဆက်လာခဲ့ရာ မကြာမီ မြို့ကလေး တစ်မြို့သို့ ရောက်ရှိလာလေတော့သည်။

မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေသည်။ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၌လည်း လူပြည့်နေသည်။

စုမာကြိုးက နာနာဘာဝတောင်ကြားသို့ သွားမည်ဟု ရည်ရွယ်ထားရကား ...

"လူဝင်လူထွက်များတဲ့ နေရာမှာ သတင်းစုံကြားရတတ်တယ်၊ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ ခဏအနားယူ စားသောက်ရင်း သတင်းစုံစမ်းကြည့်မှပဲ"

ဟု တွေးကာ လူစည်ကားနေသော စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်လိုက်လေသည်။ ထို့နောက် ဆိုင်လုလင်များ နေရာချထားပေးသော စားပွဲတစ်လုံး၌ထိုင်ကာ စားစရာအချို့ မှာကြားစားသောက်လိုက်လေသည်။

ထိုစဉ် သူ၏နံဘေး၌ လူတစ်ယောက် ဝင်ထိုင်လိုက်သဖြင့် စုမာကြိုးက ကြည့်လိုက်ရာ တောလမ်း၌ တွေ့ခဲ့ရသော ဝေဒါကြီး ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ဝေဒါကြီးက ပြုံးပြလိုက်သည်။

"ဘာလဲ ... ကျုပ်ကိုတွေ့လိုက်ရလို့ ထိတ်လန့်သွားတာလား၊ မပူပါနဲ့ကွာ ... သည်တစ်ခါ ဘာမှ မကျွေးရတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စုမာကြိုးလည်း ဘာမှ ပြောမနေတော့ဘဲ မှာကြားထားသော စားစရာများ ရောက်လာလျှင် ခေါင်းငုံ့စားသောက်နေလိုက်လေသည်။

ရုတ်တရက် ဆူဆူညံညံဖြစ်နေသော ဆိုင်ထဲမှ စကားသံများ တိတ်ဆိတ်သွားလေသည်။

စုမာကြိုး အံ့သြသွား၏။ ထူးခြားမှုတစ်ခုခု ရှိနေပြီဖြစ်ကြောင်း နားလည်မိကာ ခေါင်းထောင်ကြည့်လိုက်လျှင် ဆိုင်ထဲဝင်လာသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးမှာ ငယ်ရွယ်နုပျိုပြီးနတ်မိမယ်လေးအလားချောမောလှပနေသည်ကို တွေ့ရလေသည်။ စုမာကြိုးလည်း မိန်းကလေးကိုတွေ့ရလျှင် မှင်တက်မိကာ ငေးမောသွားလေတော့သည်။

သူက သိုင်းပညာကိုသာ အာရုံစူးစိုက်ထားခဲ့သည်။ မိန်းကလေးများနှင့် အခြားသောကိစ္စအဝဝကို လျစ်လျူရှုထားခဲ့သည်။

မိန်းမချောလေး ကျို့ကျင်းလင်းကိုပင် ရှိသည်ဟု သဘောမထားခဲ့သူ ဖြစ်လေသည်။

ယခုတော့ ဆိုင်ထဲဝင်လာသည့် မိန်းကလေးက သူ့အားညှို့ယူဖမ်းစားထားလိုက်ပြီ ဖြစ်လေသည်။

ထိုနတ်မိမယ်လေးကြောင့် သူ၏ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ဝေဒါကြီး၏အသံကြားရမှ ပြန်လည်သတိဝင်လာသည်အထိပင်။ ဝေဒါကြီးက ...



"မင်းက သူ့ကိုကြည့်နေတာလား"

စုမာကြိုး ကျွဲမြီးတိုသွား၏။

"ဘာဖြစ်လို့လဲဗျ"

ဝေဒါကြီးက ...

"ဘာထူးခြားတာ တွေ့သလဲ"

ထိုအချိန်မှာပင် နတ်မိမယ်လေးက ...

"အရက်ပြင်းတစ်ကရားယူလာပေးပါရှင်"

ဆိုင်လုလင်အား အရက်မှာလိုက်လေသည်။ စုမာကြိုး အံ့သြသွားသည်။

"ထူးခြားလိုက်တာ ... မိန်းကလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ အရက်သောက်တယ်"

ဝေဒါကြီး ပြုံးလိုက်သည်။

"အရက်ကောင်း အရက်ပြင်းပြင်းမှ သောက်တာနော် ... ပေါ့သေးသေး မဟုတ်ဘူး"

နတ်မိမယ်လေးသည် အရက်ကရား ရောက်လာသည်နှင့် တစ်ခွက်ပြီးတစ်ခွက် ငှဲ့ကာ သုံးခွက်တိတိ ဆင့်၍သောက်ချလိုက်လေသည်။ စုမာကြိုး ပိုပြီး အံ့သြသွား၏။

"အရက်သောက်ပုံကလည်း တယ်ကြမ်းပါလား"

ဝေဒါကြီးက ...

"သူ့မျက်နှာက သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေတာကော မင်းသတိပြုမိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ဗျာ၊ ကျွန်တော် အခုမှ သတိထားမိတယ်"

မှန်လေသည်။ နတ်မိမယ်လေး၏မျက်နှာမှာ သွေးရောင်ဖျော့ဖျော့သာရှိကာ ဖြူဆွတ်နေသည် မဟုတ်လား။ ဝေါကြီးက ...

"အဲဒါ ဘာကြောင့်လဲ ... မင်းသိလား"

စုမာကြိုး ဘာမှမပြောဘဲ နေလိုက်၏။ ဝေါကြီးက ...

"အဲဒါ အတွင်းအားနဲ့ သိုင်းပညာပျက်လို့ ဒဏ်ရာရထားတဲ့ ပုံသဏ္ဍာန်မျိုးကို ဖော်ပြနေတာပေါ့ကွာ"

စုမာကြိုးက ...

"အတွင်းဒဏ်ရပြီး သိုင်းပညာ ပျက်နေတဲ့သဘော ဟုတ်လား"

"သေချာတာပေါ့၊ သည်လို ဝေဒနာခံစားနေရသူတွေဟာ အရက်ကို မပြတ်တမ်း သောက်ဇာတ်ကြတယ်လေ"

အဘယ်ကြောင့် အရက်မပြတ်တမ်း သောက်ရကြောင်း စုမာကြိုး မေးမြန်းရန် ဟန်ပြင်လိုက်စဉ် ဆိုင်ထဲသို့ လူနှစ်ယောက် လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဆန့်ကျင်ဘက်ဖြစ်နေကြောင်း စုမာကြိုး ချက်ချင်းသတိပြုမိလိုက်လေသည်။

တစ်ယောက်က လူဝကြီးတစ်ဦးဖြစ်ပြီး ကျန်တစ်ယောက်မှာ လူ့ဗလံလေး ဖြစ်လေသည်။





ထိုလူနှစ်ယောက် နတ်မိမယ်လေးထံသို့ လှမ်းသွားလိုက်ကြလေသည်။

ဝေါကြီးက ...

"တစ်ခုခုတော့ တစ်ခုခုပဲ"

ဟု ရေရွတ်ကာ သက်ပြင်းချလိုက်လေသည်။ ဆန့်ကျင်ဘက် လူနှစ်ယောက်သည် နတ်မိမယ်လေးအနီးသို့ ရောက်ရှိသွားကြသည်။ တစ်ယောက်က ...

"မိန်းကလေး ... ကျုပ်တို့နောက်ကို အသာတကြည်လိုက်ခဲ့မှာလား"

ဟု အေးတိအေးစက် မေးလေသည်။

နတ်မိမယ်လေး ပြုံးလိုက်သည်။

"ကျွန်မက ရှင်တို့ကို ဆုံးမဖို့ စိတ်ကူးနေတာရှင့်"

လူဝကြီးက ...

"စဉ်းစဉ်းစားစားပြောပါ မိန်းကလေး ... မိန်းကလေးမှာ အတွင်းဒဏ်ရထားပြီးပါပြီ၊ ကျုပ်တို့ကို တိုက်ခိုက်ဖို့ ကြိုးစားရင် မိန်းကလေးပဲ ဒုက္ခရောက်သွားမှာပေါ့"

နတ်မိမယ်လေးက ...

"ကျွန်မ သေရမယ်ဆိုရင် ရှင်တို့နှစ်ယောက်ကိုလည်း အဖော်ခေါ်သွားရမှာပေါ့ရှင်"

လူဝကြီး ခေါင်းခါယမ်းလိုက်သည်။

"စိတ်မကောင်းစရာပဲ၊ မိန်းကလေးက ကျုပ်တို့ကို တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ဖို့ တတ်နိုင်တော့မှာမဟုတ်ပါဘူး"

လူ့ဗလံလေးက ...

"မိန်းကလေးရဲ့သိုင်းပညာကို ဖျက်ဆီးပစ်ရရင် ကျုပ်တို့ ကျေနပ်ပါတယ်၊ မိန်းကလေးရဲ့အမေ တစ်သက်လုံး နောင်တရနေအောင်ပေါ့"

ဝေဒါကြီးသည် ပြောဆိုနေကြသည့် စကားများကို နားထောင်ပြီး ...

"ဟိုလူနှစ်ယောက်က မိန်းကလေးရဲ့အမေကို မကျေနပ်တာနဲ့ မိန်းကလေးကို ဒုက္ခပေးခဲ့ကြတာပဲ ဖြစ်မယ်"

ဟု စုမာကြီးဘက်သို့လှည့်ကာ ပြောပြလေသည်။ စုမာကြီးနှင့် ဝေဒါကြီးတို့မှာ တဖြည်းဖြည်းနှင့် ခင်မင်ရင်းနှီးသူများပမာ ဖြစ်လာကြလေသည်။

နတ်မိမယ်လေးက ဆတ်ခနဲ ထရပ်လိုက်လေသည်။ သူမ၏ မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"ရှင်တို့နှစ်ယောက် သေချင်နေကြပြီ"

လက်တစ်ဖက် ဝှေ့ယမ်းလိုက်သောအခါ သူမ၏လက်ထဲ ဓားတစ်လက်ပါလာလေသည်။

"သေလိုက်စမ်း"

ဓားဝှေ့ယမ်းလိုက်လျှင် လူ့ဗလံလေးအား ရှပ်ပြီးခုတ်ချမိလိုက်လေတော့သည်။

"အား"



လူ့ဗလံလေးမှာ နတ်မိမယ်လေး၏ အလွန်လျင်မြန်လှသော ဓားချက်ကို မရှောင်နိုင်လိုက်ချေ။

"သတိထား"

လူဝကြီးကလည်း အထိတ်တလန့်ဖြင့် လူ့ဗလံလေး၏ ပခုံးကို ရှပ်ခုတ်ချမိကာ သွေးများစီးကျလာလေတော့သည်။ တိုက်ပွဲမစမီ လူ့ဗလံလေး ဒဏ်ရာရသွားပြီဖြစ်လေသည်။

လူ့ဗလံလေး ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"မင်း ... မင်း ရက်စက်လှချည်လား၊ သည်ကနေ့ မင်းကို မသတ်ရရင် ကျုပ် ကျေနပ်မှာ မဟုတ်ဘူး"

"ဟုတ်တယ် သတ်ပစ်"

လူဝကြီးကလည်း အော်ပြောလိုက်လေသည်။

နှစ်ယောက်သား နတ်မိမယ်လေးအား ဝိုင်းရံထားလိုက်ကြလေသည်။

နတ်မိမယ်လေးက လူ့ဗလံလေးအား ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ခဲ့သော်လည်း အတွင်းဒဏ်ဝေဒနာ ခံစားနေရကား ကြာကြာမဟန်နိုင်တော့သည့်သဘော ရှိနေပါတော့သည်။ ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်လာ ကာ ...

'ခွမ်း'

လက်ထဲမှဓား လွတ်ကျသွားလေသည်။ သူမ၏ မျက်နှာ ပို၍ ဖြူဖပ်ဖြူရော် ဖြစ်လာလေသည်။ စုမာကြီး စိုးရိမ်သွား၏။

"မိန်းကလေးတော့ ဒုက္ခရောက်တော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းတွားလိုက်ရာ ဝေဒါကြီးက ...

"မင်းက မိန်းကလေးကို ကူညီချင်လို့လား"

စုမာကြုံးက ...

"အတွင်းဒဏ်ရထားတဲ့ မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်နေကြတာပဲ၊ ဘယ်တရားပါ့မလဲ"

ဝေဒါကြီးက ...

"ကောင်လေး ... ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်ဘဲ အေးအေးနေရင်ကောင်းမယ်"

"ကျွန်တော်က"

စုမာကြုံး စကားဆုံးအောင် မပြောလိုက်ရပါ။

'ဝုန်း'

မိန်းကလေးမှာ လုံးဝမဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

"ဟား ဟား ဟား"

"ဟား ဟား ဟား"

လူဝကြီးနှင့် လူဗလံလေးတို့က လှောင်ပြောင်ရယ်မောလိုက်ကြလေသည်။ လူဗလံလေးက ...

"ကဲ ... ကျုပ် ခြေဖဝါးအောက်ကို မင်းရောက်ရပြီပေါ့"

ဟု ပြောကာ နတ်မိမယ်လေး၏ ဦးခေါင်းကို ခြေထောက်ဖြင့် ဖိနင်းရန် ဟန်ပြင်လိုက်လေသည်။

စုမာကြုံး လက်ပိုက်ကြည့်မနေနိုင်တော့ချေ။





"ရပ်လိုက်"

အော်ပြောက်ဟန့်တားရင်း ပြေးသွားလိုက်လေတော့သည်။

✦

'ဟူး'

စုမာကြုံးသည် တစ်ဟုန်ထိုး ပြေးသွားရာ လူဝကြီးတို့နှင့် နတ်မိမယ်လေးတို့ ကြားသို့ ရောက်ရှိသွားလေသည်။ သူက မတရားမှုကို လက်ပိုက်ကြည့်မနေနိုင်သူ ဖြစ်လေသည်။

လူဝကြီး မျက်မှောင်ကုတ်သွား၏။ စုမာကြုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

"မင်း ဘာဝင်ရှုပ်တာလဲ"

ဟုလည်း ပြောက်လိုက်လေသည်။ စုမာကြုံးက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"မိန်းကလေးဟာ ဦးတို့ကို ယှဉ်ပြိုင်နိုင်တဲ့ အခြေအနေ မရှိပါဘူး၊ ဒါကြောင့် သူ့ကို မတိုက်ခိုက်ဖို့ ကျွန်တော်တောင်းပန်ပါတယ် ခင်ဗျာ"

ဟု တောင်းပန်လိုက်လေသည်။

လူဝကြီးက ...

"မင်းနဲ့ဘာဆိုင်လို့လဲ၊ သူက ကျုပ်တို့ကို တိုက်ခိုက်တုန်း

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မင်း ဘာကြောင့် ကြားဝင်မလာဘဲ လက်ပိုက်ကြည့်နေခဲ့တာလဲ ပြောစမ်းပါဦး"

ထိုစကားကြောင့် စုမာကြိုး မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

လူဝကြီးက ...

"ဖယ်စမ်း"

စုမာကြိုးအား တွန်းဖယ်လိုက်သည်။ စုမာကြိုးက ...

"နေပါဦးဗျာ ... သိပ်လည်း ဒေါသမကြီးစေချင်ပါဘူး"

လူဝကြီးက ...

"မင်း ဝင်ရှုပ်နေတာ သေချင်လို့ပဲဖြစ်မယ်"

ဟု ငေါက်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ သူ၏ လက်ဝါးရိုက်ချက်က မြန်ဆန်လှသည်။

"ဟာ"

စုမာကြိုး အထိတ်တလန့် ဖြစ်သွားလေသည်။ ထိုစဉ် ...

'ဝှစ်'

လေတိုးသံနှင့်အတူ အရာဝတ္ထုလေးတစ်ခုက လူဝကြီး၏ နောက်ကျောဘက်သို့ ပစ်လွှင့်လာလေသည်။

လူဝကြီး ရင်ထိတ်သွားသည်။

စုမာကြိုးအား ဆက်ပြီးမတိုက်ခိုက်ဝံ့တော့ပါ။ စုမာကြိုးကို တိုက်ခိုက်နေမည်ဆိုပါက ပစ်လွှင့်လာသည့် အရာဝတ္ထုလေးက သူ၏ နောက်ကျော၌ စိုက်ဝင်သွားလိမ့်မည် မဟုတ်ပါလား။



လူဝကြီးက လက်ဝါးကို ရုပ်သိမ်းပြီး ဘေးသို့ ခုန်ထွက်ကာ ရှောင်တိမ်းလိုက်လေတော့သည်။

✦

'တောက်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ ပစ်လွှင့်လာသော အရာဝတ္ထုလေးသည် လူဝကြီးအားထိမှန်သွားခြင်းမရှိဘဲ လွဲချော်ကာ ကြမ်းပြင်ပေါ် စိုက်ဝင်သွားလေသည်။

ထိုအရာဝတ္ထုလေးမှာ ဝါးဖြင့်ပြုလုပ်ထားသည့် တူကလေး တစ်ချောင်း ဖြစ်လေသည်။ စားသောက်ရာ၌ အသုံးပြုသော ဝါးတူ လေးကို လက်နက်အဖြစ် အသုံးပြုနိုင်သူမှာ ထိပ်တန်းသိုင်းသမား တစ်ယောက်ပင် ဖြစ်ရမည် မဟုတ်ပါလား။ လူဝကြီးက ...

"ဘယ်သူလဲ"

ဟုအော်ငေါက်လိုက်သည်။ ပဟ်ဝန်းကျင်ကိုလည်း မျက်လုံး ကြီးပြူးကာ ဝေ့ကြည့်လိုက်လေသည်။ စုမာကြိုး အံ့သြနေ၏။

သို့သော် ဝေဒါကြီး၏လက်ချက်ဖြစ်ကြောင်း ချက်ချင်းရိပ်မိ လိုက်လေသည်။

ဝေဒါကြီး၏လက်ထဲ၌ ဝါးတူနှစ် ချောင်းကိုင်ထားရာမှ ယခု တစ်ချောင်းသာ ကျန်ရစ်တော့သည် မဟုတ်ပါလား။ လူဝကြီးက

www.burmeseclassic.com

www.burmeseclassic.com



“မပြေးနဲ့”

လှူဝကြီး ဒေါသတကြီးဖြင့် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ အော်ငေါက်လိုက်လေသည်။ စုမာကြိုး ဗျာများသွားသည်။

နတ်မိမယ်လေး လွတ်မြောက်သွားပြီဖြစ်ရာ သူလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဝေဒါကြီးနောက်သို့ ပြေးလိုက်သွားလေတော့သည်။

✦ ✦ ✦



## အတွင်းဒဏ်

ဝေဒါအဘိုးအိုမှာ မိန်းကလေးအား ပွေ့ချီကာ ရှေ့မှ ပြေးသွားနေ၏။

စုမာကြိုးက နောက်မှပြေးလိုက်ရင်း အလွန်ပင် မောဟိုက်လာ၏။

သူ၏ တစ်ကိုယ်လုံး ချွေးများ ဒီးဒီးကျနေ၏။ သူက အားကုန်ပြေးလိုက်နေသော်လည်း ဝေဒါအဘိုးအိုကို မမီပါချေ။ စုမာကြိုးမှာ ပြေးလိုက်ရင်း ခြေများပင် မသယ်ချင်သလို ဖြစ်လာ၏။

သူက နားရန် လှမ်းပြောမည်အပြု ဝေဒါအဘိုးအိုက ဇရပ်ပျက်တစ်ခုအတွင်း ဝင်ရောက်သွားသည်ကို တွေ့လိုက်ရ၏။

အဘိုးအိုမှာ မိန်းကလေးအား ကြမ်းပြင်ပေါ်တွင် အသာချလိုက်ပြီး သွေးကြောများ စမ်းသပ်စစ်ဆေးနေ၏။

စုမာကြိုးမှာမူ ဇရပ်ပေါ် ခြေပစ်လက်ပစ်လှဲကာ အမောဖြေနေလိုက်လေသည်။ အတန်ကြာမှ အဘိုးအိုက စုမာကြိုးဘက်သို့ လှည့်လိုက်ပြီး ...

“မိန်းကလေး အခြေအနေက အတော်ဆိုးရွားနေပြီ အချိန်မီကုသမှဖြစ်မယ်”

www.burmeseclassic.com

www.burmeseclassic.com



စုမာကြီးက ...

"ကျွန်တော် သမားတော်သွားပင့်ပေးရမလား"

အဘိုးအိုက ...

"သည်နားမှာ ဘာသမားတော်မှ မရှိဘူး"

စုမာကြီးက ...

"ဒါဆို ဘယ်လိုလုပ်မလဲ"

အဘိုးအိုက တွေဝေသွားသည်။ အတန်ကြာ စဉ်းစားနေပြီးမှ ...

"သူ့ကို ကျုပ် ကုသပေးရမလား စဉ်းစားနေတာ"

ဟု လေးပင်စွာ ပြောလိုက်၏။ စုမာကြီးက စိတ်မရှည်ဘဲ ဖြစ်သွား၏။

"ဦးက ကုသနိုင်လို့လား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ကုသနိုင်ပါတယ်"

စုမာကြီးက ...

"ဒါဆို ကုသပေးလိုက်ပေါ့၊ ဘာစဉ်းစားနေတာလဲ၊ နောက်ကျနေရင် သည်မိန်းကလေး သေသွားနိုင်တယ်ဗျ"

အဘိုးအိုက သက်ပြင်းချလိုက်သည်။

"ကျုပ်တွေးနေတာ ထခြားမဟုတ်ဘူး ... မိန်းကလေးကို ကျုပ်အတွင်းအားနဲ့ ကုသပေးရမှာ၊ သည်အချိန်မှာ ရန်သူကို ကျုပ် ဘယ်လိုမှ ရင်ဆိုင်နိုင်စွမ်း မရှိဘူး"





စုမာကြီးက ...

"ဒါဆို ကုသပေးလိုက်ပေါ့၊ ဘာစဉ်းစားနေတာလဲ၊ နောက်ကျနေရင် သေသွားဦးမယ်၊ ဒါနဲ့ လူဝကြီးတို့ လိုက်လာမှာလား"

အဘိုးအိုက ...

"သေချာတယ် ... သူတို့က အလွတ်ပေးမှာ မဟုတ်ဘူး၊ ကျုပ်က မိန်းကလေးကို ကုသပေးနေတုန်း သူတို့ရောက်လာရင် မင်းလည်း ကာကွယ်နိုင်မှာ မဟုတ်ဘူး၊ အားလုံးသေကုန်လိမ့်မယ်"

စုမာကြီးမှာ ငိုင်ကျသွား၏။

"ဒါဆို ဘယ်လိုလုပ်မလဲ၊ မကုသပေးရင်လည်း သည်အမျိုးသမီး သေသွားလိမ့်မယ်"

အဘိုးအိုက ...

"ကျုပ်က အကူအညီတောင်းမလို့ စဉ်းစားနေတာကွ"

စုမာကြီးက ...

"ဘယ်သူ့ဆီက အကူအညီလဲ"

အဘိုးအိုက ...

"စောစောက လူနှစ်ယောက်ဟာ ကောက်ကျစ်ညီနောင်လို့ ခေါ်တယ်၊ သိုင်းလောကမှာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့လူတွေပဲ၊ သည်တစ်ခါ သူတို့က အဖော်တွေခေါ်လာနိုင်တယ်၊ သည်နယ်တစ်ဝိုက်မှာ သူတို့ကို မောင်းထုတ်မယ့်လူတစ်ယောက်ပဲ ရှိတယ်"

စုမာကြီးက ...

"ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ...

"ကုအင်း၊ မာယာကုအင်းလို့လည်း ခေါ်ကြတယ်"

စုမာကြီးက ...

"သူ့ကို အကူအညီတောင်းရမှာပေါ့"

"အဘိုးအိုက ...

"ဟုတ်တယ် ... မင်း သူ့ဆီက အကူအညီ သွားပြီးတောင်းပါ"

စုမာကြီးက ...

"ဟုတ်ကဲ့၊ သူနေတဲ့နေရာကို ပြောလိုက်ပါ"

အဘိုးအိုက ...

"သည်ဇရပ်ရဲ့ အနောက်စူးစူးအတိုင်း သွားရင် ပန်းမျိုးစုံ ပွင့်နေတဲ့ တောင်ကြားတစ်ခုကို တွေ့ရလိမ့်မယ်၊ သူ့ကို ရအောင် အကူအညီတောင်းပေတော့"

စုမာကြီးက အဘိုးအိုအား နှုတ်ဆက်ပြီး ချက်ချင်းပင် ထွက်ခွာလာခဲ့လေတော့သည်။

✦

စုမာကြီးမှာ အဘိုးအို ညွှန်ပြသည့် လမ်းအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့သည်။ သူ မြန်မြန်ပြန်လာနိုင်မှ မိန်းကလေး၏



အသက်ကို မြန်မြန်ကယ်တင်နိုင်လိမ့်မည် မဟုတ်ပါလား။

စုမာကြီးမှာ တောလမ်းကလေးအတိုင်း အတန်ကြာ လျှောက်လာမိသောအခါ မကြာမီ တောင်ကြားလေးတစ်ခုသို့ရောက်ရှိလာသည်။

တောင်ကြားအတွင်းသို့ မဝင်မီပင် မွှေးကြိုင်လှသည့် ပန်းရနံ့များကို ရှူရှိုက်မိသည်။

စုမာကြီးက တောင်ကြားအတွင်းသို့ လှမ်းဝင်လိုက်၏။

အလွန်လှပသော ရှုခင်းတစ်ခုကို မျက်စိရှေ့မှ ချက်ချင်း တွေ့လိုက်ရသည်။

တောင်ကြားတစ်ခုလုံးကို ရောင်စုံပန်းကလေးများက ဖြန့်ကြခင်းထားသလိုပင် ဖြစ်သည်။ ပန်းရှုခင်းအလှက ဆွဲဆောင်နေပေသည်။

စုမာကြီးမှာ လှပသော ရှုခင်းကို တစ်ချက်မျှသာ ကြည့်နိုင်ပြီး ပန်းခင်းကြားမှ ဖြတ်ကာ ဝင်လာခဲ့သည်။

"ဘယ်သူလဲ"

အသံနှင့်အတူ လေလှိုင်းတစ်ခုက တိုးဝင်လာသည်။ စုမာကြီး၏ ခန္ဓာကိုယ် မြေပေါ်သို့ လဲကျသွားလေ၏။

'ဝုန်း'

စုမာကြီး လူးလဲထလိုက်၏။ ပတ်ဝန်းကျင်၌ ပန်းများသာ ရှိသည်။ လူတစ်ဦးတစ်ယောက်မျှ မတွေ့ရပါ။ ထိုစဉ် အေးစိမ့်သော စကားသံ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ... သေချင်လို့ သည်တောင်ကြားထဲ ကျူးကျော်ဝင်ရောက်လာတာလား"

စုမာကြီးက ချက်ချင်း ဒူးထောက်လိုက်၏။

"ကျူးကျော်ဝင်လာတာ မဟုတ်ပါဘူး၊ မမကုအင်းကို တွေ့ချင်လို့ ရောက်လာခဲ့တာပါ"

ဟု ကမန်းကတန်း ပြောလိုက်၏။ ထိုစဉ် ရောင်စုံပန်းပင်များ ယိမ်းနွဲ့သွားပြီး အမျိုးသမီးတစ်ယောက် ထွက်ပေါ်လာ၏။ အမျိုးသမီးမှာ အသက်နှစ်ဆယ့်ခုနစ်နှစ်ခန့် ရှိပေသည်။

မျက်နှာမှာ ချောမောလှပသော်လည်း အလွန်တင်းမာခက်ထန်လှသဖြင့် မည်သူမျှ စေ့စေ့ကြည့်ရဲမည် မထင်ပါ။ ဆံပင်ကို ဖားလျားချထားပြီး ခါးတွင် ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားသည်။

ထိုအမျိုးသမီးကား သိုင်းလောက၌ မာယာရှင်ဟု ကျော်ကြားသော ကုအင်းပင် ဖြစ်ပါသည်။ မာယာကုအင်းက စုမာကြီးအား စိုက်ကြည့်လိုက်၏။

ထိုတစ်ခဏ မည်သို့ ဖြစ်သွားမှန်းမသိ၊ သူမ၏ရင်ထဲ၌ တွေဝေလှုပ်ရှားသွားလေသည်။ စုမာကြီးသည် ရုပ်ရည်ချောမောပြီး ဆွဲဆောင်မှုအလွန်ရှိလှသည် မဟုတ်ပါလား။

ကုအင်းက စိတ်ကို ပြန်ထိန်းလိုက်ပြီး ...

"မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ရောက်လာတာလဲ"

ဟု အသံပြတ်နှင့် မေးလိုက်သည်။ စုမာကြီးက ...

"ကျွန်တော်က စုမာကြီးပါ၊ ဘဘဝမ်းပေါင်က လွှတ်ပြီး





အကူအညီတောင်းခိုင်းလိုက်လို့ပါ ခင်ဗျာ"

ဟု ယဉ်ယဉ်ကျေးကျေး ပြောလိုက်သည်။ ကုအင်း မျက်မှောင်ကုတ်သွား၏။

"ဝမ်းပေါင် ... ဒါထက် သူ ဘယ်မှာလဲ၊ ဘာအကူအညီ တောင်းလိုက်တာလဲ"

စုမာကြီးက ရှင်းပြလိုက်၏။ ကုအင်းက သက်ပြင်းချလိုက်သည်။

"ကျုပ် ဘယ်သူ့ဆီကမှ အကူအညီမတောင်းသလို ဘယ်သူ့ကိုမှလည်း မကူညီနိုင်ဘူး"

ဟု ပြောလိုက်၏။ စုမာကြီးက အနူးအညွတ် တောင်းပန်လိုက်လေ၏။ ကုအင်းက ပြုံးလိုက်ပြီး ...

"မင်းက မြစိမ်းသခင်မလေးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

စုမာကြီးက ...

"မပတ်သက်ပါဘူး၊ အခုမှ မြင်ဖူးတာပါ၊ လူတစ်ယောက်ရဲ့ အသက် အလဟဿမဆုံးရှုံးရအောင် တတ်နိုင်သမျှ ကြိုးစားတာပါ"

ကုအင်းက ...

"ကောင်းပြီ ... ကျုပ်လိုက်ခဲ့မယ်"

စုမာကြီးက ...

"ကျေးဇူးတင်ပါတယ်ဗျာ"

ကုအင်းက ...

"ကျုပ် ဘယ်သူ့ကိုမှ မကူညီဘူး၊ မင်းကိုသာ အကူအညီ

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်ဆိုတာ မှတ်ထားပါ"

စုမာကြိုးမှာ ဘာပြန်ပြောရမှန်းမသိတဲ့ ဖြစ်သွားရလေသည်။

✦

အဘိုးအိုဝမ်းပေါင်မှာ မြစိမ်းသခင်မလေးအား အတွင်းအားဖြင့် ကုသပေးနေ၏။ ဇရပ်အောက်တွင် စုမာကြိုးမှာ ကုအင်းနှင့် စကားပြောနေ၏။

ကုအင်းနှင့် စကားပြောရင်းမှ သူမ၏စိတ်ဓာတ် ထူးခြားကြောင်း နားလည်လိုက်ရလေသည်။

ကုအင်းက ...

"မင်းက ဝမ်းပေါင်နဲ့ ဘယ်လိုပတ်သက်သလဲ"

စုမာကြိုးက ...

"လမ်းမှာဆုံမိတာပါ"

ကုအင်းက ...

"မင်းက သိုင်းသမားဟန်လည်းမရှိပါဘူး၊ ဘယ်ကိုသွားမလို့လဲ"

စုမာကြိုးက သူ၏ဘဝဖြစ်ကြောင်းစုံလင်ကို ပြန်လည် ပြောလိုက်လေသည်။ ကုအင်း သနားသွား၏။



ကုအင်းက ...

"မင်း ရှေ့ဆက်ဘာလုပ်မလဲ"

စုမာကြိုးက ...

"နာနာဘာဝတောင်ကြားကို သွားမယ်"

ဟုပြောလိုက်၏။ ကုအင်း ထိတ်လန့်သွား၏။

"နာနာဘာဝတောင်ကြားကိုသွားမယ်၊ ဟုတ်လား"

ဟု မေး၏။

ကုအင်း ထိတ်လန့်သွား၏။

စုမာကြိုးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဒါမှလည်း ကျွန်တော်လိုလားတဲ့ သိုင်းပညာ တတ်မြောက်သွားမှာပါ"

ကုအင်းက ခေါင်းကို အသာခါယမ်းလိုက်လေသည်။

"မင်း သိုင်းပညာတတ်ချင်ရင် နာနာဘာဝတောင်ကြားမှ မဟုတ်ပါဘူး"

စုမာကြိုးက မော့ကြည့်လိုက်၏။ ကုအင်းက စကားဆက်လိုက်သည်။

"မင်းက ကျုပ်ရဲ့ မာယာပန်းတောကို လိုက်ခဲ့ပါ၊ မင်းလိုချင်တဲ့ သိုင်းပညာ ကျုပ်သင့်ပေးပါ့မယ်"

ဟုပြော၏။ စုမာကြိုးက ...

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့"

ကုအင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့၊ ကိစ္စပြီးရင် ကျုပ်နောက်သာ လိုက်ခဲ့ပါ၊ မင်းကို သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့လူ တစ်ယောက် ဖြစ်အောင် ကျုပ်လုပ်ပေးမယ်"

စုမာကြီးမှာမည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

✦ ✦ ✦



BURMESE CLASSIC .com



## မကျေနပ်တဲ့သူ

ည ...။

လဝန်းက ထိန်ထိန်သာလင်းနေ၏။

စုမာကြီးနှင့် ကုအင်းတို့မှာ ဇရပ်ပျက်လေ့ကားတွင် ထိုင်နေကြ၏။ ဝမ်းပေါင်ကမူ မြစ်မီးသခင်မလေးအား ကုပေးနေဆဲပင် ဖြစ်ပါသည်။

ထိုစဉ် အဝေးမှ ဆွဲဆွဲငင်ငင် အူလိုက်သော တောခွေးအူသံများ ထွက်ပေါ်လာ၏။ စုမာကြီးမှာ ကြက်သီးပင် ဖြန်းခနဲ ထသွားမိသည်။

တစ်ခဏအတွင်း ပတ်ဝန်းကျင်မှာ ပြန်လည်တိတ်ဆိတ်သွားသည်။ ထိုစဉ် ကုအင်း၏မျက်နှာ တစ်မျိုးဖြစ်သွားသည်ကို စုမာကြီးက သတိထားလိုက်မိလေသည်။

"ဘာဖြစ်လို့လဲ"

ဟုမေးမည်အပြု ကုအင်းက လေသံနှင့်သတိပေးလိုက်သည်။

"သတိထား ... ရန်သူရောက်လာပြီ"

စုမာကြီး မျက်မှောင်ကုတ်သွားသည်။ ပတ်ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ငေ့ကြည့်လိုက်လေ၏။ လူသူအရိပ်အယောင်မျှ မတွေ့ရပါ။ စမာကြိုးမှာ နားမလည်သလို ဖြစ်သွားမိလေသည်။

ထိုစဉ် ကုအင်းက ရုတ်တရက် ပြောလိုက်သည်။

"ရှင်တို့ရောက်လာမှတော့ ထွက်လာခဲ့ပါ"

သူ့မစကားအဆုံးတွင် အမှောင်ထဲမှ လူငါးယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေ၏။

စမာကြိုးမှာ ကုအင်း၏ သိုင်းပညာကို ကျိတ်၍ ချီးကျူးမိလေသည်။ ထိုလူငါးယောက်မှာ ကောက်ကျစ်ညီနောင်နှင့် အဖော်သုံးယောက်တို့ပင် ဖြစ်သည်။

ပိန်ပိန်နှင့်လူမှာ လက်တစ်ဖက်ကို ပတ်တီးဖြင့်စည်းထားသည်ကို တွေ့ရသည်။ လူဝကြီးမှာ ကုအင်းအား တွေ့ရသောအခါ မျက်မှောင်ကုတ်သွားသည်။

"ကုအင်းပါလား"

ကုအင်းက ...

"ဘယ်သူတွေလဲလို့ ကောက်ကျစ်ညီနောင်ပါလား"

လူဝကြီးက ...

"မင်းက မြစိမ်းသခင်မလေးကို ကာကွယ်ပေးမလို့လား"

ကုအင်းက ...

"ဟုတ်တယ်"

လူဝကြီးက ...

"ခင်ဗျားနဲ့ကျုပ်တို့ ပြဿနာမဖြစ်ချင်ပါဘူး၊ ဒါကြောင့်

BURMESE CLASSIC .com



သည်က ထွက်သွားပေးပါလို့ ကျုပ်တောင်းပန်ပါတယ်"

ကုအင်းက ...

"ကျွန်မထွက်သွားရမယ်"

လူဝကြီးက ...

"ဟုတ်ပါတယ် ... ခင်ဗျားနဲ့ မြစိမ်းသခင်မ ဘာမှ မပတ်သက်ပါဘူး"

ကုအင်းက ...

"သည်တို့အရင် ကျွန်မရောက်နေတာ၊ ရှင်တို့ပဲ ထွက်သွားသင့်တယ်"

လူဝကြီးက ဒေါသထွက်သွား၏။

"ကျုပ်တောင်းပန်နေတာ ခင်ဗျားကိုကြောက်လို့ မထင်နဲ့"

ကုအင်းက ...

"ကျွန်မ နောက်ဆုံးပြောမယ် ... ရှင်တို့ ထွက်သွားကြပါ"

ပိန်ပိန်နှင့်လူက ...

"ကုအင်း ... မင်းက ဝင်စွက်နေရင် ကျုပ်တို့ အဆိုးမဆိုနဲ့"

ကုအင်းက ရယ်မောလိုက်၏။

"ရှင်တို့က ဘာအစွမ်းအစရှိလို့ ကျွန်မကို ခြိမ်းခြောက်နေတာလဲ၊ ကျွန်မဒေါသထွက်မလာခင် ရှင်တို့ထွက်သွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်ရှင်"

သူ့မ၏စကားကြောင့် ကောက်ကျစ်ညီနောင်မှာ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။ သူ့မစကားကြောင့် သူတို့

www.burmeseclassic.com

www.burmeseclassic.com



အဖော်ခေါ်လာသော ကြေးစားဓားသမားများအား ကုအင်းကို တိုက်ခိုက်ရန် အမိန့်ပေးလိုက်၏။

ကြေးစားဓားသမားသုံးယောက်မှာ ချက်ချင်းပင် ကုအင်းထံ ပြေးဝင်ကာ တိုက်ခိုက်လိုက်လေသည်။ စုမာကြုံးမှာ ထိတ်လန့်သွားပြီး နောက်သို့ ကမန်းကတန်း ဆုတ်သွားလေသည်။

ကုအင်းက လှေကားပေါ်မှ လွှားခနဲ ခုန်လိုက်၏။ သူမ၏ လက်တွင်း၌ ဓားတစ်လက်က အသင့်ပါလာလေသည်။ သူမသည် ကြေးစားဓားသမားများထံ တိုးဝင်သွား၏။

သူမ၏လက်ကလည်း လျှပ်စီးသလို လှုပ်ရှားသွားလေသည်။

"အား"

"အောင်မယ်လေး"

"အင့်"

အော်ဟစ်သံများ ဆူညံစွာထွက်ပေါ်လာ၏။ ကြေးစားဓားသမားသုံးယောက်မှာ မြေပေါ် အတုံးအရုံး လဲကျသွားကြလေသည်။ ကောက်ကျစ်ညီနောင်မှာ မျက်နှာပျက်သွား၏။ ကုအင်းက ...

"ရှင်တို့ စမ်းချင်ကြသေးသလား"

ဟု အေးတိအေးစက်ပြောလိုက်သည်။ ကောက်ကျစ်ညီနောင်မှာ နောက်သို့ ဆုတ်သွား၏။ လူဝကြီးက ...

"ကုအင်း ... သည်ကနေ့ မင်း ဝင်စွက်တဲ့အတွက် တစ်နေ့ မင်း နောင်တရစေရမယ်"





ဟု ခြိမ်းခြောက်လိုက်၏။ ထို့နောက် အမှောင်ထုထဲသို့ ပြေးဝင်သွားလေတော့သည်။ ပိန်ပိန်နှင့် လူကလည်း အနောက်မှ ပြေးလိုက်သွားလေတော့သည်။

✦

စုမာကြုံးမှာ ကုအင်းအား ငေးကြည့်နေလေသည်။ ကုအင်း၏ ပညာသည် အလွန်ထက်မြက်လှသည်ကို တွေ့လိုက်ရသည် မဟုတ်ပါလား။

ဆိုးသွမ်းရက်စက်သော ကောက်ကျစ်ညီနောင်ပင်လျှင် ကုအင်းအား ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသွားရ၏။

စုမာကြုံးမှာ ကုအင်းအား အထင်ကြီးသွားမိလေသည်။

ကုအင်းထံမှသိုင်းပညာသင်ကြားရလျှင် သူ့အတွက် အလွန်ကောင်းမည်ဟုလည်း ယူဆလိုက်၏။

ကုအင်း အသုံးပြုသွားသော ဓားကွက်ကိုလည်း သူက သေချာစွာ မှတ်သားထားလိုက်လေသည်။

ကုအင်းက စုမာကြုံးထံသို့ လျှောက်လာပြီး ပြုံးပြလိုက်၏။

"ဘယ်လိုလဲ ... ကျုပ်ရဲ့ ဓားပညာကို သဘောကျရဲ့လား"

ဟု မေးလိုက်၏။ စုမာကြုံးက ခေါင်းညိတ်လိုက်၏။

"သိပ်ကောင်းတယ်၊ သည်သိုင်းကွက်လောက်ကောင်း[illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မတွေ့ခဲ့ဘူး"

ကုအင်းက ရယ်မောလိုက်သည်။

"ဒါဖြင့် မင်းက ကျုပ်နဲ့ မာယာပန်းတောကို လိုက်မှာလား"

စုမာကြီးက တစ်ချက်စဉ်းစားလိုက်သည်။ ကုအင်းက ...

"မင်း ဘာမှစဉ်းစားမနေနဲ့၊ ကျုပ်နဲ့အတူ သုံးနှစ်လောက် နေလိုက်ရင် သိုင်းလောကမှာ မင်းကိုယှဉ်ရဲတဲ့သူတောင် ရှိမှာမဟုတ်ဘူး"

စုမာကြီးမှာ သိုင်းပညာ အလွန်တတ်မြောက်လိုသူဖြစ်၏။ ယခု ကုအင်း၏ သိုင်းပညာထက်မြက်မှုကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပြီဖြစ်၏။

"ဟုတ်ကဲ့ ... ကျွန်တော်လိုက်ခဲ့ပါ့မယ်"

ကုအင်း၏မျက်နှာမှာ ဝင်းလက်သွားလေတော့သည်။

✦

နောက်တစ်နေ့နံနက် ...။

ဝမ်းပေါင်မှာ ကုသမှု ပြီးစီးသွားပြီ ဖြစ်သည်။ လူလည်း အတော်ပင် နွမ်းနယ်သွားလေသည်။ မြစိမ်းသခင်မမှာလည်း စိုးရိမ်စရာအခြေအနေမှ လွတ်မြောက်သွားပြီ ဖြစ်၏။ ဝမ်းပေါင်က ကုအင်းထံသို့ လျှောက်လာပြီး လက်နှစ်ဖက် ဆုပ်ကာ ...



"အခုလို လာကူညီတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်၏။ ကုအင်းက မဲ့လိုက်ပြီး ...

"ရှင့်နာမည်ကြောင့် ကူညီတာ မဟုတ်ဘူး၊ သူက အကူအညီ တောင်းလို့ပါ"

ဝမ်းပေါင်က ...

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကူညီတာကို ကျေးဇူးတင်ပါတယ်"

ကုအင်းက ...

"မြစိမ်းသခင်မလေး သက်သာသွားပြီလား"

ဝမ်းပေါင်က ...

"ညနေလောက်ဆို ကောင်းသွားမှာပါ"

ကုအင်းက ...

"ဒါဆို ကျွန်မသွားမယ်"

ဝမ်းပေါင်က ...

"ညနေအထိတော့ နေပါဦးဗျာ၊ တော်တော်ကြာ ကောက်ကျစ်ညီနောင် ပြန်လာနေရင် ခက်မယ်ဗျ"

ကုအင်းက ရယ်မောလိုက်၏။

"ကောက်ကျစ်ညီနောင် ပြန်မလာရဲတော့ပါဘူးရှင်၊ သူတို့ကို ကျွန်မ မောင်းထုတ်လိုက်ပါပြီ၊ ကဲ မောင်လေး ... သွားကြရအောင်"

ဟု စုမာကြီးဘက် လှည့်ကာ ပြောလိုက်၏။ စုမာကြီးက လည်း ထိုင်ရာမှ ထလိုက်လေသည်။ ဝမ်းပေါင် မျက်မှောင်ကုတ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … မင်းပါလိုက်သွားမယ် … ဟုတ်လား"

စုမာ့ကြိုးက …

"ဟုတ်ကဲ့"

ဝမ်းပေါင်က …

"ဘာလို့ လိုက်သွားမှာလဲ"

မာယာကုအင်းက …

"သူ့ကို ကျွန်မက သိုင်းပညာသင်ပေးမလို့ရှင့်၊ ကဲ သွားကြမယ်"

ပြောပြောဆိုဆိုနှင့် မာယာကုအင်းက စုမာကြိုး၏လက်ကို ဆွဲကာ ထွက်ခွာသွားလေသည်။ ဝမ်းပေါင် သက်ပြင်းချလိုက်သည်။

"ဘဘ … သူတို့သွားပြီလား"

ဝမ်းပေါင်က လှည့်ကြည့်ရာ မြစိမ်းသခင်မလေး သတိရနေသည်ကို တွေ့လိုက်ရ၏။ ဝမ်းပေါင်က …

"ဟုတ်တယ် … မာယာကုအင်းရဲ့ မာယာကွန်ရက်ထဲကို ဟိုလူငယ်လေး ပါသွားရှာပြီ"

မြစိမ်းသခင်မလေးက …

"ဘဘက မတားဘူးလား"

ဝမ်းပေါင်က …

"ကျုပ်တားရင် သူက ကျုပ်ကိုတိုက်ခိုက်မှာပဲ၊ ကျုပ် အခုချိန် သူနဲ့ယှဉ်ဖို့ အင်အားမပြည့်ဝသေးဘူးလေ"

မြစိမ်းသခင်မလေးက သက်ပြင်းချလိုက်ပြီး …





"မာယာကုအင်းရဲ့ ရုပ်ရည်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကလိုပဲ နုနယ်နေတယ်နော်"

ဝမ်းပေါင်က …

"သူ့အသက် လေးဆယ်ကျော်ပြီ၊ ဒါပေမဲ့ သူက အခုထိ သုံးဆယ်မကျော်သေးဘူးထင်ရအောင် နုပျိုနေတုန်းပဲ"

မြစိမ်းသခင်မလေးက …

"ကျွန်မတို့ သွားကြတော့မလား"

ဝမ်းပေါင်က …

"မင်း အားပြည့်တဲ့အထိ အနားယူပါဦး၊ ဒါထက် ကျုပ် ဘယ်အထိ လိုက်ပို့ရမလဲ"

မြစိမ်းသခင်မလေးက …

"ဘဘကို အားတော့နာပါတယ်၊ ဒါပေမဲ့ ချန်ကျန်းမြို့အထိ ပို့ပေးပါလို့ ပြောပါရစေ"

"မလိုပါဘူးဗျာ၊ မင်းရဲ့မိခင်ကျေးဇူး ကျုပ်အပေါ် ရှိခဲ့ဖူးပါတယ်၊ ကျုပ်လိုက်ပို့ပေးပါ့မယ်"

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## တစ်ဖက်သတ်ချစ်သူ

စုမာကြီးနှင့် မာယာကုအင်းတို့မှာ ယှဉ်တွဲကာ လျှောက်နေ၏။ မာယာကုအင်း၏ ခန္ဓာကိုယ်က စုမာကြီးနှင့် မကြာခဏ ထိကပ်နေ၏။

မွှေးပျံ့သော ကိုယ်ရနံ့တို့ကိုလည်း ရှူရှိုက်နေရသဖြင့် စုမာကြီး စိတ်လှုပ်ရှားနေမိ၏။ သို့သော် သူက စိတ်ကိုထိန်းချုပ်ထား၏။ သူသည် မာယာကုအင်းထံမှ သိုင်းပညာသင်ယူရန်သာ အဓိက မဟုတ်ပါလော။

ကုအင်းက ပြုံးလိုက်၏။ သူမက စုမာကြီးအား စိုက်ကြည့်လိုက်၏။ စုမာကြီး၏ ယောကျ်ားပီသသော ရုပ်ရည်ကို စွဲမက်နေမိလေသည်။

စုမာကြီးအား သူမ၏ မာယာကွန်ရက်နှင့် အပိုင်ချုပ်ကိုင်ထားရန်လည်း ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ် လမ်းနံဘေးမှ သစ်ကိုင်းအချို့ လှုပ်ရှား၏။

စုမာကြီးက ...

"ဘာဖြစ်လို့လဲ မမ"

"မောင်လေးအသာနေ"



ဟုပြောကာ သစ်ပင်တစ်ပင်ဘက်လှည့်ကာ ...

"ဘယ်သူပုန်းနေတာလဲ ... ထွက်ခဲ့စမ်း"

သူမအသံအဆုံးဝယ် ရယ်မောသံတစ်ချက် ထွက်လာ၏။

"ဒီတစ်ခါ မင်းက ကျုပ်ကို ထွက်တွေ့နိုင်းတာနော်"

မာယာကုအင်း၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ရှင် ရှင်"

သူမက ချက်ချင်းပင် နောက်လှည့်ကာ ထွက်သွားလေသည်။

✦

အဖြစ်အပျက်များက လျင်မြန်လွန်းလှ၏။ စုမာကြီးမှာ ဘာမှ နားမလည်နိုင်ဘဲ ရှိ၏။ သစ်ပင်နောက်မှ လူတစ်ယောက် ထွက်ပေါ်လာ၏။

ထိုလူ၏အသက်မှာ လေးဆယ်ကျော်ခန့်ရှိပြီဖြစ်၏။ ထို့နောက် ထိုလူက ...

"ကုအင်း ... မင်းက ခုထိ ရှောင်ပြေးချင်တုန်းပဲကိုး"

ထို့နောက် စုမာကြီးဘက်လှည့်ကာ ကြည့်လိုက်ပြီး ...

"မင်းက ချောမောတာကိုး"

ထိုသူက စုမာကြီးရှေ့သို့ လျှောက်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုအင်းဟာ ကျောက်ပေါက်မာဂူအတွက်ဆိုတာ မင်းမသိဘူးလား"

စုမာကြိုး ထိတ်လန့်သွားပြီး ...

"ကျုပ် ကျုပ်"

ကျောက်ပေါက်မာဂူက လက်တစ်ဖက် ဝှေ့ယမ်းလိုက်လေသည်။ စုမာကြိုး၏မျက်လုံး ပြူးကျယ်သွားသည်။

"မင်းက သိုင်းပညာမှ မတတ်ဘဲကိုး"

ဟု ပြောလိုက်ကာ သံယပ်တောင်ကို ရုပ်သိမ်းလိုက်၏။

"မင်း ဒီကထွက်သွားပါ၊ ကျုပ် စိတ်ပြောင်းသွားပြီ"

ဟု စုမာကြိုးအား ပြောလိုက်လေသည်။

✦

သူသည် ကျောက်ပေါက်မာဂူထံမှ လွတ်လျှင် မာယာကုအင်းထံ မသွားတော့ဘဲ သစ်ပင်တစ်ပင်၌ လှဲနေလိုက်သည်။ အချိန်ကြာသောအခါ အိပ်ပျော်သွားလေသည်။

စကားသံတစ်သံကြားမှ သူက လန့်နိုးလာသည်။ စုမာကြိုးက မျက်လုံးဖွင့်ကြည့်လျှင် ဝမ်းပေါင်နှင့်မြစိမ်းသခင်မလေးကို တွေ့လိုက်ရသည်။ အဘိုးအို ဝမ်းပေါင်က ...

"မင်းက ဒီကို ဘယ်လိုရောက်နေတာလဲ"





စုမာကြိုးက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေလေသည်။ အဘိုးအို ဝမ်းပေါင်က ...

"မင်းက မာယာကုအင်းနဲ့ လိုက်မသွားဘူးလား"

စုမာကြိုးက ...

"သူက ကျောက်ပေါက်မာဂူတွေ့တာနဲ့ ပြေးတယ်"

"မင်းက သူ့နောက်မလိုက်ဘူးလား"

"မသွားတော့ပါဘူး"

"ဒါဆို မင်း အခု ဘယ်သွားမှာလဲ"

"လောလောဆယ်တော့ ခြေဦးတည့်ရာပေါ့"

"ဒါဆိုအတော်ပဲ"

"ဘာဖြစ်လို့လဲ"

ဝမ်းပေါင်က ...

"ကျုပ်က အခုမှ သွားစရာရှိတာ သတိရလာလို့ မင်းပဲ၊ သူ့ကို လိုက်ပို့လိုက်ပါ"

ပြောပြောဆိုဆို ထွက်သွားလေတော့သည်။

စုမာကြိုးနှင့် မြစိမ်းသခင်မလေးနှစ်ယောက်သာ ကျန်ခဲ့တော့သည်။

အတန်ကြာမှ မြစိမ်းသခင်မလေးက ...

"ရှင်တို့ မပို့နိုင်လည်း ကိစ္စမရှိပါဘူး၊ ကျွန်မဘာသာ သွားပါ့မယ်ရှင်"

စုမာကြိုးသက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က ခရီးဆုံးရောက်အောင်လိုက်ပို့ပါ့မယ်"

✦

တောင်တက်လမ်းတစ်ခုၼ္တ စုမာကြီးနှင့် မြစိမ်းသခင်မလေး လျှောက်လာကြ၏။ ထိုစဉ် မြစိမ်းသခင်မလေးက ...

"ရှင်က နာနာဘာဝတောင်ကြားကို သွားမလို့လား"

"ဟုတ်ကဲ့"

"ဘာကြောင့် သွားချင်ရတာလဲ"

"ကျွန်တော် သိုင်းပညာသင်ချင်လို့ပါ"

ထိုစဉ် မြစိမ်းသခင်မလေးက ...

"ကျွန်မရဲ့ သိုင်းပညာကို ဘယ်လိုမြင်လဲ"

"ကောင်းပါတယ်"

"ကျွန်မရဲ့ သိုင်းပညာနဲ့ မာယာကုအင်းကို သိုင်းကွက် ငါးဆယ်အတွင်း အနိုင်ယူနိုင်ပါတယ်၊ ဒါတောင်မှ ကျွန်မအဖေရဲ့ သိုင်းပညာကို ဆယ်ပုံတစ်ပုံပဲရပါတယ်၊ ရှင်က သိုင်းပညာသင်ချင်ရင် ကျွန်မပြောပေးမယ်"

စုမာကြီးက ...

"ရပါတယ် ကိစ္စမရှိပါဘူး"



"ကျွန်ကူညီနိုင်ပါတယ်"

စုမာကြီး ဘာမျှ မပြောတော့ပါချေ။

✦

ချန်ကျန်းမြို့။ စုမာကြီးနှင့်မြစိမ်းသခင်မလေးတို့သည် မြို့တံခါးဝသို့ ရောက်လာသည်။ မြစိမ်းသခင်မလေးက ...

"အခုလို လိုက်ပို့တာ ကျေးဇူးတင်ပါတယ်ရှင်"

စုမာကြီးက ...

"ကိစ္စမရှိပါဘူးဗျာ၊ ကဲ ... ကျုပ်သွားတော့မယ်"

မြစိမ်းသခင်မလေးက ...

"ခဏနေပါဦး"

မြစိမ်းသခင်မလေးက ဆွဲကြိုးလေးကိုဖြုတ်ကာ ပေးလိုက်လေသည်။

"ကျွန်မလက်ဆောင်ပေါ့ အမှတ်တရလေ"

ဟုပြောကာ မြို့တွင်းသို့ဝင်သွားလေသည်။ စုမာကြီး ဆွဲကြိုးလေးကို လည်ပင်းတွင် ဆွဲလိုက်လေသည်။ ထို့နောက် ချန်ကျန်းမြို့အား ကျောခိုင်းကာ ထွက်ခွာလာခဲ့လေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## မြေပုံနဲ့သော့

ညနေဆည်းဆာအချိန် ...။

စုမာကြိုးမှာ မြစ်ကမ်းအနီးသို့ လျှောက်လာခဲ့လေ၏။

တံငါသည်များသည် သူ့အား ကျော်ဖြတ်ကာ ရွာကလေးထဲသို့ ဝင်သွားကြလေသည်။

စုမာကြိုးက ဆက်လျှောက်လာခဲ့၏။ လပြည့်ကျော် တစ်ရက်သာ ရှိသေးသည့်အတွက် ညအမှောင်မှာ သိပ်မရှိသလို ဖြစ်နေ၏။ လရောင်အောက်၌ လမ်းလျှောက်ရသည်ကပင် အရသာတစ်မျိုး ခံစားလိုက်ရသည်။

စုမာကြိုး လျှောက်ကောင်းကောင်းနှင့် လျှောက်လာခဲ့ရာ တံငါရွာကလေး အလွန်ဝေးနေပြီ။ အတန်ကြာမှ စုမာကြိုး ညောင်းလာပြီး မြစ်ကမ်းနဖူးတွင် ထိုင်ချလိုက်၏။

မြစ်ပြင်ကိုဖြတ်၍ တိုက်ခိုက်လိုက်သောလေသည် စုမာကြိုးအား လန်းဆန်းသွားစေသည်။ စုမာကြိုးမှာ ညအလှကို တစ်ချက်ငေးမောကြည့်လိုက်၏။

ချန်ကျန်းမြစ်သည် ကျယ်ပြန့်လှသည့်အတွက် ရေစီးကလည်း ညင်သာလှပေသည်။ စုမာကြိုးမှာ လရောင်အောက်တွင် လှပ





လှသော မြစ်ပြင်ကို ဘာရယ်မဟုတ်ဘဲ ငေးမောကြည့်နေမိလေတော့သည်။

ထိုစဉ် သူ့နားထဲ၌ အသံတစ်သံ ကြားလိုက်ရလေသည်။ သူသည် အသံလာရာဘက်ကို လှမ်းကြည့်လိုက်၏။ မကြာမီ မြစ်လယ်တွင် လှေငယ်တစ်စင်း လှော်ခတ်လာသည်ကို တွေ့လိုက်ရလေသည်။

လှေငယ်မှာ လျင်မြန်စွာ ရွေ့လျားလာ၏။ လှေငယ်ပေါ်တွင် လူတစ်ယောက်ပါလာ၏။

ထိုလူသည် လှေငယ်ပေါ်တွင် မတ်မတ်ရပ်ပြီး ခြေတစ်ဖက်ဖြင့် ရေကိုယက်ကာ လှော်ခတ်လာခြင်းဖြစ်၏။

ထိုလူ၏ခန္ဓာကိုယ်ကမူ မယိမ်းမယိုင် တည့်မတ်စွာ ရှိနေသည်။ စုမာကြိုးမှာ ထိုလူ၏ ကိုယ်ဟန်ကိုကြည့်ရင်း ထိုလူသည် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ရမည်ဟု သိရှိနားလည်လိုက်လေသည်။

သူကြည့်နေစဉ်အတွင်းမှာပင် လှေငယ်က ကမ်းစပ်အနီးသို့ ရောက်ရှိလာ၏။

ထိုအခါ လှေပေါ်မှလူကို ထင်ရှားစွာတွေ့လိုက်ရ၏။

ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိ၏။ ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထား၏။ ခေါင်းပေါ်တွင် အဝတ်ဦးထုပ်အနီတစ်လုံး ဆောင်းထား၏။

လှေငယ်ကလေးမှာ ကမ်းစပ်သို့ရောက်ရှိလာ၏။ ဖျင်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီနှင့်လူသည် သဲသောင်ပြင်ပေါ်သို့ လွှားခနဲ ခုန်တက်လာ၏။ ထိုလူ သဲသောင်ပြင်ပေါ်သို့ ရောက်သည်နှင့် ...

"တိယင်းဘက်က အချိန်မှန်သားပဲ"

ဟူသောစကားသံကို ကြားလိုက်ရလေသည်။ စုမာကြိုး အသံလာရာသို့ ကြည့်လိုက်သည်။ ကျောက်ဆောင်များကြားမှ လူ တစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုလူ သည်လည်း အသက်လေးဆယ်ကျော်ခန့်ရှိ၏။

အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး စာပေသမား တစ် ယောက်ပုံစံ ရှိ၏။ သူသည် ခါးစည်းကြိုးကြားတွင် ရွှေရောင်စုတ်တံ တစ်ချောင်း ထိုးစိုက်ထားသည်ကို တွေ့ရ၏။ တိယင်းဘက်က ...

"ထိချို"

စာပေပုံစံနှင့်လူက ...

"ဟုတ်ပါတယ် ... ကျုပ် ထိချိုပါ"

တိယင်းဘက်က ...

"ကျုပ်ကိုချိန်းဆိုတာ ဘာကိစ္စရှိလို့လဲ"

ထိချိုက ...

"ကျုပ်စာထဲမှာပါပါတယ်"

တိယင်းဘက်က မျက်မှောင်ကုတ်သွား၏။

"ဒါဆို နာနာဘာဝတောင်ကြားမြေပုံ ခင်ဗျားဆီမှာ တကယ်ရှိနေတယ်ပေါ့"

ထိချိုက ...



"ဟုတ်တယ်"

ထိယင်းဘက်က ရယ်မောလိုက်၏။

"ကျုပ် မယုံဘူးဗျ"

ထိချိုက ...

"ဘာဖြစ်လို့လဲ"

တိယင်းဘက်က ...

"ခင်ဗျားသာ မြေပုံရထားခဲ့ရင် ကျုပ်ကို အခုလို ချိန်းဆိုမှာ မဟုတ်ဘူး"

ထိချိုက ...

"ခင်ဗျားမှားနေပြီ၊ မြေပုံရတာ အမှန်ပဲဗျ"

တိယင်းဘက်က ...

"ဒါဆို ကျုပ်ကိုခေါ်တာ အဲဒီမြေပုံပေးဖို့တော့ ဟုတ်ဟန် မတူပါဘူး"

ထိချိုက ...

"အမှန်ပြောရရင် ခင်ဗျားနဲ့ ပူးပေါင်းပြီး နာနာဘာဝတောင် ကြားကို ဝင်ဖို့ စိတ်ကူးမိလို့ပါ"

တိယင်းဘက်က ...

"ခင်ဗျား တကယ်ပြောနေတာလား"

ထိချိုက ...

"အမှန်ပဲ၊ ဒါပေမဲ့"

တိယင်းဘက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်လဲ"

ထိချီက ...

"ခင်ဗျားကလည်း မိစ္ဆာမြှုလိုဏ်ဂူတံခါးသော့ကို ယူဆောင်လာသင့်တယ်"

တိယင်းဘက်၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။ သူသည် ချက်ချင်း ကျွေ့ဆည်လိုက်ပြီး ...

"မိစ္ဆာမြှုလိုဏ်ဂူတံခါးသော့ ... ဟုတ်လား၊ ကျုပ်မှာမရှိပါဘူး၊ ခင်ဗျား အထင်မှား ..."

ထိချီက လက်ကာပြလိုက်၏။

"ထိယင်းဘက် ခင်ဗျားလိမ်ညာမနေနဲ့၊ ကျုပ်သတင်း အတိအကျ ရထားပြီးပါပြီ"

တိယင်းဘက်က ...

"မင်းသိထားပြီကိုး"

ထိချီက ...

"ဟုတ်တယ်၊ ကျုပ်တို့ တစ်ဦးချင်းကြိုးစားမယ့်အစား ပူးပေါင်းရင် ပိုအောင်မြင်လိမ့်မယ်"

တိယင်းဘက်က ...

"ထားပါ ... ခင်ဗျားမှာ မြေပုံရှိတယ်ဆိုရုံနဲ့ ယုံရမလား"

ထိချီက အိတ်ထဲမှ စာရွက်ကို ထုတ်ပြလိုက်၏။

"ဒါဟာ နာနာဘာဝ တောင်ကြားမြေပုံပဲ၊ ခင်ဗျားမှာလည်း မိစ္ဆာမြှုလိုဏ်ဂူတံခါးသော့ပါလာမယ်ထင်ပါတယ်"





ထိချီ ခေါင်းညိတ်လိုက်သည်။ တိယင်းဘက်၏ မျက်နှာပြင်ပေါ်တွင် ရုတ်ခြည်းကောက်ကျစ်စဉ်းလဲဟန် ပေါ်ထွက်လာ၏။ သူသည် လျှပ်တစ်ပြက် ရွှေရောင်စုတ်တံကို ဆွဲထုတ်လိုက်၏။ တိယင်းဘက် ထိတ်လန့်သွား၏။

"မင်း မင်း"

ထိချီက ...

"ခင်ဗျားဆီမှာ သော့ရှိနေတာ သေချာသွားပြီပဲ၊ ကျုပ်ကိုသာ ပေးလိုက်ပါ"

တိယင်းဘက်က အံကြိတ်လိုက်၏။

"မင်းလိုလူယုတ်မာက ကျုပ်ဆီကတော့ ရနိုင်ပါ့မလား"

ထိချီက ရယ်မောလိုက်၏။ သူသည် လက်တစ်ဖက် ဝှေ့ယမ်းလျှင် ဝတ်ရုံနက် ဝတ်ဆင်ထားသော လူဆယ်ယောက်ခန့် ထွက်ပေါ်လာ၏။ ထိချီက ...

"တိယင်းဘက် ခင်ဗျားအသေခံမလား၊ သော့ပေးမလား"

"ကျုပ်က သော့ပေးလိုက်ရင်လည်း မင်းက ကျုပ်ကို လွှတ်ပေးမယ် မထင်ဘူး"

ထိချီက ...

"ကျုပ်တို့တစ်ချိန်က ရင်းနှီးခဲ့တာပဲ၊ ခင်ဗျားက သော့ပေးရင် ခင်ဗျားအသက်ကို ချမ်းသာပေးပါ့မယ်"

တိယင်းဘက်က ...

"မင်းစကား ဘယ်လိုယုံရမှာလဲ၊ အခုတောင် မင်းက ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို အကောက်ကြံနေပြီး နောက်တစ်ကြိမ် မင်းစကား ကျုပ်ယုံကြည်ဖို့ မရှိတော့ပါဘူး”

ထိချိုက ...

“ဒါဆို ခင်ဗျားက ခုခံမယ်ဆိုပါတော့”

တိယင်းဘက်က အံကြိတ်လိုက်၏။

“မင်းတို့ကို အကုန်သတ်ပစ်မယ်”

ထိချိုက အားရပါးရ ရယ်မောလိုက်၏။ ထို့နောက် အေးစက်သော အသံဖြင့် ပြောလိုက်လေသည်။

“သူ့ကို သတ်လိုက်”

စကားဆုံးသည်နှင့် ဝတ်ရုံနက်များက ဓားကိုယ်စီဆွဲထုတ်ကာ တိယင်းဘက်အား တိုက်ခိုက်လိုက်လေသည်။ တိယင်းဘက်က လည်း ချက်ချင်းပင် ဓားဆွဲထုတ်ပြီး တုံ့ပြန်တိုက်ခိုက်လိုက်လေတော့သည်။

✦

ည ...။

လရောင်က ငွေပင်းထိန်လျက်။ မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေဖြင့် ပတ်ဝန်းကျင်မှာ အေးစိမ့်နေ၏။ လရောင်အောက်သဲသောင်ပြင်ပေါ်ဝယ် အသက်လုတိုက်ပွဲက ပြင်းထန်



နေလေသည်။

ဝတ်စုံနက်ဆယ်ဦးခန့်က တိယင်းဘက်အား ဝိုင်းရံ၍ တိုက်ခိုက်နေကြသည်။ အများနှင့်တစ်ယောက် ဖြစ်လင့်ကစား တိယင်းဘက် ကြောက်ရွံ့ဟန် မရှိပါ။

သူသည် ဓားကို သွက်လက်စွာ ဝှေ့ယမ်းရင်း တိုက်ခိုက်နေလေသည်။ ကြေးစားဓားသမားဝတ်စုံနက်များသည် လူများသော်လည်း တိယင်းဘက်အား အနိုင်မယူနိုင်ဘဲ ရှိနေ၏။

တိယင်းဘက်၏ သိုင်းပညာကား အတော်မြင့်မားလှပေသည်။ တိုက်ပွဲမှာ အလွန်ပြင်းထန်နေ၏။ တိယင်းဘက်၏ ပြင်းထန်သော ဓားချက်ကြောင့် ဝတ်ရုံနက်သုံးယောက်ခန့် သဲသောင်ပြင်ပေါ် လဲကျသွား၏။

ဝတ်ရုံနက်များမှာ ဒေါသထွက်သွား၏။ တိယင်းဘက်အား ဝိုင်း၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေသည်။ ထိချိုမှာ တိုက်ပွဲအနီးတွင် ရပ်နေ၏။

သူသည် လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးဆေးဆေး ကြည့်နေ၏။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာလေသည်။ ဝတ်ရုံနက်များ တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျသွားသလို တိယင်းဘက်၏ ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာများ ရရှိလာလေသည်။

သူ၏အင်္ကျီပင် သွေးတို့ကြောင့် အနီရောင်သို့ ကူးပြောင်းနေပြီဖြစ်၏။ တိယင်းဘက်က ဝတ်ရုံနက်များအား သုတ်သင်နိုင်လိုက်ပြီ ဖြစ်သည်။ ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



"ထိချို"

နာကြည်းသံနှင့် ခေါ်လိုက်၏။ ထိချိုက ...

"ကျုပ်ကိုမနိုင်ပါဘူး၊ သော့ကိုပေးတာ ကောင်းမယ်"

တိယင်းဘက်က ...

"ကျုပ်ဆီက သော့ကို ဘယ်တော့မှ မရဘူး"

"ကောင်းပြီ ... မင်းကိုသတ်ပြီးယူရတော့မှာပေါ့"

ပြောကာ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ တိယင်းဘက်ကလည်း သဲသဲမဲမဲ တိုက်ခိုက်လိုက်လေသည်။ သူတို့တိုက်ခိုက်နေသည်မှာ အလွန်ပင် အန္တရာယ်များလှသည်။

ထိုစဉ် ထိချိုက တိယင်းဘက်အား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း'

တိယင်းဘက်က သဲသောင်ပြင်ပေါ် လဲကျသွားလေသည်။ တိယင်းဘက်က ခန္ဓာကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ ထိုစဉ် ထိချိုက စုတ်တံအား ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်သည်။

တိယင်းဘက်က သတိထားကာ ခုခံလိုက်သည်။

'ခြွမ်း'

တိယင်းဘက်၏ဓားကိုင်လက်ပင် ထုံကျဉ်သွား၏။ ဤအတိုင်း ဆက်တိုက်လျှင် ထိချိုအား သူ ရှုံးနိမ့်တော့မည်ဟု နားလည်လိုက်လေသည်။

မိစ္ဆာမြူးလိုဏ်ဂူတံခါးသော့အား ထိချိုမရစေရဟု ဆုံးဖြတ်





ချက်ချလိုက်၏။

သူသည် မသိမသာ သော့ကလေးကို သဲသောင်ပြင်ပေါ် လွှင့်ပစ်လိုက်၏။

ထိချိုက အတွင်းအားကို အပြည့်အဝ အသုံးပြုပြီး ဆက်တိုက် ထိုးနှက်တိုက်ခိုက်လိုက်လေသည်။

'ဝှစ် ဝှစ်'

'ခြွမ်း'

တိုက်ပွဲမှာ အလွန်ပြင်းထန်နေ၏။

သို့သော် အချိန်အနည်းငယ်ကြာသည်နှင့် အနိုင်အရှုံးက ကွဲပြားလာလေသည်။

တိယင်း ဘက်မှာ ဒဏ်ရာပြင်းစွာ ရရှိထားပြီး သွေးလည်းထွက်နေသဖြင့် အားအင်ကုန်ခန်းလာ၏။

ပြင်းထန်လှသော ထိချို၏တိုက်ခိုက်မှုများအောက်သို့ တစ်စထက်တစ်စ ကျရောက်လာလေသည်။

သူက တိယင်းဘက်အား အနိုင်ယူရုံမဟုတ် အသေသတ်ရန်ပါ စဉ်းစားထားသည်။

မိစ္ဆာမြူးလိုဏ်ဂူတံခါးသော့ သူ့ဆီရောက်လာခြင်းကို မည်သူမျှ မသိလေ ကောင်းလေဟု ယုံကြည်ထားသည် မဟုတ်ပါလား။

သူ၏တိုက်ခိုက်မှုက တဖြည်းဖြည်းပြင်းထန်လာသလို တိယင်းဘက်၏ခုခံမှုက နှေးကွေးလျော့ကျလာ၏။

ထိချိုက အချိန်ဆွဲတိုက်ရန် မစဉ်းစားပါ။ စုတ်တံကို ထိရ

www.burmeseclassic.com

www.burmeseclassic.com



ကြမ်း ဇွေ့ယမ်းကာ တိယင်းဘက်၏ရင်ဝကို ထိုးစိုက်ချလိုက်လေသည်။ တိယင်းဘက်က ကာကွယ်လိုက်သည်မှာ အလွန်နောက်ကျသွား၏။

'ခွပ်'

"အား"

တိယင်းဘက်မှာ နာကျင်စွာ အော်ဟစ်ရင်း သဲသောင်ပြင်ပေါ်သို့ ပြိုလဲကျသွားလေသည်။

"ဟား ဟား ဟား"

ထိချိုက သဘောကျစွာ ရယ်မောလိုက်၏။ ရယ်မောသံသည် ချန်ကျန်းမြစ်ပြင်ကို ဖြတ်ကျော်ပျောက်ကွယ်သွားလေတော့သည်။

✦ ✦ ✦



## မိတ်ဆွေဟောင်း

ထိပ်တန်းသိုင်းကျောင်း ...။

အနီရောင်အောက်ခံဝယ် ရွှေရောင်စာလုံးကြီးများဖြင့် ရေးသားထားသည်မှာ အဝေးကပင် မြင် နိုင်ပေသည်။

ကျိုကျောက်ဆိုင်းဘုတ်ကို တစ်ချက်မော့ကြည့်ပြီး အထဲသို့ လှမ်းဝင်လိုက်၏။ သင်တန်းသားများက သူ့အားတွေ့သည်နှင့် ချက်ချင်းပင် အရိုအသေပြုလိုက်ကြ၏။

ကျိုကျောက်က လက်တစ်ချက် ဇွေ့ယမ်းပြ၍ ဆက်ပြီး လေ့ကျင့်ရန် အမိန့်ပေးလိုက်၏။ ထို့နောက် သူက နားနေဆောင်ဘက်သို့ ဆက်၍ လျှောက်လာခဲ့လေသည်။

နားနေဆောင်သည် သင်တန်းသားများ လေ့ကျင့်ရာ ကွက်လပ်ကို ကောင်းစွာ မြင်တွေ့နေရသော နေရာဖြစ်ပေသည်။ ကျိုကျောက်က ရေနွေးကြမ်းသောက်ရင်း သင်တန်းသားများ လေ့ကျင့်နေသည်ကို ကြည့်နေလိုက်၏။

စုစုပေါင်း သင်တန်းသား တစ်ရာခန့်ရှိ၏။ ဤနယ်တစ်ပိုက်တွင် သူ၏ ထိပ်တန်းသိုင်းကျောင်းသည် နာမည်အကြီးဆုံးဖြစ်၏။ သင်တန်းဝင်ကြေးမှာလည်း အမြင့်ဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျို့ကျောက်၏မျက်နှာပေါ်တွင် အပြုံးက ရှိနေ၏။ ဆယ်နှစ်အတွင်း ပြိုင်ဘက်ကင်း ဖွင့်လှစ်နိုင်သည့်အတွက် သူသည်လည်း အလွန်ချမ်းသာ ကြွယ်ဝလာခဲ့သည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်ကမူ သူ၏သိုင်းသင်ကျောင်းက ပါချီပါချက် ဖြစ်၏။ အခြားသော သိုင်းသင်တန်းကျောင်းများ ခုနစ်ခုခန့်လည်း ရှိနေခဲ့၏။

သို့သော် တစ်နှစ်အတွင်း အခြားပြိုင်ဘက်သင်တန်းကျောင်းများ ပိတ်သွားခဲ့၏။ ထိုအကြောင်းကို မည်သူမျှ သိမည်မဟုတ်ပါ။ ပြိုင်ဘက်သင်တန်းကျောင်းများ ပိတ်ပစ်ရအောင် သူက ကြံစည်ခဲ့ သည် မဟုတ်ပါလား။

သူ၏အကြံအစည်ကို အကောင်အထည်ဖော်ပေးသူက ဖုံးယန်ဖြစ်၏။ သူသည် တွေးရင်း ဖုံးယန်အား သတိရလာ၏။ ဖုံးယန်နှင့် သူ မတွေ့ရသည်မှာ ကြာခဲ့ပြီမဟုတ်ပါလော။

✦

သိုင်းသင်တန်းတံခါးဝမှ ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။ ထိုအသံများကြောင့် ကျို့ကျောက်၏အတွေးစများက ပြတ်တောက်သွားရ၏။

ကျို့ကျောက်က တံခါးဝသို့ လှမ်းကြည့်လိုက်၏။ စုတ်စုတ်





ပြတ်ပြတ်နှင့် လူတစ်ယောက်က သင်တန်းသားများကြားမှ အတင်းတိုးဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သင်တန်းသားများက ဟန့်တားတိုက်ခိုက်နေသော်လည်း ထိုသူအား တစ်ချက်မျှ မထိပါချေ။ ကျို့ကျောက်က နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

သူသည် နားနေဆောင်မှ ထွက်လာခဲ့ပြီး လက်ခုပ်သုံးချက် တီးလိုက်သည်။

'ဖြောင်း ဖြောင်း ဖြောင်း'

ကျယ်လောင်သော လက်ခုပ်သံကြောင့် သင်တန်းသားများက နောက်ဆုတ်သွား၏။ ကျို့ကျောက်က ကျူးကျော်ဝင်ရောက်လာသူအား သေသေချာချာကြည့်လိုက်၏။

ထိုလူသည် ခမောက်တစ်လုံး ဆောင်းထား၏။ အဝတ်အစားများက စုတ်ပြတ်နေ၏။ ခါးတွင် ဓားမပါသော ဓားအိမ်တစ်လက်ချိတ်ဆွဲထားလေ၏။

သူ၏အဝတ်ဖိနပ်မှာ ပေါက်ပြဲနေပြီး ပြူးထွက်နေသော ခြေမကို တွေ့နေရ၏။ သူက ကြည့်နေစဉ်မှာပင် ထိုလူက လွယ်အိတ်တစ်ပြက် ရှေ့တိုးလာကာ လက်သီးတစ်လုံး ထိုးချလိုက်၏။

ကျို့ကျောက်က လျှင်မြန်စွာ ရှောင်တိမ်းလိုက်၏။ သူ၏မျက်နှာမှာ ချက်ချင်း ပြူးရှင်သွားပြီး ...

"ဖုံးလန်"

ဟု အားရဝမ်းသာခေါ်လိုက်လေသည်။ သူ သတိရနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ဖိုးယန်က ရောက်ရှိလာခဲ့သည် မဟုတ်ပါလော။ ကျိုကျောက်က ဖိုးယန်အား ပွေ့ဖက်လိုက်လေသည်။

✦

ဖိုးယန်၊ ဖိုးယန်သည် ဆိုင်းလောကသားတစ်ဦးဖြစ်၏။ သူသည် နေရာအတည်တကျ မနေတတ်ဘဲ လှည့်လည်သွားလာနေတတ်သော ခြေသလုံးအိမ်တိုင်သမားတစ်ယောက် ဖြစ်သကဲ့သို့ ကြေးစားသိုင်းသမားတစ်ယောက်လည်း ဖြစ်ပေသည်။

ဖိုးယန်နှင့် ကျိုကျောက်တို့သည် ငယ်စဉ်ကပင် ရင်းနှီးခင်မင်ခဲ့ကြ၏။ ကျိုကျောက်သင်တန်း အောင်မြင်လာအောင် ကျန်သင်တန်းဆရာများကို နှုတ်ပိတ်မောင်းထုတ်ပေးခဲ့သူလည်း ဖိုးယန်ပင်ဖြစ်ပါသည်။

ကျိုကျောက်အပေါ် ဖိုးယန်၏ ကျေးဇူးများကား အလွန်များပြားလှပေသည်။ ကျိုကျောက်မှာ ချမ်းသာကြွယ်ဝလာချိန်တွင် ဖိုးယန်အား ကျေးဇူးဆပ်လိုလှ၏။

သို့သော် ဖိုးယန်၏သတင်းကို မရဘဲ ရှိနေခဲ့သည်။ ယခု ဖိုးယန်က သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသောအခါ ကျိုကျောက်မှာ ဝမ်းသာသွားသည်။

ချက်ချင်းပင် စားသောက်ပွဲတစ်ခု တည်ခင်းဧည့်ခံလိုက်လေ



သည်။ ဖိုးယန်မှာ ခမ်းနားလှသော ဧည့်ခန်းကို တစ်ချက်လှည့်ပတ်ကြည့်လိုက်ပြီး စားပွဲတွင် ဝင်ထိုင်လိုက်၏။

"မင်း အတော်ချမ်းသာနေပုံရတယ်"

ကျိုကျောက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ မင်းကူညီခဲ့လို့ ငါ ဒီလို အခြေအနေ ရောက်လာခဲ့တာပဲ"

ဖိုးယန်က ရယ်မောလိုက်၏။

"ငါ့ကြောင့် မဟုတ်ပါဘူးကွာ"

ကျိုကျောက်က ...

"ကဲ စားပါဦး၊ မင်းရောက်တဲ့အခိုက် ငါကျွေးမွေးပြုစုပါရစေ"

"အား ... ကောင်းလိုက်တဲ့အရက်၊ ဒီလိုအရက်ကောင်း မသောက်ရတာ ကြာပြီ"

ကျိုကျောက်က ပြုံးလိုက်ပြီး ...

"မင်းစိတ်တိုင်းကျ သောက်ပါ"

ဖိုးယန်က ...

"သောက်မယ်၊ ဒါထက် ကျုပ် ဒီမှာ အတော်ကြာကြာနေရမယ်"

ကျိုကျောက်၏မျက်နှာ ပြုံးရွှင်သွား၏။

"မင်း တကယ်ပြောတာလား"

ဖိုးယန်၏မျက်နှာ လေးနက်တည်ကြည်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ကျိုကျောက်က ...

"ကောင်းတယ်၊ ကျုပ် ဝမ်းသာလိုက်တာ"

ဖိုးယန်က ...

"နေဦး ... ကျုပ်စကားဆုံးရင် မင်း ဝမ်းသာနိုင်ပါ့မလား မသိဘူး"

ကျိုကျောက်က မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ဖိုးယန်က ...

"ကျုပ် ဒီမှာရှိတာ ဘယ်သူမှ သိလို့မဖြစ်ဘူး"

ကျိုကျောက်က ...

"မင်းမှာ ရန်သူရှိနေလို့လား"

ဖိုးယန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ရန်သူကို ရှောင်တိမ်းရင်း မင်းဆီမှာ ခဏလာ ခိုတာပါ"

ကျိုကျောက်က ပြုံးလိုက်သည်။

"ကျုပ်ဆီရောက်မှတော့ ဘာမှမပူပါနဲ့ဗျာ"

"ဒါထက် ရန်သူက ဘယ်သူများလဲ"

ဖိုးယန်က လေသံဖြင့် ပြောလိုက်၏။

"အရှုးသုံးဖော်"

ကျိုကျောက် မျက်နှာကွက်ခနဲ ပျက်သွားသည်။ ချက်ချင်း





ဣန္ဒြေဆည်လိုက်ပြီး ...

"ကိစ္စမရှိပါဘူးကွာ၊ သူတို့ရောက်ရင် လူသေဖြစ်သွားမှာပေါ့"

ကျိုကျောက်စကားကြောင့် ဖိုးယန်၏မျက်နှာမှာ ဝင်းလက်သွားလေသည်။

"ကျုပ်လည်း ခင်ဗျားအားကိုးနဲ့ ဒီကိုရှောင်တိမ်းလာတာပဲ၊ ကျုပ်တို့နှစ်ယောက် ပူးပေါင်းလိုက်ရင် အရှုးသုံးဖော်ကို သိပ်ပြီး ကြောက်စရာမလိုတော့ဘူး"

ကျိုကျောက်က ခေါင်းညိတ်လိုက်၏။

"ခင်ဗျားပြောတာ မှန်ပါတယ်၊ ဘာမှ ကြောက်စရာမလိုတော့ပါဘူး၊ ဒါထက် ခင်ဗျားက အရှုးသုံးဖော်နဲ့ ဘယ်လို ပြဿနာဖြစ်ခဲ့လို့လဲ"

ဖိုးယန်က သက်ပြင်းချလိုက်၏။

"ပြောရမယ်ဆိုရင်တော့"

အရက်ဆိုင်ကလေး။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## ကြေးစားဘာဝ

အရက်ဆိုင်ကလေး ...၊

လမ်းနံဘေး၌ တစ်ဖက်ရပ်တဲကလေး တစ်လုံးဖြစ်သည်။

တဲအလယ်တွင် မီးအိမ်တစ်လုံး ထွန်းထား၏။ မီးအိမ်၏ အလင်းရောင် ဝါကြင့်ကြင့်က ဆိုင်ကလေးအတွင်း အလင်းရောင် မသဲမကွဲသာ ပေးစွမ်းနိုင်၏။

ဖိုးယန်သည် တဲထောင့်တွင်ထိုင်ကာ အရက်သောက်နေ၏။ သူသည် အရက်သုံးခွက်မျှ သောက်ပြီးနောက် ဆက်မသောက်တော့ဘဲ လမ်းမဘက်သို့ ငေးမျှော်ကြည့်နေခဲ့သည်။

ထိုစဉ် မြင်းခွာသံ ထွက်ပေါ်လာ၏။ ဖိုးယန်၏မျက်လုံးများက တောက်ပသွားလေသည်။ မကြာမီ မြင်းသုံးကောင်က အရက်ဆိုင်ကလေးရှေ့တွင် ရပ်တန့်သွား၏။

ချက်ချင်းပင် မြင်းပေါ်မှ လူသုံးယောက် ဆင်းလာ၏။ ထိုလူများကို တွေ့လိုက်သည်နှင့် ဆိုင်တွင်းမှ လူများ ပြိုးစေ့စေ့ ဖြစ်သွား၏။

ဖိုးယန်ကမူ မပြုံးမိဘဲ ရင်ထဲ၌ လေးလံသလို ဖြစ်သွားလေသည်။ ဆိုင်တွင်းသို့ လူသုံးယောက် ဝင်လာ၏။ သူတို့အကြောင်း



သိထားသူများကမူ ယခုလို တွေ့ရသည်နှင့် သူတို့နှင့်ဝေးရာသို့ပင် ထွက်ပြေးချင်စိတ်ပေါက်မည်မှာ သေချာလှပေသည်။

အရှုးသုံးဖော်၊ သိုင်းလောကသားတိုင်း အရှုးသုံးဖော်ကို သိကြ၏။ အရှုးသုံးဖော်မှာ အနက်ရောင်သိုင်းသမားများ ဖြစ်ကြပြီး ရက်စက်မှု သရဖူဆောင်းထားကြသူများ ဖြစ်၏။

သိုင်းလောကသားများသည် အရှုးသုံးဖော်အား ဝေးဝေးမှပင် ရှောင်ရှားတတ်ကြ၏။ မည်သူမျှ ထိပ်တိုက်ရင်ဆိုင်ဝံ့သူ မရှိပါ။ ယခုလည်း ဖိုးယန်မှာ အရှုးသုံးဖော်အား တွေ့လိုက်သောအခါ ဆိုင်တွင်းမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော် သူရှောင်ရှား၍ မရတော့ပါ။ အရှုးသုံးဖော်က သူ၏စားပွဲတွင် ဝင်ထိုင်လိုက်ကြပြီ ဖြစ်ပါသည်။ ဖိုးယန်က သက်ပြင်း အသာချလိုက်၏။

အရှုးလတ်က ဖိုးယန်အား ပြုံးပြလိုက်၏။ သူ၏အပြုံးမှာ နွေးထွေးမှုမရှိဘဲ အေးစိမ့်နေသလို ခံစားလိုက်ရလေသည်။

"မင်းက ဖိုးယန်လား"

ဖိုးယန်၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။ သူက လိမ်ညာ၍ မဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျုပ်က ဖိုးယန်ပါ၊ နောင်ကြီးတို့နဲ့ တစ်ကြိမ်မှ မကြုံခဲ့ဘူး ထင်ပါတယ်"

အရှုးလေးက ရယ်မောလိုက်၏။ သူ၏ရယ်မောသံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်အလင်းရောင်ပင် လှုပ်ခါသွားသလို ခံစားလိုက်ရ၏။ အရူးလေးက ...

"မှန်တယ်၊ မင်းနဲ့ကျုပ်တို့ တစ်ကြိမ်တစ်ခါမှ မဆုံခဲ့ဖူးပါဘူး"

ဖုံးယန်မှာ စိတ်အနည်းငယ် သက်သာသွား၏။ အရူးလတ်က ...

"ဒါပေမဲ့ အခုတော့ ပတ်သက်ရတော့မယ်"

"ဗျာ"

ဖုံးယန် ထိတ်လန့်သွား၏။ မျက်နှာမှာလည်း ဖြူရော်သွား၏။ အရူးကြီးက ...

"တလွဲမထင်ပါနဲ့၊ မင်းကို ကျုပ်တို့က အလုပ်တစ်ခု အပ်စရာ ရှိလို့ပါ"

ဟု ဝင်ပြောလိုက်၏။ အရူးကြီး၏စကားကြောင့် ဖုံးယန်၏ရင်ထဲမှ အလုံးက ပြုတ်ကျသွား၏။ သို့သော် သူက အရူးသုံးဖော်နှင့် မပတ်သက်လိုပါ။ ထို့ကြောင့် ...

"ခင်ဗျားတို့ အလုပ်အပ်မယ်ဆိုတဲ့အတွက် ကျုပ် အလွန်ဂုဏ်ယူပါတယ်၊ ဒါပေမဲ့ ကျုပ် လောလောဆယ် တခြားအလုပ်တစ်ခု လက်ခံထားတယ်"

အရူးလတ်က သူ၏ တစ်ဆက်တည်းရှိသော လက်ကို ဝှေ့ယမ်းလိုက်လေသည်။

"မင်းက ကျိုပင်ရဲ့အလုပ်ကို လက်ခံဖို့စောင့်နေတာ မဟုတ်လား"





ဟု ကြားဖြတ်ပြောလိုက်၏။ ဖုံးယန်၏မျက်လုံးများ ပြူးကျယ်သွား၏။

"ခင် ခင်ဗျားတို့ သိတယ်"

အရူးကြီးက ...

"ဟုတ်တယ်၊ မင်းလက်ခံစရာမလိုဘူး"

ဖုံးယန် သက်ပြင်းချလိုက်၏။

"ဒါပေမဲ့၊ ကျိုပင်ကို လက်ခံမယ်လို့ ကတိပေးထားခဲ့တယ်"

အရူးလေးက ရယ်မောလိုက်၏။

"ကျိုပင်မှ မရှိတော့ဘဲ၊ သူ့အလုပ်ကို မင်းလက်ခံဖို့ မလိုတော့ပါဘူး"

ဖုံးယန်၏မျက်လုံးများ ပြူးကျယ်သွား၏။ အရူးကြီးက ...

"ကျုပ်တို့က မင်းကို ခိုင်းစရာရှိနေတဲ့အတွက် ကျိုပင်က ထွက်ပြေးသွားပြီ"

အရူးလတ်က စားပွဲပေါ်သို့ ရွှေတုံးကလေးများ ချပေးလိုက် ဖုံးယန်က ရွှေတုံးကလေးများကို တစ်ချက်ကြည့်လိုက်၏။ သူက ငြင်းပယ်လျှင် အန္တရာယ်ရှိကြောင်းသိလိုက်၏။

"ကျုပ် ဘာလုပ်ရမှာလဲ"

အရူးကြီးက ...

"မင်း လုပ်နေကျအလုပ်ပဲ"

ဖုံးယန်က ...

"ဘယ်သူ့ကို သတ်ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အရှုးကြီးက ...

"ကျင်းဂူ"

ဖိုးယန်က မျက်မှောင်ကုတ်သွား၏။

"ဓားမြန်ကျင်းဂူ ဟုတ်လား"

အရှုးကြီးက ...

"ဟုတ်တယ်၊ မင်းက သူ့ကိုသတ်ပြီး ပစ္စည်းတစ်ခု ယူလာပေးရမယ်"

ဖိုးယန်က သက်ပြင်းချလိုက်၏။

"ဓားမြန်ကျင်းဂူလိုလူမျိုးကို ကျုပ်က လုပ်ကြံဖို့ မလွယ်ကူနိုင်ဘူး၊ ခင်ဗျားတို့ရှင်းမှ ဖြစ်နိုင်မယ်ဗျ"

အရှုးလေးက ...

"ကျုပ်တို့ သူ့အနားကပ်မယ်ဆိုရင် သူက ကျုပ်တို့ မတွေ့အောင် ရှောင်တိမ်းသွားမှာပဲ၊ ဒါမှမဟုတ် အကူအညီယူထားမှာပဲ"

အရှုးကြီးက ...

"ဒါကြောင့် မင်းကိုခိုင်းတာ"

ဖိုးယန်က ...

"ကျင်းဂူကို ကျုပ်လုပ်ကြံမယ်ဆိုရင် ကိုယ့်သေတွင်း ကိုယ်တူးတာနဲ့ တူနေမယ်ဗျ"

အရှုးလတ်က မဲ့လိုက်၏။

"မင်းက ကျင်းဂူကို မသတ်ရင် ကျုပ်တို့က မင်းကို သတ်ရမယ်"



အရှုးကြီးက ...

"ကျင်းဂူလက်ချက်နဲ့ မသေချင်ရင် ကျုပ်တို့ လက်ချက်နဲ့ သေရမယ်"

ဟု အေးစက်စွာ ပြောလိုက်၏။ ဖိုးယန်၏မျက်နှာ ဖြူရော်သွားလေ၏။ အရှုးလေးက ဝင်ပြောလိုက်၏။

"မင်းက ကျင်းဂူကိုလုပ်ကြံရင် မင်းအသက်ရှင်ခွင့် ရှိနိုင်သေးတယ်၊ ကျုပ်တို့နဲ့ဆိုရင်တော့ ဘာအခွင့်အလမ်းမှ ရှိမယ်လို့ ကျုပ်မထင်ဘူးဗျ"

အရှုးကြီးက ...

"သိပ်မှန်တာပေါ့၊ မင်းကသာ ကျင်းဂူကို ရှင်းနိုင်ခဲ့ရင် မင်းအတွက် မက်မောလောက်တဲ့ အခကြေးငွေရလာမှာ သေချာတယ်"

ဖိုးယန် ခေါင်းကုတ်လိုက်၏။

"ကျုပ်အတွက် ရွေးချယ်စရာလမ်း မရှိတော့ဘူးပေါ့"

အရှုးကြီးက ...

"မင်းက ကျင်းဂူကိုမသတ်ရင် မင်းကို ကျုပ်တို့သတ်ရမှာပဲ"

ဖိုးယန်က ဘာမျှမပြောတော့ပါ။ စားပွဲပေါ်မှ ရွှေတုံးများကို ကောက်ယူကာ အရက်ဆိုင်ကလေးထဲမှ ထွက်လာခဲ့လေတော့သည်။

✦

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဂူ ... ခါးမြန်ကျင်းဂူ ...။

ခါးမြန်ကျင်းဂူသည် တောင်ပိုင်းသိုင်းသမားများထဲတွင် ကျော်ကြားသော သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ကျင်းဂူသည် အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်သည်။ သူ၏ လျင်မြန်သော ခါးချက်များဖြင့် ရန်သူမြောက်မြားစွာကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပေသည်။

ငွေခါးသိုင်းကွက် တစ်ဆယ့်ရှစ်ကွက်က သူ့အား ထိပ်တန်းသိုင်းသမားတစ်ဦး ဖြစ်စေခဲ့သည်။ သိုင်းလောကတွင် ကျော်ကြားလှသော ခါးမြန်ကျင်းဂူအဖို့ ကြမ္မာငင်ခဲ့ချေပြီ။

ဖုံးယန်သည် ခါးမြန်ကျင်းဂူအား လုပ်ကြံရတော့မည် မဟုတ်ပါလား။

✦

ဖုံးယန်။ ဖုံးယန်သည် ဈေးသည်တစ်ဦးအသွင် ရုပ်ဖျက်ထား၏။ သူသည် ကျင်းဂူ၏ အိမ်ဂေဟာအနီးသို့ ရောက်ရှိနေသည်မှာ ငါးရက်တိတိ ရှိခဲ့ပြီဖြစ်၏။

ထိုငါးရက်အတွင်း ကျင်းဂူ၏ သွားလာလှုပ်ရှားမှုများကို အသေးစိတ် မှတ်သားထားခဲ့၏။ ခါးမြန်ကျင်းဂူသည် နံနက်စောစော





တွင် မြို့ပြင်ရှိ ဘုံကျောင်းသို့ သွားကာ ဂါရဝပြုတတ်ပေသည်။

တစ်ခါတစ်ရံ သူ၏ငယ်သားများ ပါလာတတ်၏။ ဖုံးယန်မှာ ကြေးစားတစ်ယောက်ဖြစ်၏။ သူ အကဲခတ်မိသမျှကို အစီအစဉ်ချလိုက်၏။

ယနေ့အထိ ကြေးစားလောကတွင် သူ ရပ်တည်နိုင်ခဲ့သည်မှာ သူ၏ အစီအစဉ်များ ကောင်းမွန်သောကြောင့် ဖြစ်၏။ ယခုလည်း ဖုံးယန်မှာ ခါးမြန်ကျင်းဂူအား လုပ်ကြံရန် အကွက်ချနေလေသည်။

ခါးမြန်ကျင်းဂူ၏ဂေဟာသည် ခိုင်ခံ့၍၊ အစောင့်အကြပ်တွေ များလှ၏။ ဂေဟာအတွင်းသို့ ဝင်ရောက်၍လုပ်ကြံမည်ဆိုလျှင် အင်အားလေးငါးဆယ်မက သုံးစွဲရမည်ဖြစ်၏။

လုပ်ကြံရန် သူတစ်ဦးတည်းသာရှိ၏။ ကျင်းဂူအား လုပ်ကြံရန် အကောင်းဆုံးနှင့် အဖြစ်နိုင်ဆုံးနည်းလမ်းမှာ ဘုံကျောင်းမှစောင့်၍ တိုက်ခိုက်ရန်ပင် ဖြစ်ပေသည်။

ဖုံးယန်က ဂေဟာအား တစ်ချက်ကြည့်လိုက်ပြီး ဈေးတောင်းကိုထမ်းကာ ထွက်လာခဲ့လေတော့သည်။

✦

ဖုံးလန်က အရက်ခွက်ကိုချလိုက်၏။ သူသည် လွန်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်က အရှူးကြီးနှင့် စကားပြောခဲ့သည်များကို ပြန်ကြားယောင်မိ၏။

"မင်းက ကျင်းဂူကို လုပ်ကြံပြီးတာနဲ့ သူ့ကိုယ်ပေါ်က စားရွက်တစ်ရွက်ကို ယူလာပေးရမယ်"

ဖုံးယန်က …

"ဘာစာရွက်လဲ"

အရူးကြီးက …

"မင်း သိစရာမလိုဘူး"

ဖုံးယန်က သက်ပြင်းချလိုက်၏။

"ဘာစာရွက်မှန်းမသိဘဲ ကျုပ်က ဘယ်လိုယူရမလဲ"

အရူးကြီးက …

"သူ့ကိုယ်ပေါ်က ပါလာသမျှ စာရွက်အကုန်သာယူခဲ့ပါ"

ဖုံးယန်က …

"ကောင်းပြီလေ၊ ကျုပ် ဘယ်လို လာပို့ရမလဲ"

အရူးကြီးက …

"လဆန်းသုံးရက်နေ့ ပန်းတစ်ရာတည်းခိုခန်းက စောင့်နေပါ"

ဖုံးယန်က …

"ကောင်းပါပြီ"

အရူးကြီးက ထိုင်ရာမှထလိုက်၏။

"မင်းက ကျုပ်တို့ကို လိမ်ညာမယ်ဆိုရင် မင်းအတွက် ပြေးစရာ မြေမရှိဘူးဆိုတာ နားလည်ထားပါ"



ဖုံးယန်၏အတွေးစများက သူ၏ရင်ခွင်တွင်းသို့ဝင်လာသော မိန်းကလေးကြောင့် ပြတ်တောက်သွား၏။ ဖုံးယန်က မိန်းကလေးအား အလိုက်သင့် ပြန်ဖက်လိုက်လေသည်။

အတွေးများကို ခေါင်းထဲမှ မောင်းထုတ်လိုက်၏။ ယခုပစ္စုပ္ပန်အချိန်တွင် သူက ပျော်ပျော်နေရပေမည်။ ကျင်းဂူအားလုပ်ကြံရန်ကိစ္စသည် သူ့အသက်သေဆုံးသွားနိုင်လေသည်။

သူ မသေခင် ပျော်ရွှင်စွာ အချိန်များဖြင့်သာ ကုန်ဆုံးစေမည်ဟု ဆုံးဖြတ်ထားသည်။ အရူးသုံးယောက်ထံမှ ရရှိထားသောငွေများအားလုံး သူက မကုန် ကုန်အောင် သုံးဖြုန်းလိုက်၏။

ဖုံးယန်က အခန်းတွင်းမှ မီးကို ပိတ်လိုက်သည်။ ထို့နောက် သူသည် မနက်ဖြန်ကိစ္စများကို မေ့လျော့ထားလိုက်လေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## မြေပုံ

နောက်တစ်နေ့နံနက် ...။

ငွေစားဂေဟာတံခါး ပွင့်သွားသည်။ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက် ထွက်လာလေသည်။

ခန့်ညားလှသောလူတစ်ယောက် ဖြစ်သည်။ အသက်ငါးဆယ် ဝန်းကျင်ခန့် ရှိ၏။ သူ၏ခါးတွင် ငွေစားရှည်တစ်လက် ချိတ်ဆွဲထားသည်။

ထိုလူကား ဓားမြန်ကျင်းဂူပင် ဖြစ်ပေသည်။ သူ၏ ခန့်ညားသော မျက်နှာပေါ်တွင် ဇရာ၏အရေးအကြောင်းများ ပေါ်လွင်စပြုနေ၏။

ဓားမြန်ကျင်းဂူမှာ ဂေဟာဝအဝင်ရပ်ကာ ထွက်ကာနေမင်းကြီးကိုတစ်ချက်ကြည့်လိုက်၏။ ထို့နောက် သူသည် မြို့ပြင်ဘုံကျောင်းသို့ တစ်လှမ်းချင်း လျှောက်လာခဲ့လေသည်။

✦

မြို့ပြင်ဘုံကျောင်း ...။

ဘုံကျောင်းမှာ အတော်ပင်ကြီးမား၏။ ဘုံကျောင်းအဝင်





လမ်းကို ကျောက်ဖြူပြားများ ခင်းထားပေသည်။

ကျင်းဂူမှာ ဘုံကျောင်းအတွင်းသို့ လှမ်းဝင်လိုက်၏။

နံနက်စောစောအချိန်မို့ ဘုံကျောင်းအတွင်း၌ လူရှင်းနေ၏။ ရုပ်တုရှေ့တွင် အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ထွန်းညှိထားပေသည်။

ရုပ်တုညာဘက်စွန်းတွင် လယ်သမားအဘိုးအိုတစ်ယောက်က ဒူးထောက်ဝတ်ပြုနေသည်။ ကျင်းဂူက လယ်သမားအဘိုးအိုအား တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက် သူသည် ရုပ်တုရှေ့တွင် ဒူးထောက်၍ ဝတ်ပြုလိုက်သည်။

သူသည် နေ့စဉ် ဝတ်ပြုမြဲဖြစ်၏။ ယနေ့လည်း ဝတ်ပြုနေရင်း စိတ်ထဲမှ မသိုးမသန့်ခံစားလိုက်ရလေသည်။ သူသည် မျက်လုံးကို ဖွင့်ကာ ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်လိုက်၏။

ဘုံကျောင်းအတွင်း ဒူးထောက်နေသော လယ်သမား အဘိုးအိုမှအပ အခြားလူမရှိပါ။ ကျင်းဂူက မျက်မှောင်ကြုတ်သွားသည်။ သူသည် သိုင်းလောကတွင် နှစ်အတန်ကြာ ကျင်လည်ကျက်စားခဲ့သူတစ်ယောက် ဖြစ်သည်။

အန္တရာယ်၏ အငွေ့အသက်ကို သူခံစားနေရ၏။ အန္တရာယ်ပြုမည့်သူကိုမူ သူမတွေ့သေးပါ။ ကျင်းဂူ သက်ပြင်းချပြီး ပြန်၍ ဝတ်ပြုရန် ဟန်ပြင်လိုက်သည်။

စိတ်ထဲ၌ ထင့်ခနဲ ဖြစ်သွားသည်။ အမွှေးတိုင်ရနံ့သည် ခါတိုင်ထက် ပိုမွှေးနေသလို ခံစားလိုက်ရ၏။ ကျင်းဂူမှာ ချက်ချင်းပင်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကို သဘောပေါက်သွား၏။

ချက်ချင်း ခုန်ထလိုက်ပြီး စားပွဲပေါ်မှ အမွေးတိုင်ကို ယူကာ နင်းချေလိုက်၏။ ထိုစဉ် လယ်သမားအဘိုးအိုက ခုန်ထလာပြီး လက်တစ်ဖက် ဝှေ့ယမ်းလိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

အလင်းတန်းကလေးများက ကျောင်းဝူ၏ခန္ဓာကိုယ်နေရာ အနှံ့အပြားသို့ တိုးဝင်သွား၏။ ကျောင်းဝူက အသက်တစ်ဝရှူလိုက်ပြီး အကျီလက်အိုးဖြင့် တစ်ချက်ခါယမ်းလိုက်ပြီးနောက် ကျွမ်းတစ်ပတ်ပစ်လိုက်၏။

သူ၏ခန္ဓာကိုယ်မှာ ဘုံကျောင်းအပြင်ဘက်သို့ ကျရောက်သွားလေသည်။ ထိုစဉ် သူ၏ရင်ထဲမှ တင်းကျပ်မှု ဝေဒနာကိုလည်း စတင်ခံစားလိုက်ရလေသည်။

"အဆိပ်"

ကျောင်းဝူ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။ ရန်သူကို ရင်ဆိုင်၍ မဖြစ်နိုင်ကြောင်း သိလိုက်၏။ ချက်ချင်း နောက်လှည့်ပြေးလွှားလိုက်၏။

သို့သော် သူပြေးမရတော့ပါ။ လယ်သမားအဘိုးအိုက သူ၏ ပြေးလမ်းကို ပိတ်ဆို့ကာ ရပ်နေသည် မဟုတ်ပါလား။ ကျောင်းဝူ အံကြိတ်လိုက်၏။

လယ်သမားအဘိုးအိုအား စေ့စေ့ကြည့်လိုက်၏။ သူ၏ မျက်မှောင်များ တွန့်သွား၏။



"လက်စသတ်တော့ ဖုံးယန်ပါလား"

လယ်သမားအဘိုးအိုမှာ ဖုံးယန်က ရုပ်ဖျက်ထားခြင်းဖြစ်လေသည်။ ဖုံးယန်က ...

"ခင်ဗျားကို အနိုင်ယူဖို့ဆိုရင် အခုလိုမလုပ်လို့ မဖြစ်ဘူးဗျ"

ကျောင်းဝူ၏မျက်နှာ တင်းမာသွား၏။

"မင်းနဲ့ကျုပ် ဘာရန်ငြိုးများရှိလို့လဲ"

ဖုံးယန်က ...

"ရန်ငြိုးမရှိပါဘူး"

ကျောင်းဝူက ...

"ရန်ငြိုးမရှိဘဲနဲ့ ကျုပ်ကို ဘာကြောင့် သတ်ချင်ရတာလဲ"

ဖုံးယန်က ...

"ငါ့အလုပ်က ကြေးစားလူသတ်သမား"

ကျောင်းဝူက ...

"ကဲ ... ဒါဖြင့် ခင်ဗျားသဘောပေါ့ဗျာ"

ထို့နောက် သူတို့နှစ်ယောက်သည် တိုက်ခိုက်ကြလေတော့သည်။ တိုက်ခိုက်၍ သိုင်းကွက်သုံးကွက်သို့အရောက်တွင် ကျောင်းဝူ၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်၍ လာလေတော့သည်။

ကျောင်းဝူ ထိုသို့ ယိမ်းယိုင်၍သွားရာ ဖုံးယန်၏ဓားဖျားက ကျောင်းဝူ၏ရင်အား ဖောက်၍ ဝင်သွားလေတော့၏။

'ဝုန်း'

ကျောင်းဝူ၏ခန္ဓာကိုယ်မှာ မြေပေါ်သို့ လဲကျသွားလေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖိုးယန်သည် မြေပေါ်လဲကျသွားသော ကျင်းဂူ၏ခန္ဓာကိုယ်ပေါ်မှ စာရွက်များအား ရှာဖွေလိုက်သည်။

ထိုသို့ ရှာဖွေရာ ကျင်းဂူ၏ကိုယ်တစ်နေရာမှ စာရွက်များအား တွေ့မြင်သွားလေသည်။ ဖိုးယန် ထုတ်ယူလိုက်လေသည်။ ထိုစဉ် သူ၏နောက်ကျောအား ဓားဖြင့်ထောက်ထားခြင်းကို ခံလိုက်ရလေသည်။

ဖိုးယန်၏နဖူးပေါ်မှ ချွေးစက်များက မြေပေါ်ကျလာ၏။ ဖိုးယန်မှာ လှုပ်လှုပ်ရှားရှားပင် မလုပ်ရဲပါ။ သူ လှုပ်ရှားလိုက်သည်နှင့် သူ့ကျောပြင်အား ဓားတစ်လက်က ဖောက်ထွင်းဝင်လာမည်ကို သိရှိနေ၏။

ရန်သူသည် မည်သူမည်ဝါ ဖြစ်သည်ကို သူမသိပါ။ ထိုစဉ် အေးစိမ့်သောစကားသံ ထွက်ပေါ်လာ၏။

"နောက်လှည့်မကြည့်နဲ့၊ မင်းလက်ထဲက နာနာဘာဝ တောင်ကြားမြေပုံ ပေးစမ်း"

ဖိုးယန်၏မျက်လုံးများ ပြူးကျယ်သွား၏။ သူ့လက်ထဲမှ စာ ရွက်သည် သိုင်းလောကသားတိုင်း လိုချင့်မက်မောကြသော နာနာ ဘာဝတောင်ကြားမြေပုံ ဖြစ်နေသည် မဟုတ်ပါလား။

ဖိုးယန်မှာ နှမြောသွား၏။ သူသည် ဘာမှမတတ်သာတော့ပါ။ အမိန့်အတိုင်း နာခံပြီး မြေပုံကို နောက်သို့ ထိုးပေးလိုက်၏။ သူ့လက်ထဲမှ မြေပုံ လွတ်ထွက်သွားသည်နှင့် ရှေ့သို့ ကျွမ်းပစ်ထွက်လိုက်၏။





ကျောပြင်၌ အေးစိမ့်သော လေတစ်ချက်တိုးသွားပြီး သူ၏ဝတ်စုံနောက်ကျောမှာ စုတ်ပြတ်သွား၏။ ဖိုးယန်က လှူးလဲထလိုက်၏။

ပတ်ဝန်းကျင်တွင် မည်သူ့ကိုမျှ မတွေ့ရပါ။ ဖိုးယန်က ပြူးလိုက်သည်။ ထိုလူကို သူ မမြင်လိုက်ရပါ။ သို့သော် စကားသံအရ မည်သူမည်ဝါဖြစ်သည်ကိုမူ သူက သိရှိထားသည် မဟုတ်ပါလား။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာ၏။ ဖိုးယန်ရင်ထဲ၌လေးလံသွား၏။ အရှုးသုံးဖော်ရောက်လာပြီ မဟုတ်ပါလား။ အရှုးလေးက မြေပေါ်လဲကျနေသော ကျင်းဂူ၏အလောင်းကို တွေ့သောအခါ မျက်မှောင် ကြုတ်သွား၏။

"မင်းက ကျင်းဂူကို တကယ်ပဲ သတ်နိုင်လိုက်တာကိုး"

ဟု တအံ့တဩ ရေရွတ်လိုက်၏။ မှန်ပေသည်။ သူတို့သည် ဖိုးယန်အား ငွေပေး၍ ကျင်းဂူအား လုပ်ကြံခိုင်းလိုက်သော်လည်း ဖိုးယန်က ကျင်းဂူအား အနိုင်ရမည်ဟု မထင်ထားပါ။

ဖိုးယန်နှင့်ကျင်းဂူ တိုက်ခိုက်နေစဉ် ဝင်ရောက်တိုက်ခိုက် အနိုင်ယူရန်သာ တွက်ဆထား၏။ ယခု ကျင်းဂူ အသေမြန်သွား၍ သူတို့ တွက်ဆချိန် နောက်ကျသွားခြင်း ဖြစ်ပေသည်။ အရှုးလတ်က ရယ်မောလိုက်၏။

"ကျင်းဂူ သေသွားတော့ ကျုပ်တို့ ပိုသက်သာတာပေါ့ဗျာ"

အရှုးကြီးက ...

"ကဲ ဖိုးယန် ပစ္စည်းပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖုံးယန်မှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ အရှုးလေးက စိတ်မရှည်တော့ပါ။

"ဖုံးယန်၊ ဘယ်မှာလဲပစ္စည်း"

ဖုံးယန်က ...

"ကျုပ်ဆီက လူတစ်ယောက် လုယူသွားတယ်"

"ဘာ"

အရှုးလေးက အော်ဟစ်လိုက်၏။

"မင်းလိမ်တယ်"

ဖုံးယန်က ...

"ကျုပ် ခင်ဗျားတို့ကို မလိမ်ဝံ့ပါဘူး"

အရှုးလေးက ဒေါသထွက်သွား၏။ ဖုံးယန်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ အရှုးလေးက ဟန့်တားလိုက်၏။

"ခဏနေဦး"

အရှုးလေးက ...

"ဒီကောင်ကို အနုနည်းနဲ့ ပြောလို့ရမှာမဟုတ်ဘူး"

အရှုးလတ်က ...

"သူပြောတာ ဖြစ်နိုင်တယ်၊ စောစောက လူတစ်ယောက် ထွက်ပြေးသွားတယ် မဟုတ်လား"

အရှုးလေးက ...

"မင်းခန္ဓာကိုယ်မှာ ရှိသမျှ ထုတ်စမ်း"

ဖုံးယန်က သူ့ကိုယ်ပေါ်မှပစ္စည်းများ ထုတ်ပြလိုက်၏။



အကျီကိုလည်း ချွတ်ပြလိုက်သည်။

"ကျုပ်ပြောတာ ယုံပါ၊ ကျုပ်က ကျင်းဝူကိုရှင်းပြီး ခင်ဗျားတို့ပြောတဲ့ စာရွက်ကိုရှာလို့တွေ့တော့ အဲဒီလူက ရောက်လာပြီး ဖြတ်လု ထွက်ပြေးသွားတာဗျ"

အရှုးလတ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကောင်းပြီ၊ အဲဒီလူ ဘယ်သူလဲ"

ဖုံးယန်က သက်ပြင်းချလိုက်၏။

"အဖြစ်အပျက်က မြန်လွန်းတော့ အဲဒီလူ ဘယ်သူဘယ်ဝါဆိုတာ မသိလိုက်ရဘူး"

အရှုးကြီးက ရယ်မောလိုက်၏။

"ဖုံးယန် မင်းက လိမ်ဝံ့တာကိုး"

ဖုံးယန်က ...

"ကျုပ်မလိမ်"

သူ၏စကား မဆုံးမီ အရှုးလတ်က လက်သီးဖြင့် ထိုးချလိုက်သည်။

'ဝုန်း'

ဖုံးယန်မှာ နောက်သို့ လွင့်စဉ်သွားပြီး သတိလစ်သွားလေတော့သည်။

မည်မျှကြာအောင် သတိလစ်သွားခဲ့သည်မသိပါ။ သူ သတိရလာသောအခါ သူ၏ခေါင်းတစ်ခုလုံး လေးလံနေ၏။

မြင်သမျှ မြင်ကွင်းအားလုံး ပြောင်းပြန်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုံးယန်က မျက်တောင်ပုတ်ခတ်ပြီး ပြန်ကြည့်လိုက်လေသည်။ မြင်ကွင်းက ပြောင်းမသွားပါ။

လောကကြီးသည် သူ့အတွက် ဓောက်ထိုးဖြစ်နေလေသည်။ ထိုစဉ် သူ၏ခြေကျင်းဝတ်မှ ပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရ၏။

ဖုံးယန်က သူ၏ ခြေကျင်းဝတ်ကို ငုံ့ကြည့်လိုက်၏။ ထိုအခါ လောကကြီးက ဓောက်ထိုးမဖြစ်ဘဲ သူကသာ သစ်ပင်တွင် ဓောက်ထိုးချည်နှောင်ခံနေရခြင်း ဖြစ်သည်ကို သိရှိလိုက်ရလေသည်။

"မင်း သတိရလာပြီကိုး"

ဖုံးယန်က အသံလာရာသို့ လှည့်ကြည့်လိုက်၏။

သစ်ပင်ခြေရင်း တစ်နေရာတွင် အရက်ထိုင်သောက်နေသော အရှုးသုံးဖော်ကို တွေ့လိုက်ရလေသည်။

အရှုးလတ်က ဖုံးယန်အနီးသို့ လျှောက်လာ၏။

"ဖုံးယန် ... သိုင်းလောကမှာ ကျုပ်တို့ကို လိမ်ညာဝံ့တဲ့သူ မရှိဘူး၊ ကျုပ်တို့ကို လိမ်ညာတဲ့လူမှန်သမျှ အလွန်ဆိုးရွားတဲ့ ကြမ္မာနဲ့ ရင်ဆိုင်ရလိမ့်မယ်"

ဖုံးယန်က ...

"ကျုပ် ကျုပ် မလိမ်ပါဘူး"

အရှုးလတ်က ...

"မင်း ခန္ဓာကိုယ်မှာ ကျုပ်တို့ ရှာဖွေပြီးပြီ၊ မြေပုံကို မတွေ့ဘူး၊ မင်းဖွက်ထားဖို့ အချိန်မရှိတာလည်း သေချာတယ်၊ ဒီတော့





မင်းဆီက လူတစ်ယောက် လုသွားတယ်ဆိုတာ ကျုပ်ကို ယုံကြည်ပါတယ်"

ဖုံးယန်က ...

"ကျုပ် ခင်ဗျားတို့ကို အမှန်အတိုင်း ပြောပြတာပါ"

အရှုးလတ်က ...

"ဟုတ်တယ် ... ဒါပေမဲ့ အဲဒီလူ ဘယ်သူလဲဆိုတာ မင်းသိကိုသိရမယ်"

ဖုံးယန်က ...

"သူက လျှပ်တစ်ပြက် လုသွားတာဗျ၊ သူ့ကို ကျုပ်မသိဘူး"

'ဖြန်း'

အရှုးလတ်က လက်ပြန်ရိုက်ချလိုက်၏။ ဖုံးယန်၏ခန္ဓာကိုယ်မှာ တစ်ပတ်လည်သွား၏။ အရှုးလတ်က ...

"ပြောစမ်း"

ဖုံးယန် ဘူးခံနေ၏။ အရှုးလတ်နှင့် အရှုးလေးတို့က တစ်ယောက်တစ်လှည့်စီ ဖုံးယန်အား နှိပ်စက်ညှဉ်းပန်းလိုက်သည်။

ဖုံးယန်မှာ တစ်ဖန်ပြန်လည် မေ့မြောသွားလေတော့သည်။

✦

www.burmeseclassic.com

www.burmeseclassic.com



ဖုံးယန်မှာ ဒုတိယအကြိမ် သတိပြန်ရလာ၏။ သူ သတိပြန်ရလာချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း အလွန်အမင်း နာကျင်ကိုက်ခဲနေလေသည်။ ခေါင်းမှာလည်း မူးနောက်နေ၏။

သူသည် အတန်ကြာသည်အထိ စိတ်ကို တည်ငြိမ်မှုရအောင် ပြုလုပ်လိုက်လေသည်။ ပြီးမှ ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ကြည့်လိုက်၏။

သစ်ပင်အောက်တွင် အိပ်ပျော်နေသော အရူးလေးကို တွေ့လိုက်၏။ အရူးကြီးနှင့်အရူးလတ်တို့ကိုမူ မတွေ့ရပါ။ ဖုံးယန်က ပတ်ဝန်းကျင်ကို သေချာစေရန် အကဲခတ်လိုက်သည်။

သူ့အနီးတွင် အိပ်ပျော်နေသော အရူးလေးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါ။

ဖုံးယန် အားတက်သွားသည်။

"ဒါ ငါ့အတွက် အခွင့်အရေးပဲ၊ ဒီအခွင့်အရေးကို ငါရအောင်ယူရမယ်"

သူသည် အတွင်းအားဖြင့် ခန္ဓာကိုယ်တွင်းရှိ သွေးကြောများကို လှည့်ပတ်လိုက်၏။ ထို့နောက် လက်မှကြိုးများကို ပါးစပ်နှင့်ကိုက်ကာ ဖြတ်လိုက်သည်။

သူ၏သွားဖုံးများ မဲ့ရွဲ့ပြီး သွေးများ စို့လာတော့မှပင် ကြိုးကို ဖြည်လိုက်နိုင်လေသည်။

သူက ဓါးတစ်ချက်ကွေးလိုက်ပြီး ခြေထောက်မှ ကြိုးတန်း



ကိုလက်ဖြင့် လှမ်းဆွဲလိုက်၏။

ထို့နောက် သူက ခြေထောက်မှကြိုးများကို စတင်ဖြည်လိုက်သည်။ တစ်ခဏအတွင်း အချုပ်အနှောင်မှ ကင်းလွတ်သွား၏။

ဖုံးယန်မှာ အသက်ပြင်းပြင်း မရှူရဲပါ။ သူသည် ခြေကိုဖော့နင်းပြီး အမှောင်ထုထဲသို့ တိုးဝင်လိုက်သည်။ အတန်ကြာ ဝေးဝေးရောက်မှ ခြေကုန်သုတ်ကာ ပြေးလွှားလိုက်လေသည်။

သစ်ကိုင်း ချုံနွယ်များကြောင့် သူ၏ အဝတ်အစားများ စုတ်ပြဲကုန်ပြီး ဒဏ်ရာများ ရသည်ကိုပင် ဂရုမထားနိုင်ပါ။ အရူးသုံးဖော်လက်မှ အဝေးဆုံးရောက်အောင် အားသွန်ပြေးသွားလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာဖောက်

ဖုံးယန်က မောသွားဟန်ဖြင့် အရက်တစ်ခွက်မော့သောက်လိုက်၏။

နှုတ်ခမ်းမှ ယိုစီးကျလာသော အရက်များကို လက်ခုံဖြင့် သုတ်လိုက်၏။

ပြီးမှ ကျိုကျောက်အား စိုက်ကြည့်ကာ မေးလိုက်၏။

"မင်း နာနာဘာဝတောင်ကြားအကြောင်း ကြားဖူးတယ်မဟုတ်လား"

ကျိုကျောက်က ...

"ကြားဖူးပါတယ်ဗျာ"

ဖုံးယန်က ...

"အရှုံးသုံးဖော်ကို ရှင်းပြီးရင် တို့နှစ်ယောက် အတူတူ နာနာဘာဝတောင်ကြားကို သွားကြမယ်"

ကျိုကျောက်က ...

"နာနာဘာဝတောင်ကြားမြေပုံ မင်းမှာရှိလို့လား၊ မင်းပြောတော့ အလုခံလိုက်ရတယ်ဆို"

ဖုံးယန်က ပြုံးလိုက်၏။





"လုသွားတဲ့လူကို ကျုပ်က ကောင်းကောင်းသိထားပါတယ်ဗျာ"

ကျိုကျောက်၏မျက်လုံးများ အရောင်တစ်ချက် တောက်ပသွားပြီးမှ ပြန်မှိန်သွားသည်။

"ဘယ်သူလဲ"

ဖုံးယန်က လေသံဖြင့် ပြောလိုက်၏။

"ထိချို"

ကျိုကျောက်က ...

"မြေလတ်ပိုင်းသိုင်းသမား ထိချို ဟုတ်လား"

ဖုံးယန်က ...

"သိပ်ဟုတ်တာပေါ့၊ လူမမြင်လိုက်ရပေမယ့် သူ့ရဲ့ စုတ်တံသိုင်းကွက်နဲ့ လေသံကို ကျုပ်က ကောင်းကောင်းမှတ်မိထားတယ်ဗျ"

ကျိုကျောက်က ...

"သိပ်ကောင်းတာပေါ့"

ဖုံးယန်က ...

"မင်းနဲ့ကျုပ် ပူးပေါင်းရင် ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုပါဘူးကွာ"

ကျိုကျောက်က ခေါင်းညိတ်လိုက်သည်။

ထိုစဉ် တံခါးခေါက်သံ ပေါ်ထွက်လာ၏။ ဖုံးယန်က ကျိုကျောက်က ပြုံးပြလိုက်ပြီး တံခါးဆီသို့ လျှောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုံးယန်မှာ မျက်မှောင်ကြုတ်သွား၏။ ကျိုကျောက်၏အပြုံးသည် ပဟေဠိဆန်သလို ခံစားလိုက်ရလေသည်။

ထိုစဉ် ကျိုကျောက်က တံခါးဖွင့်လိုက်၏။

တံခါးဝတွင် လူသုံးယောက် ပေါ်ထွက်လာလေသည်။

ထိုလူသုံးယောက်ကိုတွေ့လိုက်သည်နှင့် ဖုံးယန်၏မျက်နှာမှာမူ ဖြူဖွေးသွားလေသည်။

သူသည် ကျိုကျောက်အား လှမ်းကြည့်လိုက်၏။ သူ၏မျက်လုံးများက မီးထွက်လုမတတ် နီရဲတောက်ပနေလေသည်။

"ထွီး"

ဖုံးယန်က တံတွေးတစ်ချက် ထွေးလိုက်၏။ ထို့နောက် ခံပြင်းသောလေသံဖြင့် ကျိုကျောက်အား လှမ်းပြောလိုက်လေသည်။

"ကျိုကျောက် ... မိတ်ဆွေကိုတောင် ရောင်းစားရက်ပါလား"

သူ၏လေသံတွင် ခံပြင်းခြင်း၊ နာကြည်းခြင်း၊ ရွံမုန်းခြင်းတို့ ရောယှက်ပါဝင်နေလေသည်။

ကျိုကျောက်က ပခုံးကို အသာတွန့်လိုက်၏။

"ငါ့ကိုခွင့်လွှတ်ပါလို့ မပြောတော့ပါဘူး"

ဖုံးယန်က နှာခေါင်းရှုံ့လိုက်၏။

"မင်းကို ကျုပ် ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး"

ဟု အော်ဟစ်ပြောလိုက်၏။ ကျိုကျောက်က ...

"မင်းတောင် အရှုံးသုံးဖော်ကို ရင်မဆိုင်ဝံ့တာ၊ ကျုပ်လည်း



ဘယ်ရင်ဆိုင်ဝံ့မှာလဲ၊ သူတို့က လွန်ခဲ့တဲ့ နှစ်ရက်ကတည်းက ကျုပ်ဆီကို ကြိုပြီး ရောက်နေခဲ့တယ်ဗျ"

ဖုံးယန်က အံကြိတ်လိုက်၏။ အရှုံးကြီး ရယ်မောလိုက်၏။

"ဟား ဟား ဟား"

"မင်း ကျုပ်တို့လက်က ပြေးမလွတ်ပါဘူး"

ကျိုကျောက်က ...

"ကဲ ... ခင်ဗျားတို့ကိစ္စ မြန်မြန်ရှင်းကြပါ"

ဟုပြောပြီး အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

✦

ဖုံးယန်မှာ အံကြိတ်ထားသည်။

အခန်းတံခါး ပြန်ပိတ်သွားပြီဖြစ်၏။ အခန်းတွင်း၌ အရှုံးသုံးဖော်က သူ့ထံသို့ တရွေ့ရွေ့နှင့် လျှောက်လာနေ၏။

အခန်းမှာ လုံလှသည်။ တံခါးပေါက်တစ်ခုမှလွဲ၍ အခြားတံခါးမရှိပါ။ ထိုတံခါးမှာလည်း ပိတ်သွားချေပြီ။

သူ ပြေးရန်လမ်း မရှိတော့ပါ။

သေခြင်းတရားကို သူက ခံစားလိုက်ရလေသည်။

သူ၏ဘဝတစ်သက်တာဝယ် သစ္စာအရှိဆုံးဟု ထင်ထားခဲ့သော တစ်ဦးတည်းသောမိတ်ဆွေ၏ သစ္စာဖောက်မှုကို တမြည့်မြည့်

www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရသည်။

"မင်းကို နောက်ဆုံးတစ်ခွန်းပဲ မေးမယ် ... မြေပုံကို ဘယ်သူယူသွားသလဲ"

ဖုံးယန်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့လိုချင်ရင် ငရဲပြည်ကို လိုက်ယူကြ"

သူသည် ပြောပြီးသည်နှင့် ဓားကို ဆွဲထုတ်ကာတိုက်ခိုက်လိုက်လေတော့သည်။

သူ၏အသက်ရှင်သန်ရန် အခွင့်အလမ်းနည်းပါးနေ၏။

ထို့ကြောင့် သူက သေရမည်ကို တွေးကြောက်မနေတော့ပါ။ ဓားကို တရကြမ်း ဝှေ့ယမ်းကာ အရှုးသုံးဖော်အား တိုက်ခိုက်လိုက်လေသည်။

ဖုံးယန်၏ ပြင်းထန်သော ဓားချက်များကြောင့် အရှုးသုံးဖော်မှာ အနားမကပ်နိုင်ဘဲ ဖြစ်သွား၏။

အရှုးလေးက ဒေါသအလွန်ထွက်သွား၏။

သူသည် ဓားတစ်လက်ဖြင့် ဖုံးယန်အား ပြင်းထန်စွာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

'ခြွမ်း'

မီးပွင့်ကလေးများပင် ထွက်ပေါ်လာ၏။ အရှုးလေးက ဓားကို ဝှေ့ယမ်းကာ ဆက်တိုက် တိုက်ခိုက်လိုက်လေသည်။ အရှုးလတ်ကလည်း ဓားဖြင့် ဝင်၍ တိုက်ခိုက်လိုက်၏။

နှစ်ယောက်နှင့်တစ်ယောက်။





ဖုံးယန်မှာ ကြောက်စိတ် လုံးဝမရှိပါ။ သူ၏ခန္ဓာကိုယ်တွင်းရှိ သွေးကြောများတွင် မုန်းတီးခြင်းတို့ကသာ ပြည့်နှက်နေ၏။

သူ၏ဘဝ တစ်သက်တာအတွင်း အပြင်းအထန်ဆုံး တုံ့ပြန်တိုက်ခိုက်နေ၏။

အရှုးကြီးမှာ နံရံထောင့်တွင် ငြိမ်သက်စွာ ရပ်နေ၏။ အတန်ကြာမှ ...

"နောက်ဆုတ်"

ဟု တစ်ချက်အော်လိုက်ပြီး လက်တစ်ဖက် တိုးဝှေ့ယမ်းလိုက်လေသည်။

'ဗွစ် ဗွစ် ဗွစ်'

လက်နက်ပုန်းများက ပလူပျံထွက်လာ၏။

ဖုံးယန်မှာ ထိတ်လန့်သွားပြီး ဓားကို ဝှေ့ယမ်းကာ လက်နက်ပုန်းများကို ရိုက်ထုတ်လိုက်၏။

သို့သော် များပြားလှသော လက်နက်ပုန်းများကို အကုန်မဖယ်ရှားပစ်နိုင်ပါ။

"အား"

ဖုံးယန်မှာ နာကျင်စွာ အော်ဟစ်ရင်း နောက်သို့ယိုင်သွား၏။

အရှုးလေးက ရလာသောအခွင့်အရေးကို လက်လွှတ်မခံတော့ပါ။ လျှပ်တစ်ပြက် ရှေ့သို့ခုန်ဝင်ကာ ဓားဖြင့် ခုတ်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုံးယန်က ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားလေ၏။ ဓားချက်က သူ၏ခန္ဓာကိုယ်ပေါ် ကျရောက်သွားလေ၏။

'ဝုန်း'

ဖုံးယန်မှာ နောက်သို့ လွင့်စဉ်သွားပြီး နံရံနှင့်တိုက်မိကာ ကြမ်းပေါ် ပြုတ်ကျသွား၏။

ခန္ဓာကိုယ်တစ်ချက်မျှသာ လူးလွန့်နိုင်ပြီး အသက်ပျောက်သွားလေတော့သည်။

✦

အရှုးလတ်ကာ ...

"မင်း သူ့ကို မသတ်သင့်ဘူး"

အရှုးလေးက ...

"သူ့ကို အသက်ရှင်ခွင့်ပေးလို့ ဘယ်ဖြစ်မလဲ"

အရှုးလတ်က ...

"သူသေသွားတော့ ကျုပ်တို့က နာနာဘာဝတောင်ကြား မြေပုံယူထားတဲ့လူကို ဘယ်သိရတော့မှာလဲ"

အရှုးလေးက မဲ့လိုက်၏။

"ဖုံးယန်က မ သေရင်တော့ ကျုပ်တို့ကို ပြောပြမယ်ထင်လို့လား"



ဟု ပြန်မေးလိုက်၏။

အရှုးလတ်မှာ ပါးစပ်ပိတ်သွား၏။

ထို့နောက် ဘာမျှမပြောဘဲ အခန်းတံခါးဖွင့်ကာ ထွက်လာခဲ့လေသည်။

သူတို့ ဧည့်ခန်းသို့ရောက်သောအခါ ကျိုကျောက်အား တွေ့လိုက်ရ၏။

ကျိုကျောက်က ဂါရဝပြုလိုက်၏။ အရှုးသုံးဖော်က ကျိုကျောက်အား အရေးပင်မထားဘဲ ထွက်ခွာသွားကြလေတော့သည်။

ကျိုကျောက်က အရှုးသုံးဖော် နောက်ကျောကို ကြည့်ကာ ပြုံးလိုက်၏။

သူသည် အခန်းတွင်းဝင်ကာ ဖုံးယန်အား သင်္ဂြိုဟ်ရန် စီစဉ်လိုက်လေတော့သည်။

✦

အရှုးသုံးဖော် ...။

အရှုးသုံးဖော်သည် ဖုံးယန်အား သုတ်သင်ပြီး ထွက်လာခဲ့ကြလေသည်။ သုံးယောက်သား ထိပ်တန်းသိုင်း ကျောင်းမှ ထွက်ကာ လမ်းကြားလေးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်လိုက်ကြလေသည်။

အရှုးကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဖုံးယန် သေသွားတော့ ကိစ္စပြတ်ပြီပေါ့"

ဟု မကျေမနပ် ပြောလိုက်၏။

အရှုးလေးက ...

"သူမသေဘဲ ရှင်နေရင်တော့ ဘာထူးမှာလဲ"

"ဘာပဲဖြစ်ဖြစ်"

အရှုးကြီးက ဒေါသဖြင့် အော်ငေါက်ရန် ဟန်ပြင်လိုက်ရင်း ရုတ်တရက် မျက်နှာကြီး ရှုံ့မဲ့ကာ ...

"ငါတော့ ဒုက္ခရောက်ပြီ"

ညည်းတွားရင်း မြေပေါ်လဲကျသွားတော့သည်။

"ဘာဖြစ်တာလဲဗျ"

အရှုးလတ် ကပျာကယာ ဖေးမလိုက်၏။ အရှုးကြီးကား အံ့ဩစရာကောင်းအောင် သေဆုံးနေပြီ ဖြစ်လေသည်။ အရှုးလတ်က ...

"သူသေသွားပြီ ... အဆိပ်မိတာ"

သူလည်း စကားဆုံးသည်နှင့် ဝုန်းခနဲ လဲကျပြီး မလှုပ်မယှက် ဖြစ်သွားတော့သည်။

"ဟာ"

အရှုးလေး မျက်နှာပျက်သွား၏။

"သိုင်းဆရာကျိုကျောက်က ဖုံးယန်နဲ့မြွှားပြီး ငါတို့ကို အဆိပ်နဲ့ လုပ်ကြံလိုက်တာကိုး ... သိကြသေးတာပေါ့"

ကျိုကျောက်နှင့် ရင်ဆိုင်ရန် သိုင်းကျောင်းဘက်သို့လှည့်





ကာ ပြေးသွားသော်လည်း အဆိပ်ကြောင့် လမ်းခုလတ်မှာပင် ဝုန်းခနဲ လဲကျအသက်ပျောက်သွားလေတော့သည်။

✦

ဖုံးယန် သေဆုံးသွားပြီဖြစ်သည်။

အရှုးသုံးဖော်သည်လည်း ကျိုကျောက်အဆိပ်ငွေ့များ အခန်းထဲ၌ လွှတ်ထားသည့်ကိုမသိဘဲ ရှူရှိုက်မိခြင်းကြောင့် သေဆုံးသွားကြပြီဖြစ်လေသည်။

ကျိုကျောက်က ဖုံးယန်နှင့် အရှုးသုံးဖော်အား အကောက်ကြံလိုက်သည်မှာ အကြောင်းရှိပါသည်။

သူကလည်း နာနာဘာဝတောင်ကြားမှ မိစ္ဆာမြူးလိုဏ်ဂူအကြောင်းကို အခြားသိုင်းသမားများနည်းတူ ကြားသိထားပြီး စိတ်ဝင်စားသဖြင့် တိတ်တဆိတ် စုံစမ်းနေသူ ဖြစ်သည်။

မိစ္ဆာမြူးလိုဏ်ဂူနှင့်ပတ်သက်ပြီး အမဲလိုက်မုဆိုးမုချီထံမှ သော့တစ်ချောင်းကို တိယင်းဘက်က ရရှိခဲ့ပြီး လမ်းညွှန်မြေပုံကို ထိချီက ရရှိခဲ့သည်ဟု သတင်းများကြားခဲ့ပြီး ဖြစ်သည်။

ထိချီသည် တိယင်းဘက်ထံမှ တံခါးသော့ကို လိုချင်၍ တိယင်းဘက်နှင့်ရင်းနှီးသည့် ဓားမြန်သိုင်းသမားကျင်းဝူကို နာနာဘာဝ လမ်းညွှန်မြေပုံကို ကူးယူထားသော ပုံတူမြေပုံပေးကာ စည်းရုံးသိမ်း

www.burmeseclassic.com

www.burmeseclassic.com



သွင်းခဲ့သည်။

တိယင်းဘက်ရှိနေသည့် နောက်ကို ကျင်းဂူထံမှ သိရပြီးနောက် ထိချိုက ပုံတူမြေပုံကို ပြန်ရယူဖို့ ကြိုးစားခဲ့သည်။

ကျင်းဂူအား ရင်ဆိုင်ဖို့မလွယ်သဖြင့် အရှုံးသုံးဖော်ကို အကူအညီတောင်းခဲ့သည်။

အရှုံးသုံးဖော်က ကျင်းဂူကို ဒုက္ခပေးဖို့ ဖုံးယန်ကို ငှားရမ်းခဲ့သည်။

ဖုံးယန်က ကျင်းဂူအား အကောက်ကြံလိုက်ချိန်၌ ထိချိုက တိတ်တဆိတ် ရောက်လာပြီး ပုံတူကူးထားသည့်မြေပုံကို ပြန်လည်သိမ်းဆည်းသွားခဲ့သည်။

ယခု ကျင်းဂူ၊ အရှုံးသုံးဖော်၊ ဖုံးယန်တို့အားလုံး သေဆုံးသွားပြီ ဖြစ်သည်။

နာနာဘာဝတောင်ကြားသို့ လမ်းညွှန်မြေပုံအစစ်နှင့် ပုံတူကူးထားသည့် မြေပုံသည်လည်း ထိချို၏လက်ထဲ ပြန်ရောက်သွားချေပြီ။

ထိချိုက ရှောင်တိမ်းနေသော တိယင်းဘက်အကြောင်းကို သိသွားပြီဖြစ်သည်။

ထိချိုက မိစ္ဆာမြူးလိုဏ်ဂူတံခါးသော့ ရရှိထားသည့် တိယင်းဘက်ကို လုပ်ကြံဖို့ ကြိုးစားလိမ့်မည် ဖြစ်သည်။

ထိချိုနောက်သို့လိုက်နိုင်လျှင် နာနာဘာဝတောင်၏ မြေပုံ



နှင့် မိစ္ဆာမြူးလိုဏ်ဂူ၏ တံခါးသော့ကို ရရှိလိမ့်မည် ဖြစ်လေသည်။

ကျိုကျောက်က မည်သူမျှမသိအောင် သူ လျှို့ဝှက်စုံစမ်းထားသည့်သတင်းများကို ဆက်စပ်၍ ထိချိုသည် အလွန်အရေးပါသူ တစ်ဦး ဖြစ်နေပြီဟု နားလည်လိုက်သည်။

ဤတွင် ကျိုကျောက်က ထိချိုနောက်သို့ လိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

✦

နောက်နှစ်ရက် ...။

ကျိုကျောက်က ခရီးထွက်ရန် ပြင်ဆင်လိုက်လေသည်။

သူက ဆားယိစုံအပါအဝင် အားထားရမည့်သူ ငါးယောက်ကို သင်တန်းသားထဲမှ ရွေးချယ်လိုက်သည်။ သင်တန်းကိုလည်း ခေတ္တ ပိတ်ထားလိုက်သည်။

ထို့နောက် ခရီးထွက်ခဲ့လေသည်။ ထိချိုထံသို့ ဦးတည်လိုက်ခြင်း ဖြစ်သည်။ သူက နာနာဘာဝတောင်ကြားမြေပုံကို ရယူဖို့ ဆုံးဖြတ်တော့သည် မဟုတ်ပါလား။

ထိချိုကို လွယ်လွယ်နှင့် ယှဉ်နိုင်မည် မဟုတ်ပါ။

မည်သို့ဆိုစေ သူက ဉာဏ်ပညာကို အသုံးပြုကာ မြေပုံကို ရအောင်ယူမည်ဟု ဆုံးဖြတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တပည့်များအနက် အားထားရသော တပည့်ကြီး ဆားယိစုံအား သူ၏အကြံအစည်များကို တီးတိုးဖွင့်ဟတိုင်ပင်လိုက်လေသည်။

ဆားယိစုံက ...

"ဆရာက မြေပုံရရင် ဘာလုပ်မလို့လဲဟင်"

ကျိုကျောက်က ...

"မိစ္ဆာမြူးလိုဏ်ဂူထဲ ဝင်နိုင်ပြီဆိုရင် ပြိုင်ဘက်ကင်းတဲ့ ပညာရမယ်၊ တစ်သက်စားမကုန်အောင် ချမ်းသာကြွယ်ဝလိမ့်မယ်၊ ငါတို့ကို ဘယ်သူမှ ယှဉ်နိုင်တော့မှာမဟုတ်ဘူးကွာ"

ဆားယိစုံ၏မျက်လုံးများ ဝင်းလက်သွား၏။

"ဒါဆို ကျွန်တော်လည်း ဆရာ့အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်သွားပါ့မယ်"

ကျိုကျောက် ပြုံးလိုက်သည်။ ဆားယိရုံက သူ၏တပည့်များတွင် အတော်ဆုံး ဖြစ်ရုံမျှမက ဉာဏ်နီဉာဏ်နက် အများဆုံးဖြစ်ကြောင်း သိထားလေသည်။

သူသည် ဆားယိစုံအား ကောင်းစွာအသုံးချနိုင်မည်ဟု ယုံကြည်ထားလေတော့သည်။

✦ ✦ ✦





## ဒုတိယအကြိမ်

ခမ်းနားသော အိမ်ဂေဟာကြီးတစ်ခု ...။

ညအမှောင်အား အန်တုကာ မီးများ လင်းထိန်နေအောင်ပင် ထွန်းညှိထားလေသည်။

အိမ်ဂေဟာရှေ့ဝယ် ပန်းဥယျာဉ်တစ်ခုရှိ၏။

ထိုဥယျာဉ်ထဲတွင် ကျောက်ဖြူဖြင့် ပြုလုပ်ထားသော ထိုင်ခုံလေးများရှိ၏။ ထိုကျောက်ဖြူထိုင်ခုံတစ်လုံးပေါ်ဝယ် မိန်းကလေးတစ်ဦးက ထိုင်ကာ အဝေးသို့ ငေးမောနေ၏။

မိန်းကလေးသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ ထိုမိန်းကလေးသည် လရောင်အောက်၌ လှချင်တိုင်း လှနေလေသည်။

ထိုမိန်းကလေးကာ မြစိမ်းသခင်မလေး ဖြစ်ပါသည်။ မြစိမ်းသခင်မလေးမှာ ဒဏ်ရာများ လုံးဝပျောက်ကင်းသွားပြီဖြစ်ပါသည်။

သူမသည် ညအလှတွင် နစ်မျောနေရင်း တစ်ခါက ဆုံခဲ့သော စုမာကြုံးကို သတိရနေမိ၏။

စုမာကြုံး၏ ချောမောလှပသော မျက်နှာကိုလည်း အစဉ်မြင်ယောင်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက စုမာကြီးနှင့် ပြန်လည်ဆုံတွေ့ချင်မိ၏။

သို့သော် ဆုံတွေ့ခွင့်ရှိပါဦးမည်လောဟုလည်း သံသယ ဖြစ်မိလေသည်။

စုမာကြီးမှာ ပြန်လမ်းမရှိသော နာနာဘာဝတောင်ကြားသို့ သွားမည်ကို သူမ သိထားသည်မဟုတ်ပါလော။

မြစိမ်းသခင်မလေးက သက်ပြင်းတစ်ချက် အသာချလိုက်၏။ ထို့နောက် ထိုင်ရာမှ ထလိုက်ပြီး အိမ်ထဲ ပြန်ဝင်လာခဲ့လေသည်။

အခန်းတစ်ခုရှေ့သို့ ရောက်သောအခါ အခန်းထဲမှ စကားသံကို ကြားလိုက်ရ၏။

သူမက မျက်မှောင်ကြုတ်သွား၏။ ချက်ချင်းပင် အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။ အခန်းတွင်း၌ သူမ၏မိခင်နှင့် လူတစ်ယောက် ထိုင်၍ စကားပြောနေသည်ကို တွေ့ရ၏။ ထိုလူအား မြင်သောအခါ သူမက ဝမ်းသာသွားပြီး ...

"ဘာဘကောင်းပါလား၊ ဘယ်တုန်းက ရောက်လာတာလဲ၊ ကျွန်မတောင် မသိဘူး"

ဟု နှုတ်ဆက်လိုက်၏။ ဘာဘကောင်းက ...

"စောစောကပါကွယ်"

မြစိမ်းသခင်မလေးက ...

"စောစောက ဘာဘကောင်းပြောနေတာ ကြားလိုက်တယ်၊ သိုင်းလောကမှာ ဘာတွေထူးခြားနေသလဲ"

ဘာဘကောင်းက ...



"အခုတစ်လော သိုင်းလောကသားတွေ လှုပ်လှုပ်ရွရွဖြစ်နေကြတယ်"

မြစိမ်းသခင်မလေးက ...

"ဘာဖြစ်လို့လဲ"

ဘာဘကောင်းက ...

"နာနာဘာဝတောင်ကြားမြေပုံ ပေါ်ထွက်လာတယ်ဆိုတဲ့ သတင်း ပျံ့နှံ့နေလို့ပဲ"

မြစိမ်းသခင်မလေးက ...

"သတင်းက သေချာလို့လား"

ဘာဘကောင်းက ...

"ဘာဘလဲ့ည်း လိုက်စုံစမ်းနေတုန်းပဲ၊ အခု ဒီသတင်းကို မြစိမ်းဒေဝီကို လာပြောပြတာ"

မြစိမ်းသခင်မလေးက ...

"နာနာဘာဝတောင်ကြားမြေပုံဆိုရင် လူတိုင်းက လိုချင်ကြမှာ သေချာတယ်"

ဘာဘကောင်းက ...

"ဟုတ်တယ်၊ ဒီသတင်းသာမှန်ရင် သိုင်းလောကမှာ သွေးချောင်းစီးတိုက်ပွဲတွေ တစ်ကြိမ်ပြီးတစ်ကြိမ် ဖြစ်လာနိုင်တယ်ကွဲ့"

မြစိမ်းသခင်မလေးက ...

"ဘာဘကောင်းပြောတာ မှန်တယ်၊ ဒီသတင်းက ဘယ်လိုဖြစ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘဘကောင်းက ...

"သတင်းအစအနကို မသိရသေးဘူး၊ လူတွေကြားမှာ အတော်ပျံ့နေပြီ"

မြစိမ်းသခင်မလေးက သက်ပြင်းချလိုက်၏။ ဘဘကောင်းက ...

"မြစိမ်းဒေဝီ ဒီကိစ္စကို ဘယ်လိုထင်သလဲ"

မြစိမ်းဒေဝီက ...

"မပြောတတ်သေးဘူး၊ ဒီသတင်းဟာ အမှန်ပဲဖြစ်ဖြစ်၊ အမှားပဲဖြစ်ဖြစ် ကောင်းကျိုးတော့ ဖြစ်လာမှာ မဟုတ်ဘူး"

ဘဘကောင်းက ...

"ဒါကတော့ အမှန်ပဲ"

မြစိမ်းဒေဝီက ...

"ဒီသတင်းကြောင့် သိုင်းလောကသားတွေ လှုပ်ရှားနေတုန်း ဒုစရိုက်သမားတွေ ခေါင်းပြန်ထောင်လာမှာကို သတိထားရမယ်"

ဘဘကောင်းက ...

"ဟုတ်လိုက်လေ၊ ဒီသတင်းဟာ သိုင်းလောကမငြိမ်မသက်ဖြစ်အောင် ဒုစရိုက်သမားတွေက လွှင့်ထုတ်တာလည်း ဖြစ်နိုင်တယ်"

မြစိမ်းဒေဝီက ခေါင်းညိတ်လိုက်၏။

"ဘာပဲဖြစ်ဖြစ် ဒီသတင်းနောက်ကို လိုက်ရတော့မှာပေါ့"

ဘဘကောင်းက ...





"ဟုတ်ကဲ့ ... ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားရမယ်"

မြစိမ်းဒေဝီက ...

"ရှင်လည်း ရှောင်လင်နဲ့ဂူတန်ကို သွားပြီးအကြောင်းကြားပါ"

ဘဘကောင်းက ...

"ဟုတ်ကဲ့ သိုင်းလောက"

မြစိမ်းဒေဝီက ...

"ကျွန်မရဲ့လူတွေ လွှတ်ပါ့မယ်၊ တကယ်လို့ မြေပုံ အမှန်တကယ်ရှိနေရင် ရအောင်ယူပြီး ဖျက်ဆီးပစ်တာ အကောင်းဆုံးပဲ"

ဘဘကောင်းက ...

"မှန်တယ် ... ဒီမြေပုံရှိနေသရွေ့ လူတွေက လောဘရမ္မက်တွေနဲ့ သွေးထွက်သံယိုတိုက်ပွဲတွေ ပြီးဆုံးမှာမဟုတ်တော့ဘူး"

သူသည် မြစိမ်းဒေဝီအား ဂါရဝပြုလိုက်ပြီး အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွားလေသည်။ မြစိမ်းဒေဝီက သက်ပြင်းချလိုက်၏။

"အင်း ... သိုင်းလောကထဲ မဝင်ချင်ပေမယ့် ပြန်ဝင်ရဦးမှာပါလား"

ဟု ညည်းညူလိုက်၏။ မြစိမ်းသခင်မလေးက ...

"မေမေ့အစား သမီး သိုင်းလောကထဲ သွားပြီး စုံစမ်းပေးပါ့မယ်"

မြစိမ်းဒေဝီက ...

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား သမီးက"

မြစိမ်းသခင်မလေးက ...

"သမီးကို အလစ်တိုက်ခိုက်လို့သာ ခံခဲ့ရတာပါ၊ အခု သမီး အရာရာ သတိရှိနေပါပြီ"

မြစိမ်းဒေဝီက တစ်ချက်စဉ်းစားလိုက်၏။

"ကောင်းပြီလေ ... အရှုပ်အထွေးတွေကြားထဲတော့ မဝင်မိအောင် သတိထားပါ"

မြစိမ်းသခင်မလေးက ...

"ဟုတ်ကဲ့ မေမေ"

မြစိမ်းဒေဝီက ...

"ဒါဆို သွားအနားယူတော့၊ နောက် စောစောခရီးထွက်ပါ"

"သမီးရဲ့ဦးဦးနှစ်ယောက်ကိုလည်း အဖော်ခေါ်သွားပါ"

မြစိမ်းသခင်မလေးက မိခင်အား ဂါရဝပြုကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

✦

မြို့ကလေးတစ်မြို့ ...။

စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ လူတစ်စု ရောက်ရှိလာလေသည်။ ထိုလူစုမှာ ကျိုကျောက်ဦးဆောင်သော လူတစ်စုပင်



ဖြစ်၏။

ကျိုကျောက်တို့သည် ထိချီ၏သတင်းကို ခြေရာခံကာ လိုက်လာခဲ့ခြင်းဖြစ်၏။ ကျိုကျောက်နှင့် ဆားယိစုံတို့က စားသောက်ဆိုင်တွင်းဝင်ကာ စနည်းနာလိုက်၏။ သူတို့ နောက်ကျသွားပြန်ပြီ။

ထိချီသည် မနေ့ကပင် ဤမြို့ကလေးမှ ထွက်ခွာသွားခဲ့ပြီ ဖြစ်ပါသည်။ ဆားယိစုံက ...

"ဆရာ ... ကျွန်တော်တို့ ဆက်လိုက်ကြမလား"

ကျိုကျောက်က သူ၏ငယ်သားများကို တစ်ချက်ကြည့်လိုက်လေ၏။

အားလုံး ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်၏။ ဆက်လိုက်သွားရန် မသင့်ဟုယူဆပြီး အားလုံးကို အနားယူခွင့်ပေးလိုက်လေတော့သည်။

ဆားယိစုံက ...

"ဆရာ ... ကျွန်တော်တို့ ဆက်လိုက်သွားရင် ထိချီကို တွေ့တော့မှာ သေချာတယ်"

ဟု အားမလို အားမရ ပြောလိုက်၏။ ကျိုကျောက်က ပြုံးလိုက်၏။

"ကျုပ်တို့ ဆက်လိုက်သွားရင် ထိချီကို တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး၊ အားလုံးပင်ပန်းနေကြတာ မင်းအမြင်ပဲ မဟုတ်လား"

ဆားယိစုံက သက်ပြင်းချလိုက်၏။ ကျိုကျောက်က ဆားယိစုံ၏ပခုံးကို အသာပုတ်ကာ နှစ်သိမ့်လိုက်လေသည်။

"မလောစမ်းပါနဲ့ ငါ့တပည့်ရာ ... ထိချီ ကျုပ်တို့လက်က

www.burmeseclassic.com

www.burmeseclassic.com



ပြေးမလွတ်စေရပါဘူး”

ဆားယီစုံက …

“ထိချီနဲ့သာ ရင်ဆိုင်တွေ့ပါ၊ ကျွန်တော့်ရဲ့အစွမ်းကို ပြလိုက်ပါ့မယ်”

ကျိုကျောက်က ရယ်မောလိုက်၏။ ထိချီအား ဆားယီစုံက မည်သို့မျှ မယှဉ်နိုင်ကြောင်းကို ထုတ်မပြောတော့ပါ။ တက်ကြွသော စိတ်များကို သည်အတိုင်း ထားသင့်သည် မဟုတ်ပါလား။

ကျိုကျောက်က အားလုံးတည်းခိုရန် အခန်းများ ငှားလိုက်လေ၏။ ထို့နောက် ထိုညအဖို့ စောစီးစွာ အနားယူလိုက်ကြလေတော့သည်။

✦

နောက်တစ်နေ့နံနက် …။

နေမထွက်မီပင် ကျိုကျောက်တို့လူစုက ရွာကလေးတစ်ရွာသို့ ရောက်ရှိလာလေသည်။ ထိုရွာကလေးတွင် စုံစမ်းလိုက်ရာ ထိချီသည် မကြာမီကပင် ထိုရွာကလေးအား ဖြတ်ကျော်သွားသည်ကို သိလိုက်ရသည်။

ဆားယီစုံက ကျိုကျောက်အားကြည့်လိုက်၏။ ကျိုကျောက် ပြုံးလိုက်ပြီး လက်ငှေ့ယမ်းလိုက်လေသည်။ ဆားယီစုံမှာ မြင်းကို





အသော့နှင်ကာ ရှေ့ဆုံးမှ ပြေးထွက်သွားလေတော့သည်။

ကျိုကျောက်တို့လူစုမှာ ပတ်ဝန်းကျင်ကို သတိမပြတ် အကဲခတ်ကာ ရှေ့သို့ ခပ်သွက်သွက် နှင်လာကြသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ညနေစောင်းအချိန်သို့ ရောက်ရှိလာသည်အထိ ထိချီ၏ အရိပ်အယောင်ကိုပင် မမြင်ရပါချေ။ ဆားယီစုံမှာ စိတ်ဓာတ်ကျချင်သလို ဖြစ်သွားသည်။

ထိုစဉ် သူတို့သွားနေသော လမ်းကလေး၏ ညာဘက် တောင်ပေါ်မှ တိုက်ခိုက်သံကို ကြားလိုက်ရသည်။ ကျိုကျောက်က လက်တစ်ဖက် ထောင်လိုက်၏။ အဖွဲ့သားအားလုံး ရပ်တန့်သွား၏။ ကျိုကျောက်က မြင်းပေါ်မှ ဆင်းလိုက်သည်။

“ဆားယီစုံ လိုက်ခဲ့”

ဟုခေါ်ကာ တောင်ပေါ်သို့ ပြေးတက်သွား၏။ ဆားယီစုံကလည်း ဆရာဖြစ်သူနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

✦

ကျိုကျောက်နှင့် ဆားယီစုံတို့မှာ သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူကာ တောင်ပေါ်သို့ တက်လာခဲ့ကြ၏။ တောင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခါနီး လေတိုက်ခတ်သံကို ပို၍ ကျယ်လောင်စွာ ကြားလိုက်ရလေသည်။

အတန်ကြာတက်မိပြီးနောက် တောင်ထိပ်ပေါ်သို့ ရောက်ရှိလာကြလေသည်။ ကျိုကျောက်နှင့် ဆားယိစုံတို့က သစ်ပင်ချုံနွယ်များကြားမှ အသာချောင်းကြည့်လိုက်သည်။

သူတို့၏ရှေ့ ဝါးသုံးရိုက်စန့်အကွာတွင် အသေအလဲ တိုက်ခိုက်နေသော တိုက်ပွဲတစ်ခုကို တွေ့လိုက်ရသည်။

အနက်ရောင်ဝတ်စုံ ဆင်တူဝတ်ထားသူနှစ်ယောက်နှင့် အပြာရောင်ဝတ်စုံနှင့် လူတစ်ယောက်တို့ တိုက်ခိုက်နေခြင်း ဖြစ်သည်။

အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်မှာ နာမည်ကျော်လမ်းဓားပြ ပင့်ကူညီနောင် ဖြစ်သည်။

သူတို့နှင့် တိုက်ခိုက်နေသူမှာ ထိချိုပင် ဖြစ်ပါသည်။

ကျိုကျောက်နှင့် ဆားယိစုံတို့မှာ ပင့်ကူညီနောင်၏အစွမ်းကို ကောင်းစွာ ကြားဖူးထားသည်။ သူတို့နှစ်ဦး၏ အတွဲညီလှသော ဓားကွက်အောက်တွင် အသက်များစွာ ဆုံးရှုံးခဲ့ပေသည်။

ထိချိုအနေနှင့် ပင့်ကူညီနောင်အား အနိုင်ရမည်မဟုတ်ဟု တွေးထင်မိသည်။ သို့သော် သူ၏အထင်မှာ တက်တက်စင်အောင် လွဲမှားသွားသည်။

ထိချိုသည် ရွှေရောင်စုတ်တံကို အသုံးပြုတိုက်ခိုက်လိုက်ရာ ...

"အား"



ပင့်ကူညီနောင်အနက် တစ်ယောက်၏ လက်မောင်းကို ထိုးစိုက်မိသွားသည်။ ပင့်ကူညီနောင်မှာ ချက်ချင်းပင် နောက်ဆုတ်ရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော် ထိချိုက အလွတ်မပေးပါ။ သူသည် ပင့်ကူညီနောင်ထံ ခုန်ဝင်ကာ တရကြမ်း တိုက်ခိုက်လိုက်ကြလေသည်။ ရွှေရောင်အလင်းတန်းများ လင်းလက်သွားပြီးနောက် ...

"အား"

"အင့်"

နာကျင်စွာ အော်ဟစ်သံနှင့်အတူ ပင့်ကူညီနောင်မှာ မြေပေါ်သို့ လဲကျသွားလေသည်။ ထိချိုမှာ နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

ထို့နောက် သူ၏ရွှေရောင်စုတ်တံကို ခါးကြားတွင် ပြန်ထိုးစိုက်လိုက်သည်။ ပင့်ကူညီနောင်၏အလောင်းကို တစ်ချက်ကန်ကြောက်လိုက်ပြီးနောက် တောင်တစ်ဖက်မှ အောက်သို့ ဆင်းသွားလေတော့သည်။

✦

ကျိုကျောက်က သက်ပြင်းချလိုက်၏။ ဆားယိစုံမှာ ...

"ထိချိုရဲ့သိုင်းပညာဟာ အလွန်ကြောက်စရာကောင်းလှ

www.burmeseclassic.com

www.burmeseclassic.com



ချည်လား"

ဟု ရေရွတ်လိုက်၏။ ကျိုကျောက်က ...

"ဟုတ်တယ် ... ဆယ်နှစ်အတွင်း သူ့ရဲ့သိုင်းပညာဟာ မယုံကြည်နိုင်လောက်အောင် တိုးတက်လာခဲ့တာပဲ"

ဆားယိစုံက ...

"ဒီအတိုင်းဆိုရင် ကျွန်တော်တို့ သူ့ကိုအနိုင်ယူနိုင်ပါ့မလား"

ကျိုကျောက်က ...

"အခုအတိုင်းကတော့ သူနဲ့ရင်ဆိုင်တိုက်ခိုက်ရင် အားလုံး သေကုန်မှာပဲ"

ဆားယိစုံက စိတ်ဓာတ်ကျသွားသည်။ သူသည် ဆရာဖြစ်သူအား မော့ကြည့်လိုက်၏။ ကျိုကျောက်က ...

"ကျုပ်လည်း သူ့ကို သိုင်းကွက်နှစ်ရာလောက်အထိတော့ ယှဉ်နိုင်မယ်"

ဆားယိစုံက ...

"သိုင်းကွက်နှစ်ရာကျော်ရင်ကော"

ကျိုကျောက်က ...

"သူပဲအနိုင်ရသွားနိုင်တယ်"

ဆားယိစုံက ...

"ဒါဆို ကျွန်တော်တို့ မြေပုံမရနိုင်တော့ဘူးပေါ့"

ကျိုကျောက်က ...

"ရအောင်ယူရင် ရမှာပေါ့"





ဆားယိစုံက ...

"သူ့ကို ကျွန်တော်တို့မှ အနိုင်မရနိုင်ဘဲနဲ့ ဘယ်လိုလုပ် မြေပုံရမှာလဲ"

ကျိုကျောက်က ပြုံး၍ ဆားယိစုံ၏ခေါင်းကို လက်ညှိုးဖြင့် အသာထိုးလိုက်၏။

"လက်ရုံးရည်နှင့်မနိုင်ရင် နှလုံးရည်နဲ့ အနိုင်ယူရမယ်၊ မင်းကသာ ကျုပ်ပြောတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာရင် ထိချိုဆိက မြေပုံဟာ ကျုပ်တို့လက်ထဲ အလွယ်တကူ ရောက်လာမှာပဲ"

ဆားယိစုံ၏မျက်လုံးမှာ တောက်ပသွား၏။

"ဆရာ့မှာအကြံရှိလို့လား"

ကျိုကျောက်က ဘာမျှမပြောတော့ဘဲ တောင်အောက်သို့ ပြန်ဆင်းသွားလေတော့သည်။

✦

ည ...။

တည်းခိုခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။ အားလုံး အိပ်မောကျနေပြီဖြစ်၏။ သို့သော် အခန်းတစ်ခုမှာမူ မီးလင်းနေဆဲပင်။ အခန်းထဲ၌ ကျိုကျောက်နှင့် ဆားယိစုံတို့ ထိုင်ကာ စကားပြောနေကြ၏။

ကျိုကျောက်က စကားစသတ်လိုက်ပြီး အရက်အိုးကိုသူက

www.burmeseclassic.com

www.burmeseclassic.com



မော့ချလိုက်လေသည်။ ဆားယိစုံမှာ တွေဝေနေ၏။

အတန်ကြာမှ ...

"ဒီအတိုင်းဆိုရင် သူတို့အားလုံး သေကုန်မှာပေါ့"

ဟု ပြောလိုက်၏။ ကျိုကျောက်က ...

"မြေပုံအတွက် အရင်းအနှီးပဲပေါ့"

ဆားယိစုံ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။ ဆရာ ဖြစ်သူ ကျို့ကျောင်းသည် အလွန်ကြောက်စရာကောင်းသည်ဟု ခံစားလိုက်ရ၏။

သူ့အတွက်လည်း အန္တရာယ်ကြီးလှ၏။ သို့သော် အစီအစဉ်က ကောင်းမွန်လှသည်။ ဆားယိစုံ၏ရင်ထဲ ထင့်ခံနဲ ဖြစ်သွား၏။

"တကယ်လို့ အစီအစဉ် အောင်မြင်ရင်ကော ဆရာက ငါ့ကို ချမ်းသာပေးမှာလား"

ထိုစဉ် ကျိုကျောက်၏အသံ ထွက်ပေါ်လာ၏။

"ဘာတွေ စဉ်းစားနေတာလဲ ငါ့တပည့်"

ဆားယိစုံက ...

"ဆရာ့အစီအစဉ်ကို တွေးကြည့်နေတာပါ"

ကျိုကျောက်က

"ဟာကွက်များ တွေ့လို့လား"

ဆားယိစုံ ခေါင်းခါလိုက်သည်။

"မတွေ့ပါဘူး၊ အင်မတန် ပိရိသေသပ်လွန်းပါတယ်"

ကျိုကျောက်က ဝင့်ကြွားစွာ ပြုံးလိုက်၏။



"အဓိကအရေးကြီးတာက မင်း တစ်ကွက်မမှားရအောင် သရုပ်ဆောင်နိုင်ရမယ်"

ဆားယိစုံ ရင်ကိုကော့လိုက်၏။

"စိတ်ချပါ ... ထိရှိုဟာ ကျွန်တော့်လက်ချက်နဲ့ သေကို သေစေရမယ်"

"ဟား ဟား ဟား"

ကျိုကျောက်က သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

✦

နောက်နှစ်ရက်အကြာ ...။

စမ်းချောင်းလေးတစ်ခု၊ ကြည်လင်သောစမ်းရေသည် ညင်သာစွာ စီးဆင်းနေလေသည်။ ကျေးငှက်သာရကာများကလည်း ဘာသာဘာဝ တေးသီဆိုနေကြ၏။

ထိုစဉ် သစ်ကိုင်းခြောက်နင်းသံတစ်ချက် ထွက်ပေါ်လာလေသည်။

'ဖြောက်'

အသံနှင့်အတူပင် စမ်းချောင်းကလေးအနီးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။ ထိုလူမှာ ထိရှိုပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိချီ၏ အပြာရောင်ဝတ်စုံမှာ ဖုန်အလိမ်းလိမ်းတက်နေပြီး မူလအရောင်ပင် ပျောက်ချင်နေ၏။

ထိချီမှာ ကြည်လင်လှသော စမ်းချောင်းကလေးအား တွေ့သောအခါ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွား၏။ စမ်းချောင်းကလေး အနီးသို့ လျှောက်လာကာ ဒူးထောက်ထိုင်ချလိုက်ပြီး ရေကို လက်ခုပ်နှင့် ခပ်ကာ သောက်လိုက်သည်။

ထို့နောက် မျက်နှာသစ်လိုက်လေသည်။ အေးမြသော ရေ၏ အထိအတွေ့ကြောင့် သူ၏စိတ်မှာ လန်းဆန်းသွားသလို ခံစားလိုက်ရလေသည်။

ထိုစဉ် သူ၏မျက်မှောင်က ကြုတ်သွား၏။ စမ်းရေမှာ ကြည်လင်နေသဖြင့် မှန်သဖွယ် ဖြစ်နေ၏။ စမ်းရေထဲမှာ မြင်ရသော သစ်ပင်ပေါ်တွင် လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်မဟုတ်ပါလော။

အန္တရာယ်၏ စေ့ဆော်မှုကို ခံစားလိုက်ရ၏။ ချက်ချင်း မြေပေါ်လိမ့်ထွက်လိုက်၏။

'ဗွစ် ဗွစ် ဗွစ်'

ဟူသောအသံနှင့်အတူ လှံတို့ သုံးလေးလက်ခန့်က မူလ သူရှိနေသော နေရာမြေပြင်ဆီသို့ စိုက်ဝင်သွားလေသည်။ ထိချီက ချက်ချင်း ထရပ်လိုက်သည်။

သူ့လက်တွင်းသို့လည်း ရွှေရောင်စုတ်တံက အသင့်ပါရှိလာလေသည်။ သစ်ပင်ပေါ်မှ လူခြောက်ယောက်ခန့် ဆင်းလာကြသည်။ အားလုံး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး မျက်နှာဖုံးများ စွပ်





ထားကြပေသည်။

ထိချီက မဲ့လိုက်သည်။ သူသည် တိုက်ပွဲဝင်ရန် အသင့်ပြင်လိုက်သည်။ ထိုစဉ် ဝတ်စုံနက်များက ထိချီအား ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ထိချီပြုံးသွားလေသည်။ ထိုဝတ်စုံနက်များ၏ သိုင်းပညာကို သူ ဂရုစိုက်စရာမလိုကြောင်း သိလိုက်၍ဖြစ်သည်။ ထိုစဉ်မှာပင်...

"မင်းတို့ တယ်လည်းသောင်းကျန်းပါလား"

အသံနှင့်အတူ လူရိပ်တစ်ရိပ် ပြေးဝင်လာပြီး ဝတ်စုံနက်များအား တရကြမ်းတိုက်ခိုက်လိုက်လေသည်။ ဝင်လာသူမှာ လူရွယ် တစ်ယောက်ပင် ဖြစ်သည်။

လူရွယ်က တိုက်ခိုက်လာသောအခါ ဝတ်စုံနက်များ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ လူရွယ်၏ ဓားချက်က သွက်လက်လှ၏။

ငေးကြောင်နေသော ဝတ်စုံနက်များမှာ လူရွယ်၏ဓားချက်ကို မရှောင်တိမ်းနိုင်ဘဲ ထိမှန်ကာ သေဆုံးသွားကြလေသည်။ တိုက်ပွဲမှာ တစ်ခဏအတွင်း ပြီးဆုံးသွားလေသည်။

လူရွယ်က ဓားကို ပြန်သိမ်းလိုက်သည်။ ထို့နောက် ထိချီအား ဒူးထောက်ကာ ဂါရဝပြုလိုက်သည်။

"ဆရာကြီးထိချီကို ဂါရဝပြုပါတယ် ခင်ဗျာ"

လူရွယ်က တလေးတစား ဂါရဝပြုလိုက်ပြီး ...

"အခုတစ်လော လမ်းဓားပြတွေ သောင်းကျန်းနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကိုတောင်မှ အန္တရာယ်ပြုဝံ့တယ်"

ဟု မကျေမနပ်ပြောလိုက်သည်။ ထိချီက ပြုံးလိုက်သည်။

"မင်းက ကျုပ်ကိုသိလို့လား"

လူရွယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဆရာကြီးကို ကျွန်တော် ကောင်းကောင်းသိပါတယ်၊ ဆရာကြီးဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက်ပါ"

ထိချီ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က မင်းရဲ့ကျေးဇူးရှင် ... ဟုတ်လား"

လူရွယ်က ...

"ဟုတ်ကဲ့ ... ကျွန်တော်ဟာ ဆရာကြီးကို အားကျပြီး သိုင်းပညာ လေ့ကျင့်ခဲ့တာပါ၊ ယူကျန်းနယ်မှာ ဆရာကြီးကို အားမကျတဲ့သူ ဘယ်သူရှိမှာလဲ"

ထိချီက သဘောကျစွာ ပြုံးလိုက်သည်။ ယူကျန်းနယ်သည် သူ၏ မွေးရာဇာတိနယ်မြေပင် ဖြစ်သည်။ ထိချီက လူရွယ်အား စိုက်ကြည့်လိုက်ပြီး ...

"မင်းက ယူကျန်နယ်သားပဲလား"

လူရွယ်က ...

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည်က ကျန်းကူးပါ ခင်ဗျာ"

ထိချီက ...

"ဒီကနေ့ မင်းကူညီတာ ကျေးဇူးပဲ၊ ကဲ နောင်ပြန်တွေ့ကြသေးတာပေါ့"



ဟုပြောပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ ကျန်းကူးက ...

"ခဏနေပါဦး ဆရာကြီး"

ထိချီက ...

"မင်း ဘာပြောစရာရှိလို့လဲ"

ကျန်းကူးက ...

"ကျွန်တော် ငယ်ငယ်ကတည်းက ဆရာကြီးနဲ့တွေ့ချင်ခဲ့တာပါ။ အခုလိုကြုံကြိုက်တဲ့အခါမှာ ဆရာကြီးနောက်ပါးက ဝတ်ကြီးဝတ်ငယ် ပြုစုရင်း လိုက်ပါရစေ ခင်ဗျာ"

ထိချီက သက်ပြင်းချလိုက်သည်။

"ကျုပ်က ခရီးကြမ်းတွေ သွားရဦးမယ်"

ကျန်းကူးက ...

"ကျွန်တော် မမှုပါဘူး ခင်ဗျာ၊ ဆရာကြီးနောက်က လိုက်ခွင့်ရရင်ပဲ၊ ယူကျန်းနယ်မှာ မျက်နှာပွင့်ရမှာ သေချာပါတယ်"

ထိချီက သဘောကျစွာ ရယ်မောလိုက်သည်။ လူရွယ်၏ စကားကြောင့် သူသည် ဘဝင်လည်း အနည်းငယ် မြင့်သွားမိလေသည်။ ထိချီက လူရွယ်အား သေချာစွာ အကဲခတ်လိုက်၏။

"အင်း ... ဒီလူရွယ်ရဲ့ ခန္ဓာကိုယ်အချိုးအဆစ်တွေက သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာနိုင်တယ်၊ ငါ လက်ခံထားလိုက်မှပဲ"

ထိချီက ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... မင်းက ဒုက္ခခံနိုင်မယ်ဆိုရင်တော့ ကျုပ်နောက်က လိုက်ခဲ့ပါ"

ကျွန်းကူး၏မျက်နှာ ဝင်းလက်သွား၏။ သူသည် ချက်ချင်းဒူးထောက် ဂါရဝပြုလိုက်လေတော့သည်။

✦

ရွှေကျားဂေဟာ ...။

ညအမှောင်ထုအောက်ဝယ် ရွှေကျားဂေဟာသည် ထီးထီးတည်ရှိနေ၏။

'ဒေါင် ဒေါင်'

တုံးခေါက်သံနှစ်ချက် ပေါ်ထွက်လာ၏။ ဂေဟာဝင်းတံခါးရှေ့တွင် စောင့်ကြပ်နေသော အစောင့်မှာ တစ်ချက်သမ်းဝေလိုက်၏။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။ အရာရာသည် ပကတိအတိုင်း တိတ်ဆိတ်ငြိမ်သက်လျက်ပင်ရှိနေလေသည်။

အစောင့်က လက်ထဲမှ လှံရှည်ကို နံရံတွင် အသာမှီထောင်လိုက်၏။ ထို့နောက် သူသည် နံရံကိုမှီကာ ထိုင်လိုက်၏။ မကြာမီ အိပ်ပျော်သွားလေတော့သည်။





ထိုစဉ်မှာပင် ပေါ့ပါးညင်သာသော ခြေသံများ ထွက်ပေါ်လာ၏။ လူရိပ်လေးငါးရိပ်က ရုတ်ခြည်းပင် တံခါးစောင့်အနီးသို့ ရောက်ရှိလာလေသည်။

တံခါးစောင့်မှာ အိပ်ငိုက်ရာမှ လန့်နိုးသွား၏။ ရန်သူအားအနီးကပ် တွေ့လိုက်သောအခါ မှင်တက်မိသွား၏။ ချက်ချင်းဆိုသလိုပင် သတိဝင်လာပြီး အော်ဟစ်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် အလွန်နောက်ကျသွားပြီဖြစ်၏။ ရန်သူ၏လက်က ဝှေ့ယမ်းသွား၏။

"အင့်"

အစောင့်မှာ မသဲမကွဲ တစ်ချက်ညည်းညူလိုက်နိုင်ပြီး လဲကျသွားလေသည်။ လူရိပ်များက တံခါးစောင့်အား ဖြတ်ကျော်ကာ ဂေဟာအတွင်းသို့ ဝင်လာကြလေသည်။

သူတို့၏ လှုပ်ရှားမှုများက ပေါ့ပါးသွက်လက်လှသဖြင့် ထိပ်တန်းသိုင်းသမားများ ဖြစ်ကြောင်း သိသာလှပေသည်။ စုစုပေါင်း ငါးယောက်။

လူငါးယောက်သည် ရွှေကျားဂေဟာအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာကြလေသည်။ သူတို့က တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် ဝင်လာခဲ့ကြရာ အခန်းတစ်ခုသို့ ရောက်ရှိလာကြ၏။

အခန်းတွင်းရှိ ခုတင်ပေါ်ဝယ် လူတစ်ယောက် အိပ်နေသည်ကို တွေ့လိုက်ရလေသည်။ လူငါးယောက်က တစ်ယောက်နှင့်တစ်ယောက် အချက်ပြပြီး ခုတင်သို့ အသာချဉ်းကပ်သွားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခုတင်ပေါ်မှ လူက ခုန်ထလိုက်၏။ လူငါးယောက်တို့ခမျာ ရပ်တန့်သွားလေသည်။ ခုတင်ပေါ်မှ လူသည် ရွှေကျားဂေဟာသခင် ကွမ်းကြိုး ဖြစ်ပါသည်။

ကွမ်းကြိုးက မဲ့လိုက်ပြီး အခန်းတွင်းသို့ ဝင်လာသော လူငါးယောက်အား ကြည့်လိုက်၏။ လူငါးယောက်စလုံး မျက်နှာကို ပဝါနှင့် စည်းနှောင်ကာ ဖုံးကွယ်ထားကြ၏။

ကွမ်းကြိုးက ...

"မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ရွှေကျားဂေဟာထဲ ကျူးကျော်ဝင်ရောက်လာတာလဲ"

လူငါးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသောသူက

"ကျုပ်တို့ ဘာကြောင့်ရောက်လာရတယ်ဆိုတာကို ခင်ဗျား သိမှာပေါ့"

ကွမ်းကြိုးက မျက်မှောင်ကြုတ်သွား၏။

"မင်းတို့က သူခိုးတွေလား"

ထိုလူမှာ ဒေါသထွက်သွား၏။

"ကွမ်းကြိုး ... မင်း စကားကြည့်ပြောပါ"

ဟု အော်ငေါက်လိုက်၏။ ကွမ်းကြိုးက မျက်မှောင်ကြုတ်သွား၏။ ထိုအသံကို သူသိသည် မဟုတ်ပါလော။

"လက်စသတ်တော့ လွှေခုံးကိုး၊ မင်းက ဘာကိစ္စနဲ့ ကျုပ်ဆီကို ခိုးကြောင်ခိုးဝှက် ရောက်လာရတာလဲ"

လွှေခုံးက မျက်နှာမှ ပဝါကို ဆွဲဖြုတ်လိုက်၏။



"ခင်ဗျားသိသွားမှတော့ ရှင်းရှင်းပဲပြောမယ်၊ နာနာဘာဝတောင်ကြားမြေပုံ ထုတ်ပေးပါ"

ကွမ်းကြိုး မျက်မှောင်ပိုကြုတ်သွား၏။

"လွှေခုံး ... မင်း ဘာတွေပြောနေတာလဲဗျ"

လေခုံးက မဲ့လိုက်၏။

"ကွမ်းကြိုး ... မင်း မသိချင်ယောင် ဆောင်မနေပါနဲ့၊ နာနာဘာဝတောင်ကြားမြေပုံ ထုတ်ပေးပါ"

ကွမ်းကြိုးက သက်ပြင်းချလိုက်၏။

"မင်းတို့မှားနေပြီ ... ကျုပ်ဆီမှာ နာနာဘာဝတောင်ကြားမြေပုံ မရှိဘူးဗျ"

လွှေခုံးက အေးစက်စွာ ရယ်မောလိုက်၏။

"ကွမ်းကြိုး ... မင်းက လိမ်ညာချင်တာကိုး"

ကွမ်းကြိုးက ဒေါသထွက်သွား၏။

"လွှေခုံး ... ကျုပ်က မင်းတို့ကို ကြောက်နေတယ် မထင်နဲ့၊ မင်းတို့ပြောတဲ့ မြေပုံ ကျုပ်ဆီမှာမရှိဘူး၊ အေး ရှိခဲ့ရင်လည်း မင်းတို့ကို ပေးမယ်မထင်နဲ့"

ဟု ပြတ်သားစွာ ပြောလိုက်၏။ လွှေခုံး၏မျက်နှာမှာ တင်းမာ ခက်ထန်သွားလေသည်။ သူသည် ဓားကို ဆွဲထုတ်လိုက်၏။

'ခွမ်း'

"မင်းက အေးအေးသက်သာတောင်းတာကို မပေးချင်ဘူး"

ကွမ်းကြိုးက မဲ့လိုက်သည်။ သူသည် အိပ်ရာအောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဓားကို ဆွဲထုတ်လိုက်လေသည်။

"မင်းတို့က ကျုပ်ဂေဟာထဲ ကျူးကျော်ဝင်လာပြီး ကျုပ်ကို စော်ကားချင်ကြတာကိုး၊ ကျုပ်က ဘယ်တော့မှ ခွင့်မလွှတ်ဘူးဗျ"

လွှေခုံးက ...

"ကွမ်းကြုံး ... ကျုပ် နောက်ဆုံးတစ်ခွန်းမေးမယ်၊ နာနာ ဘာဝတောင်ကြားမြေပုံ ထုတ်ပေးမလား၊ မပေးဘူးလား"

ဟု အေးစက်စွာ ပြောလိုက်လေသည်။ ကွမ်းကြုံးက ရယ်မောလိုက်၏။

"မရှိတဲ့ပစ္စည်းတောင်းလို့ ကျုပ် ဘယ်လိုပေးရမှာလဲ၊ ရှိနေရင်လည်း မပေးဘူးလို့ ကျုပ်ပြောပြီးပြီပဲ"

လွှေခုံး၏မျက်နှာပေါ်ဝယ် လူသတ်လိုသော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

"ကောင်းပြီလေ၊ ခင်ဗျားက ကျုပ်ကို သတ်ချင်ဆောင် ဆွပေးနေတာကိုး"

သူသည် လက်တစ်ဖက်ဝှေ့ယမ်းလိုက်ပြီးနောက် ကွမ်းကြုံးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ ကွမ်းကြုံးကလည်း ဓားကို ဝှေ့ယမ်းကာ တုံ့ပြန်တိုက်ခိုက်လိုက်၏။

'ခြွမ်း ခြွမ်း'

တစ်ခဏချင်း သိုင်းကွက်လေးငါးကွက်မျှ ယှဉ်မိသွား၏။ တစ်ယောက်ကိုတစ်ယောက် ပေါ့ဆစွာ တိုက်ခိုက်၍မရကြောင်း နှစ်ဦးစလုံး နားလည်သဘောပေါက်သွား၏။





ချက်ချင်းပင် နှစ်ယောက်စလုံးက ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြပြန်လေသည်။ ဓားကွက်များက ပြင်းထန်လှ၏။ တစ်ဦးနှင့်တစ်ဦး သဲကြီးမဲကြီး တိုက်ခိုက်လိုက်၏။

သိုင်းကွက် သုံးဆယ်ကျော် တိုက်ခိုက်လိုက်ကြ၏။ မည်သူမျှ အသာမရခဲ့ပါ။ လွှေခုံးမှာ စိတ်ပူလာ၏။ တိုက်ခိုက်သံများကြောင့် ကွမ်းကြုံး၏ ငယ်သားများ ရောက်ရှိလာနိုင်သည် မဟုတ်ပါလား။

ထိုစဉ်မှာပင် ရွှေကျားဂေဟာအတွင်းမှ အချက်ပေး မောင်းသံများ ထွက်ပေါ်လာလေသည်။ ကွမ်းကြုံးက ရယ်မောလိုက်၏။

"ဟား ဟား ဟား"

"လွှေခုံး ... မင်းတို့ ဘယ်မှပြေးလို့ မလွတ်တော့ပါဘူး"

လွှေခုံးက မဲ့လိုက်၏။

"လောလောဆယ် ခင်ဗျားကသာ ပြေးမလွတ်မှာ"

ကွမ်းကြုံးက ...

"မင်းရောက်နေတာ ကျုပ်ရဲ့ ရွှေကျားဂေဟာထဲမှာဆိုတာ သတိပြုဦး"

လွှေခုံးက ...

"အခု လောလောဆယ် ခင်ဗျားက ကျုပ်တို့လက်ထဲရောက်နေတယ်ဆိုတာ သတိပြုဦး"

သူသည် တိုက်ခိုက်နေရင်းမှ သူ၏လူများဘက်သို့ လှည့်ကာ အော်ပြောလိုက်သည်။

"ဟေ့ ... အားလုံး ဝိုင်းတိုက်ပါတော့လား"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးစွပ်များက ချက်ချင်းပင် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာကြလေသည်။ ကွမ်းကြိုး၏ရင်ထဲ၌ လေးလံသွား၏။

လွှေခုံးပြောသလိုပင် သူက အရင်ဒုက္ခရောက်မှာ သေချာသည်မဟုတ်ပါလား။

သူက အံကိုတင်းတင်းကြိတ်ကာ ကြိုးစား၍ ခုခံတိုက်ခိုက်လိုက်လေသည်။ ထိုစဉ် သူ၏ယယ်သားများက အခန်းတွင်းသို့ ပြေးဝင်လာကြပြီး ရန်သူများအား တိုက်ခိုက်ကြလေသည်။

အခြေအနေမှာ အလွန်ရှုပ်ထွေးသွား၏။ တိုက်ခိုက်သံ၊ အော်ဟစ်သံများက ရေပွက်မတတ် ဆူညံနေလေသည်။ ကွမ်းကြိုးအား လွှေခုံးက အလွတ်မပေးဘဲ တိုက်ခိုက်နေ၏။

လွှေခုံးနှင့် အဖော်တစ်ဦးကလည်း ကွမ်းကြိုးအား ချုပ်ကိုင်နိုင်ရန် ကြိုးစားနေကြလေသည်။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာ၏။

နှစ်ဖက်စလုံးမှ အကျအဆုံးများ ရှိလာကြလေသည်။ ထိုစဉ်မှာပင် ...

"အားလုံးရပ်လိုက်ပါ"

ချိုလွင်သော စကားသံ ထွက်ပေါ်လာ၏။ တိုက်ပွဲမှာ ရုတ်ခြည်း ရပ်တန့်သွားလေသည်။ အားလုံးက အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

အခန်းတွင်းသို့ ချောမောလှပနုပျိုသော မိန်းကလေးတစ်ဦး ဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။ သူမ၏နောက်မှ ရုပ်ရည်



ချောင်း အလွန်တူသော လူနှစ်ယောက် လိုက်ပါလာသည်ကို တွေ့လိုက်ရလေသည်။ ကွမ်းကြိုးက မျက်မှောင်ကြုတ်သွား၏။ လွှေခုံးက ...

"မြစိမ်းသခင်မလေးပါလား"

မြစိမ်းသခင်မလေးက ပြုံးလိုက်၏။

"ဟုတ်ပါတယ်၊ ရှင်တို့ ဘာအတွက်နဲ့ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်နေတာလဲရှင့်"

လွှေခုံးက ...

"သခင်မလေးနဲ့ မဆိုင်ဘူးထင်ပါတယ်"

မြစိမ်းသခင်မလေးက ...

"ဆိုင်တာပေါ့ရှင်၊ ရှင်တို့က နာနာဘာဝတောင်ကြားမြေပုံအတွက် တိုက်ခိုက်နေတာ မဟုတ်လား"

ဟု မေးလိုက်၏။ လွှေခုံး မျက်နှာပျက်သွားသည်။ ကွမ်းကြိုး သက်ပြင်းချလိုက်၏။

"လာပြန်ပြီတစ်ယောက်"

ဟု ညည်းညူလိုက်၏။ မြစိမ်းသခင်မလေးက လွှေခုံးဘက် လှည့်လိုက်ပြီး ...

"ရှင် နာနာဘာဝတောင်ကြားမြေပုံ သူ့ဆီကရပြီးပြီလား"

လွှေခုံးက ခေါင်းခါလိုက်၏။

"မရသေးပါဘူး"

မြစိမ်းသခင်မလေးက ...

"ဘယ်ရမလဲရှင့် ... သူ့ဆီမှာ နာနာဘာဝတောင်ကြားမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



မှ မရှိဘဲရှင့်"

"ဟင်"

လွေခုံး၏မျက်လုံး ပြူးကျယ်သွား၏။ ကွမ်းကြိုးက သက်ပြင်းချလိုက်သည်။

"မိန်းကလေး ပြောတာမှန်ပါတယ်၊ ကျုပ်ဆီမှာ ဘာမှမရှိတာ အမှန်ပဲဗျ"

မြစိမ်းသခင်မလေးက ...

"ကျွန်မ ယုံကြည်ပါတယ်ရှင်"

"ကျုပ်ကတော့ မယုံဘူး"

မြစိမ်းသခင်မလေးက လွေခုံးအား စေ့စေ့ကြည့်လိုက်၏။

"ရွှေကျားဂေဟာမှာ မြေပုံရှိတယ်လို့ ရှင့်ကို ဘယ်သူပြောသလဲ"

လွေခုံးပါးစပ်ပိတ်သွား၏။ မြစိမ်းသခင်မလေးက ...

"အမှန်တကယ်တော့ နာနာဘာဝတောင်ကြားမြေပုံကို အကြောင်းပြုပြီး တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်အောင် ဖန်တီးလိုက်တာရှင့်"

ကွမ်းကြိုးက ...

"မိန်းကလေးပြောတာ ဖြစ်နိုင်တယ်"

လွေခုံးက ရယ်မောလိုက်၏။

"သခင်မလေးစကား မှန်တယ်လို့ ဘယ်လိုပြောနိုင်မှာလဲဗျ"

မြစိမ်းသခင်မလေးနောက်မှ အမြွာညီနောင်က ရှေ့သို့





ထွက်လိုက်လေသည်။

"လွေခုံး သခင်မလေးစကားဟာ အမှန်ပဲဆိုတာ လက်မခံဘူးလား"

လွေခုံး မျက်နှာပျက်သွားသည်။

"ကျုပ် ကျုပ်"

မြစိမ်းသခင်မလေးက ...

"ကွမ်းကြိုးဆီမှာ မြေပုံမရှိဘူးဆိုတာ ကျွန်မတာဝန်ယူပါတယ်"

လွေခုံးက သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး"

မြစိမ်းသခင်မလေးက ဟန့်တားလိုက်၏။

"နေပါဦး"

လွေခုံးက ပြန်လှည့်လိုက်၏။

"ဘာများပြောချင်လို့လဲ"

မြစိမ်းသခင်မလေးက ...

"ရွှေကျားဂေဟာမှာ နာနာဘာဝတောင်ကြားမြေပုံရှိတယ်လို့ ရှင်တို့ကို ဘယ်သူသတင်းပေးတယ်ဆိုတာ ပြောခဲ့ပါ"

လွေခုံးက သက်ပြင်းချလိုက်သည်။

"ကျုပ် မပြောပါရစေနဲ့"

မြစိမ်းသခင်မလေးက ...

"မတရားမှုကို ဖော်ထုတ်ဖို့ ရှင်က ကူညီသင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လွေခုံးက ...

"ကျုပ်မပြောနိုင်ပါဘူး"

အမြွာညီနောင်က ချက်ချင်းပင် လွေခုံးရှေ့သို့ ရောက်ရှိလာ၏။

"လွေခုံး၊ သခင်မလေးမေးရင် ဖြေလိုက်တာအကောင်းဆုံးပဲ"

လွေခုံးမှာ သက်ပြင်းချရင်း မျက်နှာပျက်သွားသည်။ အမြွာညီနောင်က ...

"ကဲ ပြောခဲ့ပါ"

လွေခုံးမှာ သက်ပြင်း ထပ်ချလိုက်ပြီး ...

"ဝိကောင်း"

ဟုပြောလိုက်ပြီး ရွှေကျားဂေဟာအတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။ သူ၏အဖော်များကလည်း နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်သွားကြလေတော့သည်။

✦

ရွှေကျား ကွမ်းကြိုးက မြစိမ်းသခင်မလေးတို့အား စားသောက်ဖွယ်ရာများနှင့် ဧည့်ခံလိုက်လေသည်။ ရွှေကျားကွမ်းကြိုးက

"သခင်မလေးတို့ ကြားဝင်လိုက်လို့ပဲ၊ မဟုတ်ရင်တော့



ကျုပ်နဲ့လွေခုံး ဒီကနေ့ တစ်ယောက်ယောက်တော့ သေမှာပဲ"

မြစိမ်းသခင်မလေးက ...

"ဒီကိစ္စဟာ တစ်စုံတစ်ယောက်ရဲ့ ပယောဂဆိုတာ သေချာနေပြီ"

ရွှေကျားကွမ်းကြိုးက ...

"သူတို့က ဘာဖြစ်လို့ မမှန်သတင်းတွေကို လွှင့်ထုတ်နေရတာလဲ"

မြစိမ်းသခင်မလေးက ...

"လူတွေက လောဘရမ္မက် ဖုံးလွှမ်းလာရင် အမှားအမှန် မဆန်းစစ်နိုင်ကြတော့ဘူး၊ တစ်ဦးနဲ့တစ်ဦး အထင်လွဲ တိုက်ခိုက်ကြတဲ့ အခါ သိုင်းလောကရဲ့ စည်းလုံးညီညွတ်မှု ပြိုကွဲလာလိမ့်မယ်"

ကွမ်းကြိုးက ...

"ကျုပ် သဘောပေါက်ပါပြီ၊ ဒီလူတွေရဲ့ အကြံဟာ ကြီးမားလွန်းတယ်"

မြစိမ်းသခင်မလေးက ...

"ဝိကောင်းဆိုတာ ဘယ်သူလဲ"

ကွမ်းကြိုးက ...

"ဝိကောင်းဟာ ဒီကနေ အရှေ့ဘက်မှာရှိတဲ့ မြို့ကလေးမှာ နေထိုင်ပါတယ်၊ သူဟာ အဖြူရောင်သိုင်းသမားတစ်ယောက်ပါပဲ"

မြစိမ်းသခင်မလေးက ...

"သူနဲ့ရှင် ဘယ်တုန်းကများ ပြဿနာတက်ခဲ့ဖူးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြုံးက ခေါင်းခါလိုက်သည်။

"ဝိကောင်းနဲ့ကျုပ်ဟာ ပြဿနာမရှိခဲ့ပါဘူး၊ သူက ဘာကြောင့် ကျုပ်ကို အခုလို ချောက်တွန်းလိုက်ရသလဲဆိုတာ နားမလည်ဘူးဗျ"

အမြွာညီနောင်က ...

"ဝိကောင်းကိုပဲ မေးကြည့်ရမှာပဲပေါ့ဗျာ"

ကွမ်းကြုံးက ...

"ကောင်းပါတယ်၊ ညတွင်းချင်းပဲ သူ့ကို သွားမေးတာ ကောင်းမယ်ဗျ"

မြစိမ်းသခင်မလေးက ခေါင်းညိတ်လိုက်လေသည်။

ပြဿနာတစ်ခုအား စောစီးစွာ ရှင်းနိုင်ခြင်းက အကောင်းဆုံးဖြစ်မယ် မဟုတ်ပါလား။

✦

အရုဏ်ဦးရောင်ခြည် ထွက်ပေါ်လာပြီဖြစ်သည်။ လမ်းမအတိုင်း မြင်းလှည်းတစ်စီးက အရှိန်ပြင်းစွာ မောင်းနှင်လာလေသည်။ မြင်းလှည်းသည် အိမ်တစ်အိမ်ရှေ့သို့ ရောက်သောအခါ တုံ့ခနဲ ရပ်တန့်သွားလေသည်။

မြစိမ်းသခင်မလေးက မြင်းလှည်းလိုက်ကာကို ဖွင့်ကာ





အိမ်ကလေးအား အကဲခတ်ကြည့်လိုက်သည်။ ခြံဝင်းကလေးနှင့် သပ်ရပ်စွာ ဆောက်လုပ်ထားသည်။

အမြွာညီနောင်က မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး အိမ်တံခါးဝသို့ လျှောက်သွားလိုက်၏။ ထို့နောက် တံခါးကို ခေါက်လိုက်လေသည်။

'ဒေါက် ဒေါက် ဒေါက်'

အိမ်တွင်း၌ တုံ့ပြန်သံမရှိပါ။ အမြွာညီနောင်က ထပ်မံခေါက်လိုက်သည်။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ နားကန်းနေသူများပင် ကြားလောက်သည်ဟု မြစိမ်းသခင်မလေးက ဆင်ခြင်လိုက်မိလေသည်။

သို့သော် ဝိကောင်းသည် နားကန်းနေသူထက်ပင် ပိုနေဟန်တူ၏။ အိမ်တွင်းမှ တုံ့ပြန်မှု လုံးဝမရှိပါချေ။ မြစိမ်းသခင်မလေးနှင့် ကွမ်းကြုံးတို့က မြင်းလှည်းပေါ်မှ ဆင်းသွားလိုက်၏။

အမြွာညီနောင်က ...

"ဝိကောင်းမရှိဘူးနဲ့တူတယ်"

ကွမ်းကြုံးက ...

"မဖြစ်နိုင်ဘူး"

မြစိမ်းသခင်မလေးက ...

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးက ...

"ဝီကောင်းက ဘယ်တော့မှ သူ့အိမ်ကနေ အပြင်ထွက်လေ့ မရှိဘူးဗျ"

သူသည် တံခါးကို တွန်းလိုက်၏။

"ကျွီ"

တံခါးမှာ အလွယ်တကူ ပွင့်သွားလေသည်။ မြစိမ်းသခင်မလေးက ...

"ဟင် တံခါးဖွင့်ထားပါလား"

အမြွာညီနောင်က အိမ်ထဲသို့ ရှေ့မှ လှမ်းဝင်သွားသည်။ ထို့နောက် မီးထွန်းညှိလိုက်၏။ မီးရောင်မှာ အခန်းတွင်း လင်းထိန်သွားလေသည်။

အခန်းတွင်း တွေ့လိုက်ရသောမြင်ကွင်းကြောင့် မြစိမ်းသခင်မလေးမှာ ထိတ်လန့်စွာ အော်ဟစ်လိုက်မိလေတော့သည်။

"အောင်မယ်လေး"

ဧည့်ခန်းတွင်းရှိ ကုလားထိုင်ပေါ်တွင် လူတစ်ယောက် ထိုင်နေ၏။ သူ၏ခေါင်းမှာ ငိုက်စိုက်ကျနေ၏။ သူ၏ရင်ဝတွင် ဓားတစ်လက်က ဓားရိုးအထိ စိုက်ဝင်နေသည်ကို တွေ့လိုက်ရ၏။

ကွမ်းကြိုးက ...

"ဒါ ဒါ ဝီကောင်းပဲ"

မြစိမ်းသခင်မလေးက သူမကိုယ်သူမ တည်ငြိမ်အောင် ပြန်ထိန်းလိုက်နိုင်ပြီဖြစ်၏။ သူမသည် ဝီကောင်းအလောင်းကို သေချာ



စွာ အကဲခတ်ကြည့်ရှုလိုက်လေသည်။

စားပွဲပေါ်တွင် အရက်အိုးနှင့်အတူ သောက်လက်စ အရက်ခွက် နှစ်လုံးကိုလည်း တွေ့ရ၏။ မြစိမ်းသခင်မလေးက ...

"ဝီကောင်းကို သူနဲ့ရင်းနှီးတဲ့လူတစ်ယောက်က သတ်သွားတာပဲ"

ကွမ်းကြိုး ...

"ဟုတ်ရဲ့လားဗျာ"

မြစိမ်းသခင်မလေးက ...

"သေချာတယ်ရှင့်၊ လူတစ်ယောက်ကို ရင်ဝကနေ ဓားထိုးသွင်းဖို့ဆိုတာ မထင်မှတ်ဘဲ ထိုးသွင်းမှ ရလိမ့်မယ်၊ ဒီမှာကြည့်၊ တုံ့ပြန်တိုက်ခိုက်ခဲ့တဲ့ လက္ခဏာမရှိဘူး၊ သူဟာ အလစ်လုပ်ကြံခံလိုက်ရတာပဲ"

ကွမ်းကြိုး ခေါင်းညိတ်လိုက်၏။ အမြွာညီနောင်က ဖြည့်စွက်ပြောလိုက်၏။

"ပြီးတော့ သွေးက မခြောက်သေးဘူးဆိုတော့ အသတ်ခံရတာ သိပ်မကြာသေးဘူး"

မြစိမ်းသခင်မလေးက ဧည့်ခန်းတွင်း လှည့်ပတ်ကြည့်ရင်း ကြမ်းပြင်မှ အရာတစ်ခုကို ကောက်ယူလိုက်၏။

"ဒါ ဘာလေးပါလိမ့်"

အားလုံးက မြစိမ်းသခင်လေး၏ လက်ထဲမှအရာအား လှမ်းကြည့်လိုက်ကြသည်။ ကြေးတံဆိပ်ပြားလေးတစ်ပြား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးက မျက်မှောင်ကြုတ်သွား၏။

"ဒီပစ္စည်းကို ကျုပ်မြင်ဖူးသလိုပဲ"

မြစိမ်းသခင်မလေးက ...

"ဘယ်မှာမြင်ဖူးတာလဲ"

ကွမ်းကြိုးက ...

"ခဏနေဦး ... ကျုပ် စဉ်းစားလိုက်ဦးမယ်၊ သိပြီ သိပြီ ... ဒီကြေးတံဆိပ်ပြားဟာ လင်စုကွမ်းရဲ့ အမှတ်အသားပါပဲ"

အားလုံးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း(ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com



www.burmeseclassic.com